# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်  ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ ကြာသပတေးနေ့  အတွဲ (၆၀)၊ အမှတ် (၃၂၀)


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူခဲ့သည့် တွန်း/ဆွဲ ရေယာဉ်သစ်နှစ်စင်း ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာ ဆိပ်ကမ်းသို့ ရောက်ရှိလာမှုကို တွေ့ရစဉ်။

# တရုတ်နိုင်ငံမှ မှာယူခဲ့သည့် တွန်း / ဆွဲရေယာဉ်သစ် နှစ်စင်းရောက်ရှိ

## ရန်ကုန်ဆိပ်ကမ်း ဝင် / ထွက် သွားလာသော သင်္ဘောကြီးများ တွန်း / ဆွဲခြင်းလုပ်ငန်းဆောင်ရွက်မည်

ရန်ကုန် ဩဂုတ် ၁၈

ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်နိုင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Union Resources & Engineering Co.,Ltd. (UREC)ထံ မှာယူခဲ့သော တွန်း/ဆွဲရေယာဉ်သစ်နှစ်စင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းနန်းသီတာ ဆိပ်ကမ်းသို့ ရောက်ရှိကြောင်း သိရသည်။

ဆင်မင်း-၁နှင့် ဆင်မင်း-၂ အမည်ပေးထားသော အဆိုပါ တွန်း/ဆွဲရေယာဉ်နှစ်စင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးဆိပ်ကမ်းမှ ဩဂုတ် ၂ ရက်တွင် ရန်ကုန်မြို့သို့ စတင်ထွက်ခွာခဲ့ပြီး စင်ကာပူနိုင်ငံ၌ ရေယာဉ်ဆီဖြည့်ခြင်းနှင့် ရိက္ခာဖြည့်တင်းခြင်း ဆောင်ရွက်၍ ဆက်လက်မောင်းနှင်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဆိုးတန်း နန်းသီတာဆိပ်ကမ်းသို့ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တွန်း/ဆွဲ ရေယာဉ်သစ်များ တည်ဆောက်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်

*စာမျက်နှာ ၄ ကော်လံ ၁* ❑

## ယနေ့ ဖတ်စရာ


ကောင်းကျိုးပါမှ ပညာရ — စာ - ၁၀

ကိုဗစ်-၁၉ တတိယအကျော့အတွက် အိန္ဒိယ အဆင်သင့်ဖြစ်နေပြီလား — စာ - ၁၄

မြန်မာ့တိုင်းရင်းဆေးပညာအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ နည်းလမ်းများနှင့် ကိုဗစ်-၁၉ ရောဂါအား ကြိုတင်ကာကွယ်ခြင်း — စာ - ၁၆





မြန်မာ့အလင်း

# မျက်မှောက်သမိုင်း သင်ခန်းစာ

အာဖဂန်နစ္စတန်မြေပေါ်တွင် နှစ်ပေါင်း ၂၀ ကြာ တပ်စွဲခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းထွက်ခွာသွားချိန်၌ အာဖဂန်လူ့အဖွဲ့အစည်းမှာ ယိမ်းခါလှုပ်ရှားကျန်ရစ်ခဲ့သည်။ စစ်ရေးအင်အားအပါအဝင် ငွေကြေးအားဖြင့်လည်း ဒေါ်လာဘီလီယံများစွာ သုံးစွဲ၍ ကျားကန်လာခဲ့သည့်တိုင်အောင် အနောက်နိုင်ငံများက ဖြစ်စေလိုခဲ့သည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ခိုင်ခိုင်မာမာ ရောက်မလာခဲ့သော အာဖဂနစ္စတန်မှာ ရုပ်သိမ်းသွားသူတို့၏ လေယာဉ်များ မြေမှမကြွမီမှာပင် ဘာသာရေးအခြေခံ ရှေးရိုးစွဲဝါဒီတို့က ပြန်လည်လွှမ်းမိုးသွားခဲ့ပြီဖြစ်သည်။

“ရှေးရိုးအစဉ်အလာ အစွဲအလမ်းကြီးပြီး မည်သည့်အပြောင်းအလဲကိုမှ စိတ်ဝင်စားမှုမရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုတွင် တားဆီးနေသည့် လူတို့၏ မှားယွင်းသောသဘောထားဖြစ်သည်။ စွမ်းဆောင်လိုစိတ် နည်းပါးခြင်းနှင့် အပြောင်းအလဲကို စိတ်မဝင်စားခြင်းသည် လူ့ဘဝတွင် ရပ်တည်နေရုံထက်ပို၍ မည်သည့်မြင့်မားသော ရည်မှန်းချက်မျှမထားတတ်သော လူတို့၏ စိတ်ဓာတ်ကြောင့်ဖြစ်သည်”ဟု အနောက်တိုင်း နိုင်ငံရေးဘောဂဗေဒပညာရှင်တစ်ဦးက ဆိုသည်။ နိုင်ငံ့အရေးအရာများတွင် ပြည်သူတို့ တက်ကြွစွာပါဝင်မှု အားနည်းခြင်း၊ လူမှုရေးစည်းကမ်းထိန်းသိမ်းမှုအားနည်းခြင်း၊ အစဉ်အလာဓလေ့ထုံးစံနှင့် အစွဲအလမ်းများကို ခံမင်တွယ်တာခြင်း၊ အပြောင်းအလဲကို လက်မခံတတ်ခြင်း၊ ဘဝနှင့်အလုပ်အပေါ်တွင် သဘောထားမမှန်ကန်ခြင်း၊ ဘဝတွင် ကြီးမားသောရည်မှန်းချက် မထားတတ်ခြင်းစသည့် လူတို့၏ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ အကြောင်းတရားများက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည်။ သို့ဖြစ်ရာ လူတစ်ဦးချင်းစီ၏ ဘဝနှင့်အလုပ်အပေါ် သဘောထားမမှန်ကန်ခြင်းနှင့် ဘဝတွင် ကြီးမားသောရည်မှန်းချက် မထားတတ်ခြင်းတို့က ပျင်းရိခြင်း၊ ရောင့်ရဲတတ်ခြင်းနှင့် စွမ်းဆောင်လိုစိတ်အားနည်းခြင်းတို့ကို ဖြစ်စေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပါ ဆက်စပ်သွားစေသည်။

လွန်ခဲ့သည့် နှစ် ၂၀ ကာလကစ၍ အာဖဂန်နစ္စတန်သို့ လာရောက်တပ်စွဲကာ ဒေါ်လာဘီလီယံများစွာ အကုန်အကျခံခဲ့ခြင်းသည် အမေရိကန်နိုင်ငံ၏ လုံခြုံရေးအကျိုးစီးပွားအတွက်သာ ဖြစ်ကြောင်းနှင့် အာဖဂန်နစ္စတန်ကို တိုင်းပြည်ထူထောင်ပေးနေခြင်း မဟုတ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်အစိုးရအတွက် တိုက်ပွဲဝင်ပေးစရာလည်း မလိုကြောင်းတို့ကို အမေရိကန်သမ္မတက ပွင့်ပွင့်လင်းလင်းပင်ပြောကြားပြီး တပ်များကို ရုပ်သိမ်းသွားခြင်းဖြစ်ရာ အာဖဂန်နစ္စတန်အနေဖြင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးကြရတော့မှာဖြစ်သည်။ နိုင်ငံအေးချမ်းတည်ငြိမ်ရေး၊ သာယာဝပြောရေး၊ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများနှင့်လည်း ကိုက်ညီသော၊ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သော လမ်းကြောင်းကို ရွေးချယ်ကာ စည်းလုံးညီညွတ်စွာ ကြိုးပမ်းကြရတော့မှာလည်း ဖြစ်သည်။ သို့ရာတွင် လက်ထဲမှာရှိနေသည့် လက်နက်ခဲယမ်းမီးကျောက်များနှင့် စစ်ယာဉ်ယန္တရားများကို အသုံးပြုကာ ဒေသအသီးသီးတွင် စစ်နယ်ရှင်များအဖြစ်နှင့် ကိုယ်ကျိုးရှာကြလျှင်မူ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်ဝေးစွ၊ ကျဆုံးနိုင်ငံမဖြစ်လျှင်ပင် တော်လှပြီဟု ဆိုရတော့မည်ဖြစ်သည်။

နိုင်ငံတကာမီဒီယာများမှတစ်ဆင့် မိမိတို့ သိမြင်ရသည့် အာဖဂန်နစ္စတန်မှာ အစွလာမ်ရှေးရိုးစွဲလက်နက်ကိုင်များ၊ ဖိနှိပ်ခံအမျိုးသမီးများ၊ ဘိန်းခင်းများနှင့် မူးယစ်ရာဇဝတ်များ၊ အကျင့်ပျက်ခြစားနေကြသည့် ဝန်ထမ်းများနှင့် စွမ်းဆောင်ရည်နည်းပါးလှသည့် အစိုးရအဖွဲ့တို့၏ ပုံရိပ်များက အများစုဖြစ်သည်။ ဒေသအသီးသီးတွင်ရှိနေသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လွှမ်းမိုးမှုအောက်တွင် ရှိနေသော ပြည်သူလူထုကြီးသည်သာ စင်စစ်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အရင်းအမြစ်ဖြစ်သည့်အလျောက် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်၍ ခေါင်းဆောင်နှင့်ပြည်သူတို့ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိကာ နိုင်ငံ၏အရေးအရာများတွင် ပြည်သူများ တစ်တပ်တစ်အား ပါဝင်လာစေရေး ကြိုးပမ်းဆောင်ရွက်နိုင်မှသာ အဆိုးသံသရာမှ ထွက်မြောက်နိုင်မည့် အာဖဂန်နစ္စတန်၏ မျက်မှောက်သမိုင်းသည် သင်ခန်းစာတစ်ရပ်သဖွယ်ပင်ဖြစ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီ ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပ




**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ ပဉ္စမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ(၄)၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက ကိုဗစ်ရောဂါကုသရေး အထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနာယက မြို့တော်ဝန် ဦးဗိုလ်ငွေး(**အပေါ်ပုံ**)၊ လုပ်ငန်းကော်မတီနာယက ဒုတိယမြို့တော်ဝန် ဦးညီညီနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ မြို့တော်ဝန် ဦးဗိုလ်ငွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ အလှူငွေပေးအပ်ပွဲသို့ အလှူရှင် ၇၁ ဦးက Oxygen Regulator လေးလုံးနှင့် ငွေကျပ် ၉၈ သိန်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်- ရန်ကင်း Covid Care Center တွင် ပြည်သူများ အခမဲ့ လာရောက်ကုသနိုင်ရန် ပြင်ဆင်ထားမှုနှင့် အရေးပေါ်ဆက်သွယ်နိုင်သော တယ်လီဖုန်း (Hotline) နံပါတ်များ ထားရှိဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရန်ကင်းမြို့နယ်တွင် ဖွင့်လှစ်ထားသော ရန်ကုန်- ရန်ကင်း Covid Care Center တွင် ပြည်သူများ အခမဲ့ လာရောက်ကုသနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိရာ ပြည်သူများ အခက်အခဲမရှိစေနိုင်ရန် အရေးပေါ်ဆက်သွယ်နိုင်သော (Hotline) တယ်လီဖုန်းနံပါတ်များကို ယမန်နေ့ကစတင်၍ လက်ခံဖြေကြားပေးလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ ဆေးလာရောက်ကုသသော လူနာတစ်ဦးစီတိုင်း အသုံးပြုနိုင်ရန်အတွက် လီတာ ၄၀ အောက်ဆီဂျင်အိုးများထားရှိပေးထားပြီး Oxygen Concentrator အလုံး ၄၀၀ ကျော်ကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထို့ပြင် ကိုယ်ပိုင်အောက်ဆီဂျင်စက်တည်ဆောက်ထားကာ တက်ရောက်ကုသလိုသည့် လူနာများအနေဖြင့် ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်သည့် အရေးပေါ် (Hotline) တယ်လီဖုန်းများလည်း ထားရှိဆောင်ရွက်ပေးထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်- ရန်ကင်း Covid Care Center ကို လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မဟာမိတ်အသင်းငါးဖွဲ့အပါအဝင် စေတနာရှင်များ၏ လှူဒါန်းမှုများနှင့် အခမဲ့ ဖွင့်လှစ်ကုသဆောင်ရွက်ပြီး အစားအသောက်နှင့် ဆေးဝါးများအားလုံးကိုလည်း စင်တာမှအခမဲ့ တာဝန်ယူဆောင်ရွက်ပေးနေကြောင်း၊ လူနာ ၆၀၀ ခန့်ကိုလည်း တစ်ပြိုင်တည်း ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါစင်တာတွင် လာရောက်ကုသလိုသည့် လူနာရှင်များအနေဖြင့် သက်ဆိုင်ရာ ဒေသန္တရမှ ထုတ်ပေးသော ကျန်းမာရေးထောက်ခံချက်ပါရှိရမည်ဖြစ်ပြီး ရောဂါကူးစက်မှု မပျံ့နှံ့စေရန်နှင့် ရောဂါသည်များ လျော့ကျစေရန်အတွက် မဖြစ်မနေ အရေးကြီးသော လူနာများအတွက်သာ လူနာစောင့်တစ်ဦး ထားရှိရမည်ဖြစ်ကြောင်းနှင့် အရေးပေါ်တယ်လီဖုန်း (Hotline) နံပါတ်များဖြစ်သော ဦးအောင်လှိုင်ဦး ၀၉-၄၄၁၉၉၂၄၂၁၊ ဦးသန်းထိုက်ကျော် ၀၉-၄၄၁၉၉၂၇၇၃ နှင့် ဒေါ်ကြည်ပြာဘုန်းမြင့် ၀၉-၄၄၃၅၈၂၄၂၅ တို့ကို ဆက်သွယ်၍ ၂၄ နာရီ အခမဲ့ ဆေးကုသမှု ခံယူနိုင်ကြောင်း သိရသည်။

**စန္ဒာမိုး**

**(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၈ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၄၁ ခုမှ Enoxaparin Injection ၁၂၀၀၀၊ Cryogenic Gas Cylinder ခြောက်ခု၊ Flow Meter အခု ၁၂၅၀၊ Hand Held UVC Dcsinfection Lamp လေးခု၊ N95 Mask ၁၂၁၀၀ kg၊ Nansal Cannula အခု ၁၀၁၀၊ Oximeter အခု ၆၀၀၀၊ Oxygen Concentrator ၁၃၃၂ခု၊ Oxygen Mask ၂၁၀၀ kg၊ Oxygen Concentrator Spare Parts ၁၇၉ခု၊ Spirometer အခု ၂၀၀၀၊ Thermometer အခု၂၀၀၊ UVC Digital Sanitizer နှစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Cylinder အခု ၃၃၆၀၊ Oxygen Inhalator အခု ၂၁၀၀၊ Nasal Cannula အခု ၄၇၀၀၊ Cylinder Valve ၁၃ ခု၊ Oxygen Plant ခြောက်ခု၊ Oxygen Concentrator ၁၅၀၊ Flow Meter ၁၅၀၊ Mask ၄၄၀၀၊ ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၂၃၂၄၄၃ ဒသမ ၈၄၇ kg၊ နယ်စပ် (ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ မူဆယ်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ) တွင် ကုမ္ပဏီ ၂၅ ခုမှ Oxygen Cylinder ၅၄၀၉ ခု၊ Oxygen Concentrator ၉၁၆ ခု၊ Mask ၁၈၆၂၁ kg၊ Liquid Oxygen ၁၅၀၄၈ m³၊ Flow Meter ၂၂၀၀၊ PPE ဝတ်စုံ ၂၀၂၅စုံ၊ Oxygen Plant နှစ်ခု၊ Nasal Cannula ၄၀၀၊ Sodium Chloride Injection ၆၄၀၀၀၊ Disposable Cap ၇၂၃၆ kg၊ Oxygen Regulator ၃၀၁၅ ခု၊ Trolley ၈၄၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## အခြေခံလိုအပ်ချက်

လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာစေဖို့ အခြေခံလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းရေးဆိုရာမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုတွေ လိုအပ်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကို လေးစားလိုက်နာပြီး စည်းကမ်းပြည့်ဝတဲ့ အလေ့အထကောင်းတွေ ရရှိလာစေဖို့ ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် မိန့်ခွန်းပြောကြားချက်မှ ကောက်နုတ်ချက်)**

# အာဆီယံမှ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးမည့်ကိစ္စနှင့် ပတ်သက်သည့် Pledging Conference သို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် Video Conference စနစ်ဖြင့် ကျင်းပသည့် အာဆီယံမှ မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုအကူအညီပေးမည့်ကိစ္စနှင့် ပတ်သက်သည့် Pledging Conference သို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်မှ တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် Video Conference စနစ်ဖြင့် ကျင်းပသည့် အာဆီယံမှ မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးမည့်ကိစ္စနှင့် ပတ်သက်သည့် Pledging Conference သို့ တက်ရောက်စဉ်။

**ဦးဆောင်ကျင်းပ**

ယင်း "Pledging Confer-ence" ကို အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi က အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး H.E. Dato Erywan Pehin Yusof၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Prak Sokhonn၊ အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးH.E. Retno Mar-sudi၊ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Teodoro L. Locsin Jr.၊ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး H.E. Vivian Balakrishnan၊ ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီး H.E. Bui Thanh Son၊ လာအိုနိုင်ငံခြားရေး ဒုတိယဝန်ကြီး H.E. Thongphane Savanphet၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

**အလေးထားမည်ဖြစ်**

အစည်းအဝေး၌ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံခေါင်းဆောင်များ၏ တူညီဆန္ဒ (၅) ချက်၏ စတုတ္ထမြောက်အချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဆီယံ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် မြန်မာနိုင်ငံသို့ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေး ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အဆင့်ဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွက် အာဆီယံ၏ ပထမအဆင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါအတွက် အရေးပေါ်လိုအပ်ချက်များအပေါ် အဓိကထားမည်ဖြစ်ပြီး ဒုတိယအဆင့်သည် ပိုမိုကျယ်ပြန့်သော လူသားချင်း စာနာထောက်ထားမှု လိုအပ်ချက်များကို အလေးထားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ၊ မိတ်ဖက်အဖွဲ့အစည်းများသည် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ရန်အတွက် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ငွေကြေးနှင့် အထောက်အပံ့ပစ္စည်းများ လှူဒါန်းရန် ကတိကဝတ်ပြုရေးအတွက် ဆန္ဒရှိမှုကို ဖော်ပြခဲ့ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံအတွင်းရေးမှူးချုပ် H.E. Dato Lim Jock Hoi အား ယခု "Pledging Conference" ကျင်းပပြုလုပ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တက်ရောက်လာကြသူများကို မြန်မာနိုင်ငံသို့ လှူဒါန်းမှုများနှင့် ကတိကဝတ်များအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၌ ကူးစက်ရောဂါကို ပိုမိုကောင်းမွန်စွာ ဖြေရှင်းနိုင်ရန်အတွက် ကိုဗစ်- ၁၉ ကူးစက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို တည်ထောင်ထားရှိပါကြောင်း၊ မြန်မာနိုင်ငံသည် လက်ရှိအခြေအနေတွင် ပြည်သူများအတွက် အမှန်တကယ် လိုအပ်လျက်ရှိသည့် ကိုဗစ်-၁၉ ကူးစက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့် ဆောင်ရွက်ချက်များ အားလုံးကို ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်လည်း ဆက်လက်ဖြစ်ပွားနေသော ပြည့်တွင်းကူးစက်မှုနှင့် ကူးစက်မှု တိုးမြင့်နေမှုတို့ကို ထိန်းချုပ်ရန်အတွက် ဆေးဝါးများ၊ ဆေးပစ္စည်းများ၊ အထောက်အပံ့များနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်လျက်ရှိကြောင်း။

**အထောက်အပံ့များ လိုအပ်**

ဇူလိုင်လအတွင်း မိုးကြီးမှုများကြောင့် မြန်မာနိုင်ငံ အနိမ့်ပိုင်းဒေသအချို့၌ ရေကြီးမှု ဖြစ်ခဲ့ပြီး နေရာဒေသအချို့မှ ပြည်သူများ ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အထောက်အပံ့များ အရေးကြီးသကဲ့သို့ပင် ထိခိုက် နစ်နာသူများအတွက် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများဖြစ်သည့် အခြေခံလိုအပ်ချက်များ၊ အရေးပေါ် နားခိုရာတဲ၊ ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုများနှင့် လုံလောက်သော ဆေးဝါး အထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း။

**ရှင်းလင်းပြောကြား**

ယခုအစည်းအဝေးရလဒ်များသည် မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် သာမက ရေကြီးမှုတွင် ထိခိုက်နစ်နာသူများအတွက် လိုအပ်ချက်များအတွက်ပါ အကူအညီဖြစ်စေမည်ဖြစ်ကြောင်းနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးရေးအတွက် အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ပို့ဆောင်ခြင်းလုပ်ငန်းများအတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ထားရှိမှုများနှင့် အသင့်ရှိနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

**လှူဒါန်းရန် ကတိပြု**

အစည်းအဝေး၌ ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် နယူးဇီလန်နိုင်ငံတို့မှ ငွေကြေးအထောက်အပံ့အားဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၀၀၀၀၊ ဩစတြေးလျဒေါ်လာ ၅ သန်းနှင့် ယူရို ၃၇၀၀၀၀ကို လှူဒါန်းရန် ကတိပြုခဲ့သည်။ ထို့ပြင် အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့မှ ပစ္စည်းအားဖြင့် ကူညီမည်ဖြစ်ကြောင်း ကတိကဝတ်ပြုခဲ့ကြသည်။ ငွေကြေးနှင့် ပစ္စည်းအထောက်အပံ့များအားလုံးကို အာဆီယံ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာနမှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်သည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ အရာရှိကြီးများလည်း တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်တွင်းဘိလပ်မြေစက်ရုံ ၁၉ ရုံမှ တစ်နှစ်လျှင် ဘိလပ်မြေ တန်ချိန် ခုနစ်သန်းမှ ကိုးသန်းခန့်အထိ ထုတ်လုပ်နိုင်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်အထိ သရက်၊ ကြံခင်း၊ ဘားအံမြို့တို့တွင်သာ ဘိလပ်မြေစက်ရုံများ ရှိခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းဘိလပ်မြေစက်ရုံ စုစုပေါင်း ၁၉ရုံရှိလာပြီဖြစ်၍ တစ်နှစ်လျှင် ဘိလပ်မြေ တန်ချိန် ခုနစ်သန်းမှ ကိုးသန်းခန့်အထိ ထုတ်လုပ်နိုင်သော်လည်း ပြည်ပမှ တစ်နှစ်လျှင် ဘိလပ်မြေ တန်ချိန် တစ်သန်းခန့် တင်သွင်းနေရကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြောကြားသည်။(ယာပုံ)




### တိုးမြှင့်ထုတ်လုပ်

ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန၌ Vitual စနစ်ဖြင့် ကျင်းပသော ပြည်တွင်း၌ ဘိလပ်မြေများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများအတွက် မရှိမဖြစ် လိုအပ်သော ဘိလပ်မြေများကို စွမ်းအင်အသုံးပြုမှု အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက် ရမည့်အပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးစီးပွားများကို ထိခိုက်မှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပြီး အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ချက်များ ပြည့်မီအောင် ထုတ်လုပ်ကြရန် တိုက်တွန်းပါကြောင်း၊ ပြည်တွင်း ဘိလပ်မြေစက်ရုံများအနေဖြင့် စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရေးအတွက် တွေ့ကြုံနေရသည့် အခက်အခဲများ ရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် တက်ရောက်လာသူများက စက်ရုံအလိုက် စံချိန်စံညွှန်းများ သတ်မှတ်ဆောင်ရွက်ထားရှိမှု၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် ဈေးကွက် ဝေစုရရှိမှု၊ စွမ်းအင်လောင်စာနှင့် ပတ်သက်သည့်ကိစ္စ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုအကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်ထားရှိမှုကို အပြန်အလှန် ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။


**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် အကြိမ်(၄၀)မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၈**

အကြိမ်(၄၀)မြောက် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာအဆင့်မြင့်လုပ်ငန်းအဖွဲ့ (40th Meeting of the High-level Task Force on ASEAN Economic Integration - HLTF-EI ) အစည်းအဝေးကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းအောင်ကျော်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် နိုင်ငံအလိုက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေး ဆောင်ရွက်နေမှုများနှင့် ဒေသတွင်း ဖြစ်ပေါ်နေသည့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ လုပ်ငန်းများ အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူစဉ် ၂၀၂၁ ခုနှစ်အတွက် ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းစဉ်များကို အကောင်အထည်ပြီးစီးမှု၊ အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ) လမ်းပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာ၏ အကြံပြုချက်များအပေါ် ကဏ္ဍဆိုင်ရာအလိုက် ဆက်လက်ဆောင်ရွက်ရန်ကိစ္စ၊ စတုတ္ထစက်မှုအသွင်ပြောင်းလဲမှုဆိုင်ရာပေါင်းစည်းမှု မဟာဗျူဟာ ရေးဆွဲချမှတ်ဆောင်ရွက်ရေးအတွက် ညှိနှိုင်းပြီးစီးမှုနှင့် အတည်ပြုနိုင်ရေးကိစ္စ၊ ၂၀၂၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်အတွက် ကြိုတင်ပြင်ဆင်မှုနှင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌ တာဝန်ယူမည့် ကမ္ဘောဒီးယားနိုင်ငံ၏ ကြိုတင်ဆောင်ရွက်ထားရှိမှုများကို ညှိနှိုင်းဆွေးနွေးကြသည်။




အစည်းအဝေး၌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ် ဆေးထိုးခြင်း လုပ်ငန်းများကို အစိုးရက အရှိန်မြှင့်တင်ဆောင်ရွက်နေမှု၊ ပုဂ္ဂလိကကဏ္ဍမှလည်း ကာကွယ်ဆေးထိုးရေး လုပ်ငန်းစဉ်များတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ကိုဗစ်-၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် လိုအပ်သည့် ဆေးနှင့်ဆေးကိရိယာပစ္စည်းများကို လွယ်ကူချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် ( Myanmar Economic Recovery Plan -MERP) ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၏ လုပ်ငန်းများကို မြန်မာနိုင်ငံက လိုက်ပါအကောင်အထည်ဖော်မှုနှင့် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့အနေဖြင့် (၅၃)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ အာဆီယံစီးပွားရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လည်းကောင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ) လမ်းပြမြေပုံ ၂၀၂၅ ကာလလယ် သုံးသပ်ချက် အစီရင်ခံစာပါ အကြံပြုချက်များကို လည်းကောင်း၊ စတုတ္ထစက်မှုအသွင်ပြောင်းလဲမှုဆိုင်ရာ ပေါင်းစည်းမှု မဟာဗျူဟာကို အတည်ပြုရန် ကိစ္စရပ်ကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်အလွန်အတွက် အာဆီယံ၏ မျှော်မှန်းချက် ရေးဆွဲဆောင်ရွက်ရန်အတွက် အကြံပြုချက်များကိုလည်းကောင်း တင်ပြမည်ဖြစ်သည်။

ယင်းအစည်းအဝေးတွင် စင်ကာပူနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E Gabriel Lim က အစည်းအဝေး သဘာပတိအဖြစ်ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အခြေစိုက် Union Resources & Engineering Co.,Ltd.( UREC )က အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၆သန်းဖြင့် တင်ဒါအောင်မြင်ခဲ့ရာ မြန်မာဆိပ်ကမ်း အာဏာပိုင်နှင့် UREC တို့သည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် လုပ်ငန်းစာချုပ်ချုပ်ဆိုခဲ့သည်။

စာချုပ်ပါစည်းကမ်းချက်နှင့်အညီ ရေယာဉ်နှစ်စင်းကို စင်ကာပူအခြေစိုက် Sea Tech Solutions International Pte.,Ltd က တာဝန်ယူရေးဆွဲပေးသည့် ဂျပန်နိုင်ငံ အသိအမှတ်ပြုရေယာဉ်ဒီဇိုင်းဖြင့် ကွမ်ကျိုးပြည်နယ်ရှိ Shunhai Shipyards Ltd က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တွန်းဆွဲရေယာဉ်များသည် အလျား၃၄မီတာ၊ အကျယ် ၁၁ ဒသမ ၆ မီတာ၊ ရေစူး ၄ မီတာရှိပြီး မြင်းကောင်ရေ ၂၅၀၀ ရှိသော ဂျပန်နိုင်ငံထုတ် Yumma အင်ဂျင်နှစ်လုံး တပ်ဆင်ထားကာ တွန်း/ဆွဲ ရေယာဉ်နှစ်စင်း၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ရေမိုင် ၁၂ မိုင်နှုန်းမောင်းနှင်နိုင်သောကြောင့် ရန်ကုန်ဆိပ်ကမ်းတွင် ဝင်/ထွက် သွားလာကြသော အပြည်ပြည်ဆိုင်ရာ ကုန်တင်သင်္ဘောကြီးများအား တွန်း/ဆွဲခြင်း လုပ်ငန်းများကို ထပ်မံအားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရေယာဉ်နှစ်စင်း တည်ဆောက်မှုမှာ ၁၈လကြာမြင့်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေ ၂၂ ရက်တွင် တည်ဆောက်မှုပြီးစီး၍ စမ်းသပ်မောင်းနှင်မှုအောင်မြင်ခဲ့သည်။

ရန်ကုန်ဆိပ်ကမ်း၏ ရေလမ်းကြောင်း ကောင်းမွန်မှုကြောင့် ယခင်ထက် ရေစူးနှင့် တန်ချိန်ပိုမိုသည့် သင်္ဘောကြီးများ ဝင်/ ထွက်သွားလာလျက်ရှိပြီး ယခုကဲ့သို့ နည်းပညာမြင့်မား၍ စွမ်းဆောင်ရည်ကောင်းမွန်သော တွန်း/ဆွဲရေယာဉ်များကို အသုံးပြု၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်သင်္ဘောကြီးများအတွက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်မှ ဘေးကင်းလုံခြုံစွာသွားလာနိုင်သော ဝန်ဆောင်မှုကောင်းများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် နေပြည်တော်ကောင်စီနယ်မြေ နိုင်ငံတော်ဧည့်ဂေဟာ ဟိုတယ်များနှင့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနကို ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၈

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ နိုင်ငံတော်ဧည့်ဂေဟာ ဟိုတယ်များကို ကြည့်ရှုသည်။** (ယာပုံ)



ရှေးဦးစွာ ဟိုတယ်အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်များ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ဧည့်သည်တည်းခိုမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဧည့်ဂေဟာ ဟိုတယ်များသည် နိုင်ငံတော်အဆင့် အခမ်းအနားများ၊ အစည်းအဝေးများ ကျင်းပရန်နှင့် တည်းခိုနေထိုင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏကြီးမားစွာဖြင့် နိုင်ငံတကာအဆင့်မီ တည်ဆောက်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ဟိုတယ်များနှင့် တွဲဖက်၍ နိုင်ငံတော်အဆင့် အစည်းအဝေးများနှင့် အခမ်းအနားများကျင်းပရန် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနများကိုလည်း တည်ဆောက်ထားရှိပါကြောင်း။

နေပြည်တော်သည် အစိုးရဌာနများ ရုံးစိုက်ရာ နိုင်ငံတော်၏ အုပ်ချုပ်မှုမြို့တော်ဖြစ်သည်နှင့်အညီ အခမ်းအနားများ၊ အစည်းအဝေးများ၊ ပြပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် ဟိုတယ်များကလည်း ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝန်ဆောင်မှုပေးနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ ဧည့်သည်နည်းပါးချိန်တွင် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ခရီးသည်များကို အချိန်မရွေး ဝန်ဆောင်မှုပေးနိုင်အောင် အသင့်ပြင်ဆင်ထားရန် လိုအပ်ကြောင်း။

ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပေးရန် လိုအပ်ကြောင်း၊ ဒေသအဆင့် အသိအမှတ်ပြုရေး အစီအမံများဖြည့်ဆည်း ဆောင်ရွက်ပြီးဖြစ်၍ ကျန်းမာရေးနှင့် ပတ်သက်၍ လုံခြုံစိတ်ချရသော ဟိုတယ်များအဖြစ် နိုင်ငံအဆင့် စိစစ်အသိအမှတ်ပြုပေးနိုင်ရန် ဝန်ကြီးဌာနမှ ထူထောင်ထားသော Enchanting Myanmar Health & Safety Protocol Website တွင် ဝင်ရောက်လျှောက်ထားရန် လိုအပ်ကြောင်း၊ နိုင်ငံအဆင့် အသိအမှတ်ပြုတံဆိပ်များရရှိပါက ခရီးသွားဧည့်သည်များ ယုံကြည်စိတ်ချစွာ လာရောက်တည်းခိုမည်ဖြစ်ကြောင်း ပြောကြားပြီး ဧည့်သည်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC 1) သို့ သွားရောက်ကြည့်ရှုရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပြင်ဆင်ထိန်းသိမ်းထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အဆင့် အခမ်းအနားများ၊ အစည်းအဝေးများ အချိန်မရွေး ကျင်းပဆောင်ရွက်နိုင်ရေးအတွက် အဆင်သင့်ဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်းဖြင့်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးမြူရေးဆိုင်ရာသုတေသနဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ချင်းပြည်နယ်၏ နွားနောက်မွေးမြူမှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈



မွေးမြူရေးဆိုင်ရာ သုတေသနဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ချင်းပြည်နယ်၏ နွားနောက်မွေးမြူမှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနများ၌ သုတေသနဌာနစုများ၊ ဒေသဆိုင်ရာ သုတေသနစခန်းများ ရှိနေကြသော်လည်း သားငါးကဏ္ဍကြီး တစ်ခုလုံးအတွက် အားကောင်းသော သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ သုတေသန လုပ်ငန်းအတွက် သီးခြားဘဏ္ဍာရန်ပုံငွေ သတ်မှတ်ပြီး ထိရောက်သော နည်းပညာရပ်ဆိုင်ရာ သုတေသနနှင့် လက်တွေ့အသုံးချသုတေသနများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန်၊ သုတေသနဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ အပြန်အလှန်ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်ခြင်းဖြင့် အရည်အသွေး ပိုမိုမြင့်မားသည့် မွေးမြူရေးဆိုင်ရာ ပညာရှင်များ မွေးထုတ်ပေးနိုင်ရန်တို့ကို ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ မွေးမြူရေးဆိုင်ရာ သုတေသနဦးစီးဌာနကို ဦးစီးဌာနသစ်တစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ချင်းပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်တွင် အရေးပါပြီး ဒေသရေမြေရာသီဥတုအရ စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်သည့် နွားနောက်မွေးမြူမှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် လိုအပ်ချက်များ လစ်ဟာမှုမရှိစေရေး ဆွေးနွေးဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မွေးမြူရေးဆိုင်ရာ သုတေသနဦးစီးဌာနအသစ် ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ဦးစီးဌာနဖွဲ့စည်းပုံ မူကြမ်း ရေးဆွဲထားရှိမှုနှင့် နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေ သတ်မှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အဆင့်မြင့်နည်းပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများအတွက် ဘာသာရပ်အလိုက် ဦးစားပေးအဆင့် သတ်မှတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ သုတေသနများ ဆောင်ရွက်သွားမည်ဖြစ်၍ လက်ရှိဆောင်ရွက်ဆဲ သုတေသနဌာနစုများ၊ သုတေသနစခန်းများ အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ချင်းပြည်နယ်၏ နွားနောက်မွေးမြူမှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာရေးအတွက် လိုအပ်ချက်များနှင့် စီးပွားဖြစ်မွေးမြူထုတ်လုပ်နိုင်ရေး အတွက် မွေးမြူမှုစနစ် ပြောင်းလဲရေး၊ မျိုးမြှင့်တင်ရေး၊ အစာကျွေးစနစ်ပြောင်းလဲပေးရေးနှင့် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး အစီအမံများကိုလည်းကောင်း အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့၌ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရသေ့တောင် ဩဂုတ် ၁၈

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၀၀ အထက်နှင့် ၁၀၀ အောက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လုပ်ငန်းစိစစ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ တည်ဆောက်ရေးလုပ်ငန်းများအား စစ်ဆေးရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၃ ဒသမ ၄၀၈ သန်းဖြင့် Westerm City ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရသေ့တောင်မြို့ မြို့ပတ်လမ်း ကျန်အပိုင်း ကွန်ကရစ်ခင်းခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ လမ်းပခုံးတစ်ဖက် သုံးပေပြုလုပ်ခြင်းနှင့် ရေထုတ်တံတားသုံးစင်းပြုလုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စစ်ဆေးသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် လုပ်ငန်းစိစစ်ရေးအဖွဲ့သည် အရှေ့မြောက်ရပ်ကွက်ရှိ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်စစ်ဆေးသည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါအောင်ဆောက်လုပ်ရေးကုမ္ပဏီများက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း**

# ခွင့်သာခိုက်မှ မလိုက်ချင်လျှင် ...

သုရိန်သော်

အနောက်တောင်အရပ်မှ လေနုအေးများက မိုးသားတို့ကို ယူဆောင်လာခဲ့သည်။ ကောင်းကင်ထက်တွင် တိမ်လိပ်များက ပင်လယ်နှင့်ထိစပ်သည့် တနင်္သာရီ၊ ဧရာဝတီ၊ ရခိုင်မြေတို့ဆီမှသည် အရှေ့ဘက်စွန်းရှိ ရှမ်းရိုးမတောင်တန်း၊ မြောက်ဘက်စွန်းရှိ ကချင်ပြည်နယ်ရေခဲတောင်များရှိရာဒေသအထိ ခရီးနှင်လျက်ရှိသည်။ ဥတုသုံးလီမျှတသည့်နိုင်ငံ၊ သဘာဝသယံဇာတပေါကြွယ်သည့်နိုင်ငံ၊ ပရဟိတစိတ်ထက်သန်သည့်နိုင်ငံ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အားကောင်းသည့်နိုင်ငံ၊ ရိုးသားမှုကို မြတ်နိုးပြီး တရားမျှတမှုကို ကိုးစားသည့်နိုင်ငံဟူ၍ နိုင်ငံသားတစ်ယောက်အဖြစ် ဂုဏ်ယူရသည့် မြန်မာနိုင်ငံ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းရင်းနိုင်ငံကို မပျက်စီး၊ မယိုယွင်းရအောင် ကာကွယ်စောင့်ရှောက်ရမည်မှာ နိုင်ငံသားများအားလုံး၏ တာဝန်ပင်မဟုတ်ပါလား။

> “တိုင်းပြည်နှင့် နိုင်ငံသားတို့အတွက် ကြိုးပမ်းရာတွင် နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်ရမည်ဖြစ်သကဲ့သို့ ဆင်းရဲချမ်းသာမရွေး၊ မြို့ပြကျေးလက်မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ နိုင်ငံရေးဝါဒမရွေး အားလုံးစုစည်းပါဝင်ကြမှသာ တိုင်းပြည်၏အကျပ်အတည်း၊ အခက်အခဲကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ “နိုင်ငံကောင်းစားဖို့အတွက်”ဟူသည့် စေတနာစိတ်ကို အရင်းခံကာ မတူသည့်အမြင်၊ မတူသည့်သဘောထားကို အကောင်းဆုံးညှိနှိုင်း၍ ပကတိအခြေအနေမှန်ကို မြင်အောင်ကြည့်ကြဖို့ လိုအပ်နေချိန်ဖြစ်ပါသည်။ အစိကနှင့် သာမညကို ခွဲခြားသိမြင်ကာ နိုင်ငံအတွက် အရေးကြီးသည့် အခြေခံအချက်များကို နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင် လက်ခံပေးကြရန်လည်း အလွန်ပင်အရေးကြီးပါသည်”

## ပြောင်းလဲလာသောအရွေ့များ

မြန်မာနိုင်ငံသားတို့ နိုင်ငံအတွက် လွတ်လပ်ရေး မရမီကာလများကတည်းကပင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး လွတ်လပ်အောင် အမျိုးမျိုးသော ဖိနှိပ်ကာဆီးမှုများအကြားမှ ကြိုးစားရုန်းကန်၍ လွတ်လပ်ရေးအတွက် ကြံဆောင်ခဲ့ကြသည်။ ရှမ်းကတစ်မျိုး၊ ကချင်ကတစ်သွယ်၊ ချင်းကတစ်ဖုံ စသည်ဖြင့် ခွဲခြားမချန်ရစ်ခဲ့ကြ။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းခြင်းဖြင့်သာ ပြည်ထောင်စုအဖြစ် ရပ်တည်လာခဲ့ကြခြင်း ဖြစ်ပါသည်။ ပဒေသရာဇ်ခေတ်မှသည် ကိုလိုနီခေတ်၊ လွတ်လပ်ရေးရပြီးခေတ်အထိ သမိုင်းအဆက်ဆက်တို့တွင် တိုင်းပြည်ကြီး တိုးတက်စည်ပင်အောင်၊ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်အောင်၊ စားနပ်ရိက္ခာကြွယ်ဝပြီး အနာဂတ်အတွက် ရင်သွေးငယ်တွေ ကျန်းမာကြံ့ခိုင်အောင် ဆောင်ရွက်ခဲ့ကြသူတွေရှိသလို လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်ပေါင်း ၇၀ ကျော် အတွင်း နိုင်ငံပြိုလဲပျက်စီးအောင်၊ ပြည်နယ်များ ကွဲပြားသွားအောင် ခြိမ်းခြောက်လက်နက်ကိုင်ကြသူများလည်း အဆက်မပြတ်ပေါ်ထွက်ခဲ့သည်။

ထိုအချိန်တိုင်းတွင်ပင် တပ်မတော်သည် သူ့အချိန်၊ သူ့အခါအလျောက် နိုင်ငံအတွက် ပါဝင်ထိန်းသိမ်းခဲ့ရသည်ချည်းပင်ဖြစ်ပါသည်။ ပြီးခဲ့သည့် သမိုင်းဖြစ်စဉ်များတွင် နိုင်ငံနှင့် ပြည်သူတို့အတွက် သမိုင်းသင်ခန်းစာများစွာ ရရှိပိုင်ဆိုင်ခဲ့ကြသည်။ သမိုင်း၏ နာကျင်စရာဖြစ်ရပ်များ၊ မှားယွင်းဆုံးဖြတ်မှုများနှင့် တစ်ယူသန်အစွဲများကို သင်ခန်းစာအဖြစ် မှတ်ယူ၍ အနာဂတ်မြန်မာနိုင်ငံတော်ကြီးကို ပြန်လည်တည်ဆောက်ကြရမည့် တာဝန်ကို မိမိတို့နိုင်ငံသားတိုင်းက ခံယူကာ လက်ခံကျင့်သုံးကျော်လွှားခြင်းဖြင့် နိုင်ငံ့အနာဂတ်ကို ပုံဖော်ထုဆစ်ကြရမည် ဖြစ်ပါသည်။

တိုင်းပြည်နှင့်နိုင်ငံသားတို့အတွက် ကြိုးပမ်းရာတွင် နိုင်ငံ့ဝန်ထမ်းများလည်း ပါဝင်ရမည်ဖြစ်သကဲ့သို့ ဆင်းရဲချမ်းသာမရွေး၊ မြို့ပြကျေးလက်မရွေး၊ ဘာသာမရွေး၊ လူမျိုးမရွေး၊ နိုင်ငံရေးဝါဒမရွေး အားလုံးစုစည်းပါဝင်ကြမှသာ တိုင်းပြည်၏ အကျပ်အတည်း၊ အခက်အခဲကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါသည်။ “နိုင်ငံကောင်းစားဖို့အတွက်” ဟူ သည့် စေတနာစိတ်ကို အရင်းခံကာ မတူသည့် အမြင်၊ မတူသည့် သဘောထားကို အကောင်းဆုံးညှိနှိုင်း၍ ပကတိ အခြေအနေမှန်ကိုမြင်အောင် ကြည့်ကြဖို့ လိုအပ်နေချိန် ဖြစ်ပါသည်။ အစိကနှင့် သာမညကို ခွဲခြားသိမြင်ကာ နိုင်ငံအတွက် အရေးကြီးသည့် အခြေခံအချက်များကို နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင် လက်ခံပေးကြရန်လည်း အလွန်ပင် အရေးကြီးပါသည်။

## ကံကြမ္မာဆိုးကိုဖန်တီးကြသူများ

ဒီမိုကရေစီသည် နိုင်ငံရေးစနစ်တစ်ခုဖြစ်၍ မတူညီမှုများကြားမှ တူညီချက်များကို အရယူကာ အများဆန္ဒနှင့်အညီ နိုင်ငံကို မောင်းနှင်ရမည့် နိုင်ငံရေး ရပ်တည်ချက်တစ်ခု မဟုတ်ပါလား။ မိမိတို့နိုင်ငံသားတိုင်းက လွတ်လပ်၍ တရားမျှတမှုကို မြတ်နိုးကြသည်။ တိုင်းပြည်ကို တိုးတက်အောင်ကြံဆောင်လိုကြသည်။ သို့သော် ကိုယ်ကျိုးရှာ နိုင်ငံရေးသမားများမှာ ဒီမိုကရေစီကို ဒိုင်းသဖွယ်ကာရံကာ တစ်ပါတီအာဏာရှင်ဆန်ဆန်ပြုမူမှုကို ပြီးခဲ့သည့်ငါးနှစ်တာအတွင်း ကြုံတွေ့ခဲ့ကြရသည်။ တစ်နိုင်ငံလုံး သောင်ပြိုကမ်းပြို၊ ၁၀၀ ရာခိုင်နှုန်း မဲနိုင်ချင်တယ်ဟူသည့် စကားလုံးတစ်လုံးနှင့်ပင် နောက်ဆက်တွဲရလဒ် မဲမသမာမှုမျိုးစုံနှင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသည် အကျည်းတန်ခဲ့ရပြီဖြစ်သည်။

ကိုယ်ကျိုးရှာ နိုင်ငံရေးသမားတို့ အကြံအစည်သည်တပ်မတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းခဲ့မှုကြောင့် မအောင်မြင်ခဲ့ရတော့။ သို့သော် နိုင်ငံကို မပျက်ပျက်အောင် ဖျက်ဆီးရန်၊ တစ်စစီပြိုကွဲအောင် ဖြိုခွဲရန် ကြံစည်သူများက အင်အားကောင်းသည့် လူမှုရေးဝါဒဖြန့်ယန္တရားဖြစ်သည့် ဆိုရှယ်မီဒီယာ (ဖေ့စ်ဘွတ်)ကို အဓိကထားကာ အွန်လိုင်းမှတစ်ဆင့် ဝါဒဖြန့်ချုပ်ကိုင်ခြယ်လှယ်မှုကို တွင်တွင်ကျယ်ကျယ် လုပ်ဆောင်လာကြတော့သည်။ ဆန္ဒပြ၊ ဆူပူ၊ အကြမ်းဖက်၊ လူသတ်၊ ဗုံးခွဲ၊ ချုံခို တိုက်ခိုက်သတ်ဖြတ်စသည်အထိ ဆိုးဆိုးရွားရွားလုပ်ဆောင်ကြသည်။ အပြစ်မဲ့ ပြည်သူများကို ဒလန်ဟု စွပ်စွဲကာ သတ်ဖြတ်သည်။ အပြစ်မဲ့ကျောင်းသားကျောင်းသူများ၊ ပြည်သူ့ဝန်ထမ်းများနှင့် အလုပ်သမားများကို တာဝန်ပျက်ကွက်အောင် အမျိုးမျိုး စွပ်စွဲခြိမ်းခြောက်တားဆီးမှုတွေ အဆက်မပြတ် ပြုလုပ်ခဲ့ကြသည်။

တရားမဝင် အကြမ်းဖက် အဖွဲ့အစည်းများဖြစ်သည့် CRPH ၊ NUG စသည့် အကြမ်းဖက်အုပ်စုဝင်များ၏ လှုပ်ရှားမှုသည် နိုင်ငံ့ကောင်းကျိုး၊ လူမျိုးအကျိုးစီးပွားအတွက် တစ်ခုမျှမပါဝင်ဘဲ အိမ်ကြက်ချင်း အိုးမဲသုတ်စရာမလိုဘဲ အချင်းချင်း သေကျေပျက်စီးအောင် အွန်လိုင်းပေါ်မှ ခလုတ်နှိပ်ရင်း ဖန်တီးနေကြသည်မှာ ရင်နာစရာပင်ကောင်းလှသည်။

## လမ်းချော်ကြသူများ

လူငယ်တို့၏သဘောသည် စွန့်စားရဲကြသည်။ ဖိနှိပ်ချုပ်ချယ်မှုကို မကြိုက်လိုကြ။ ယင်းအချက်ကို အပိုင်သိသည့် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများက လူငယ်များ သည်းခြေကြိုက် အာဇာနည်ဟူသည့် အသုံးအနှုန်းဖြင့် မြှောက်ပင့်ကာ မိမိတို့ကိုယ်ကျိုးအတွက် လူငယ်အချို့ကို လူသားဒိုင်းသဖွယ် ပွဲထုတ်ခဲ့ကြသဖြင့် မဖြစ်သင့်ဘဲ အကြွေစောခဲ့၊ မှားယွင်းသည့်အတွက် နောင်တရခဲ့သည့် လူငယ်တို့ ခြောက်လတာအတွင်း ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။ တက်ကြွရဲရင့်သည့် နုငယ်ပျိုမြစ်သည့် အစွမ်းသတ္တိများသည် အဟောသိကံ ဖြစ်ခဲ့ရပြီ။

အကြမ်းဖက်တတ်ခြင်း၊ အကျိုးမဲ့ပျက်စီးစေလိုခြင်း၊ ရန်လိုတိုက်ခိုက်ခြင်းသည် မိမိသည်သာမက မိမိမိသားစု၊ မိမိရပ်ရွာနှင့် မိမိနိုင်ငံအထိပါ ပျက်စီးရသည်ဟူသည်ကို သတိမမူမိဘဲ အရိုင်းအစိုင်းလူငယ်များ၊ ဘာသာတရားကို မထီမဲ့မြင် ပြုတတ်သည့် လူရိုင်းစိုင်းများအဖြစ် ပုံသွင်းခဲ့သည်မှာ အကြမ်းဖက်အဖွဲ့အစည်းများပင်ဖြစ်ပါသည်။ ယင်းကိုလည်း လွန်ခဲ့သည့် ငါးနှစ်တာကာလမှ အစပြုကာ ပုံသွင်းခဲ့သည်ကိုလည်း သတိပြုမိစေလိုပါသည်။ လူငယ်များကို လမ်းမှန်သို့ပြသပေးရန်၊ ပြုပြင်ပေးရန်၊ အမှန်မြင်အောင် တည့်မတ်ပေးရန် လိုအပ်နေချိန်လည်းဖြစ်ပါသည်။ လူငယ်အချို့တော်လှန်ရေးဟူသည့် ခေါင်းစဉ်အောက်တွင် အသက်ပေးလိုက်ကြရသည်။ လူသူမနီး တောကြီးမြိုင်ကြီးအတွင်း ခြေမွေး လက်မွေးမီးမလောင်ခဲ့ဖူးသည့် လူငယ်တို့ အတိဒုက္ခရောက်ကြရသည်။ ပြေးလွှားပုန်းအောင်းရင်း အဖိတ်အစဉ်များစွာကို မျက်မြင်တွေ့နေကြရပြီ။

လက်လုပ်ဗုံးဖန်တီးရင်း ခြေပြတ်လက်ပြတ် ဒုက္ခရောက်ကြရသူတွေ၊ အဖမ်းအဆီး အသံကြားပြီး ထွက်ပြေးရင်း ရေတိမ်နစ်ခဲ့ကြသူ လူငယ်များကိုပင် အမှားကိုအမှန်ပြင်ပေးရမည့်အစား သူရဲကောင်းများ၊ အာဇာနည်များဟုပင် မြှောက်ပင့်ပေးကာ တလွဲပုံဖော်နေကြသည်ကို မြင်တွေ့ရသည်မှာ အကုသိုလ်ဒုစရိုက် ကမ္ဘဝိပါက် ဆိုးရွားချက်ပင်ဖြစ်ပါတော့သည်။ ထိုအချိန်တွင် တိုင်းပြည်အတွက် ပြည်ပသို့ ထွက်ပြေးရင်း အနစ်နာခံနေရပါသည်ဟူသည့် ဆရာ့ဆရာကြီးများက အဝေးရောက် စီမံညွှန်ကြား ဗျာဒိတ်ပေး၍ မဆုံးသေးသည်ကိုလည်း မြင်တွေ့ရသည်။ နိုင်ငံရေးကျွမ်းကျင်သူများ၏ ထောက်ပြမှုအရ အကြမ်းဖက် ဦးဆောင်သူများက Peace Protests ဆန္ဒပြဖို့ ဆွဲဆောင်ပြီး ဆန္ဒတွေထွက်ပြ၊ Riots လူစုလူဝေးနဲ့ ဆန္ဒပြမှုကို ပိုမိုကျယ်ပြန့်အောင်လှုံ့ဆော်၊ Anarchy Mobs ရရာလက်နက်ကိုင်စွဲပြီး ဆူပူအကြမ်းဖက်ကြဖို့ တိုက်တွန်းလှုံ့ဆော်၊ အစိုးရယန္တရားရပ်တန့်အောင် CDM လှုပ်ရှားမှုနဲ့ သပိတ်အမျိုးမျိုးဆင်နွှဲ၊ Insurrections ရရာလက်နက်နဲ့ ဆက်လက်တိုက်ကြဖို့နဲ့ ဆက်လက်တိုက်ပွဲဝင်ဖို့ လှုံ့ဆော်၊ သူပုန်သူကန်များနဲ့ မဟာမိတ်ပြုတော်လှန်ရေးကို အရှိန်မြှင့်ခြင်းနဲ့ နောက်ဆုံးအဆင့် Terrorism အကြမ်းဖက်တိုက်ခိုက်အောင်၊ လူထုအားလုံးဆူပူအုံကြွအောင်၊ အလုံးစုံ ပျက်စီးအောင် အဆင့်ငါးဆင့်နဲ့ ကြိုးပမ်းခဲ့ကြတာပဲ ဖြစ်ပါတယ်။

## ရောင်နီလင်းလုပြီ

သပိတ်စစ်ကြောင်းရှေ့ အယောင်ပြထွက်ဦးဆောင်လမ်းပြသူတို့ ပြည်တွင်းတွင် မရှိကြတော့။ မီးကလောင်ခဲ့သည်။ အမှန်ပင်။ ဖုံး၍မရ။ မီးကို ပြည်သူ့အားဖြင့် ငြိမ်းသတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ရုတ်တရက်အခြေအနေကြောင့် လမ်းပေါ်ထွက်ခဲ့ရသည့် ပြည်သူအချို့ အမှန်သိသွားခဲ့ပြီ။ လက်ရှိကျန်ရှိနေသေးသည့် လူတစ်စုစာတို့မှာ မည်မျှပင် မီးပြန်မွှေးပါစေ တောက်လောင်မလာနိုင်တော့။ မီးလောင်ပြင်အား ရှင်းလင်းရန်၊ မီးကြွင်းမီးစများအား ငြိမ်းသတ်ရန် ပြည်သူ့အားဖြင့် အမြန်ဆုံးထူထောင်ကြရမည့်ကာလဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီပြည်ထောင်စုအတွက် ပြည်သူများ ဆက်လက်ချီတက်ကြရပါမည်။ စာမျက်နှာ ၇ သို့

> ❐ လူငယ်တို့၏သဘောသည် စွန့်စားရဲကြသည်။ ဖိနှိပ်ချုပ်ချယ်မှုကို မကြိုက်လိုကြ။ ယင်းအချက်ကို အပိုင်သိသည့် အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများက လူငယ်များ သည်းခြေကြိုက် အာဇာနည်ဟူသည့် အသုံးအနှုန်းဖြင့်မြှောက်ပင့်ကာ မိမိတို့ကိုယ်ကျိုးအတွက် လူငယ်အချို့ကို လူသားဒိုင်းသဖွယ် ပွဲထုတ်ခဲ့ကြသဖြင့် မဖြစ်သင့်ဘဲ အကြွေစောခဲ့၊ မှားယွင်းသည့်အတွက် နောင်တရခဲ့သည့်လူငယ်တို့ ခြောက်လတာအတွင်း ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါသည်။ တက်ကြွရဲရင့်သည့် နုငယ်ပျိုမြစ်သည့် အစွမ်းသတ္တိများသည် အဟောသိကံ ဖြစ်ခဲ့ရပြီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများနှင့် Video Conference ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၁၈

**ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ Video Conferencing စနစ်ဖြင့် ကျင်းပကာ ဩဂုတ် ၁၆ ရက်က ကျင်းပခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် မှာကြားဆွေးနွေးချက်များအား ထပ်ဆင့်ရှင်းလင်းဆွေးနွေး သည်။**

### စနစ်တကျဆောင်ရွက်ရန်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ဖြစ်ပွားမှုလျော့နည်း လာသည်ကို တွေ့ရှိရပါကြောင်း၊ ရုံးပိတ်ရက်ရှည် ကာလများအတွင်း ရောဂါကူးစက်မှုနှုန်း ကျဆင်းလာ သော်လည်း ဆက်လက်မြင့်မားဆဲ တိုင်းဒေသကြီး၊ ပြည်နယ်များလည်း ကျန်ရှိနေသဖြင့် ပညာပေး လုပ်ငန်းများအပါအဝင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်၍ ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါ ကြောင်း၊ ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်ရာတွင် နည်းစနစ်တကျ ဆောင်ရွက်ကြရန် လိုပါကြောင်း၊ ကာကွယ်ဆေးထိုးခြင်း ဆောင်ရွက်သူများအနေဖြင့် ဆေးကို သတ်မှတ်အပူချိန်တွင် ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြစ်ပေါ်တတ်သည့် ဘေးထွက် ဆိုးကျိုးအန္တရာယ်များနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကို သိရှိရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုလွှမ်းခြုံနိုင် ရန်အတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်မည်ဖြစ်ရာ စနစ်တကျ အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ လုပ်ငန်းလမ်းညွှန်များကို စနစ်တကျ လိုက်နာ ဆောင်ရွက်ရန် လိုအပ်သလို သင်တန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုး ရာတွင် သတင်းပေးပို့ခြင်း၊ စာရင်းသွင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆေးရုံ များပြင်ဆင်မှုနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါသည် အနည်းနှင့်အများ ဆက်လက်ရှိနေမည်ဖြစ်သည့် အတွက် စနစ်တကျ ပြင်ဆင်ထားရှိရန် လိုအပ်ကာ အရေးကြီးပါကြောင်း၊ အထူးကြပ်မတ်ကုသမှု ဆောင်ရွက်ပေးနိုင်ရန် ဝန်ကြီးဌာနအနေဖြင့်လည်း အထူးကြပ်မတ်ကုသမှုဌာန (Intensive Care Unit– ICU) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အစဉ် တစိုက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများ၌ အထူးကြပ်မတ်ကုသမှုဌာနများ အားဖြည့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

### ချီးမြှင့်မှုများ ဆောင်ရွက်မည်

ဆက်လက်၍ ပြည်သူ့ဆေးရုံများအားလုံး၌ ဆေးရုံအဆင့်နှင့် လျော်ညီစွာ ICU level 1, 2, 3 စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွား ရန် စီစဉ်ထားပါကြောင်း၊ ဝန်ထမ်းအင်အား အခြေ အနေနှင့်အညီ အရေးပေါ် ၂၄ နာရီ တာဝန်စီစဉ် ဆောင်ရွက်ထားရန်၊ အထူးသဖြင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်တတ်သော ဆေးရုံများက ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကုသ ရေးလုပ်ငန်းများ၊ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်နေကြသော ကျန်းမာရေး ဝန်ထမ်းများကိုလည်း ချီးမြှင့်မှုများ ဆောင်ရွက်မည် ဖြစ်ပြီး တာဝန်ထမ်းဆောင်ရင်း ရောဂါပိုးကူးစက် ခံရသည့် ကျန်းမာရေးဝန်ထမ်းများကို သီးခြားချီးမြှင့် မှုများဆောင်ရွက်ရန်လည်း စီစဉ်ဆောင်ရွက်နေသဖြင့် ရောဂါပိုးကူးစက်ခံရသည့် ကျန်းမာရေးဝန်ထမ်းများ စာရင်း ပြုစုထားရှိ၍ တင်ပြထားရန် လိုအပ်ပါကြောင်း မှာကြားသည်။

### ဝန်ထမ်းရေးရာများဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုဝန်ကြီး ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် ဒုတိယညွှန်ကြား ရေးမှူးချုပ်များက ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ ရာတွင် လိုက်နာရမည့် SOP၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ၊ ဘဏ္ဍာ ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ကုသရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့နေမှု၊ ကျန်းမာရေးဝန်ထမ်းများအတွက် ရရှိသည့် ဘွဲ့/ ဒီဂရီနှင့်အညီ ချီးမြှင့်ငွေပေးအပ်နေမှု၊ ဝန်ထမ်းရေးရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီး ဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီး ဌာနမှ တာဝန်ရှိသူများ၊ ဗဟိုအဆင့်ဆေးရုံအုပ်ကြီး များ၊ တိုင်းဒေသကြီး၊ပြည်နယ် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူးများ တက်ရောက်ခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း များနှင့်ပတ်သက်၍ ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီး/ပြည်နယ်များအား အုပ်စုခွဲကာ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ စားရေးအဆင်ပြေ စေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ထောက်ပံ့လှူဒါန်း လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် အရှေ့ ပိုင်း ကျိုင်းတုံမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံတွင် တာဝန် ထမ်းဆောင်နေသည့် ကျန်းမာရေး ဝန်ထမ်းများအတွက် အာဟာရ ဖြည့် စားသောက်ဖွယ်ရာများကို



လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ် အတွင်းရှိ စေတနာ့ဝန်ထမ်းများ၊ လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံနှင့် အိုင်သပြုတိုက်နယ်ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာ များကိုလည်းကောင်း၊ မန္တလေး တိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကန် ကောက်ရပ်ကွက် ကျန်းမာရေး ရပ်နေ ဒေသခံပြည်သူ အိမ်ထောင် စု ၂၀၀ နှင့် သပိတ်ကျင်းမြို့နယ် ပန်းပင်ကျေးရွာနေ ဒေသခံပြည်သူ အိမ်ထောင်စု ၁၆၄ စုတို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများ၊ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက အသီးသီး သွားရောက်ထောက်ပံ့ လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## နမ့်ခမ်းမြို့နယ် ဆာလုတိုက်နယ်ဆေးရုံသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း

**နမ့်ခမ်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ် ခရိုင် မူဆယ်မြို့ရှိ ခိုလုံလီရှော စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က မူဆယ်မြို့မှ တစ်ဆင့် ပေးပို့လှူဒါန်းသည့် အောက်ဆီဂျင်အိုးများကို ယနေ့ နံနက်ပိုင်းတွင် နမ့်ခမ်းမြို့နယ် ဆာလုကျေးရွာရှိဆာလုတိုက်နယ် ဆေးရုံသို့ သွားရောက်ပေးအပ် လှူဒါန်းသည်။

မူဆယ်မြို့ရှိ ခိုလုံလီရှော စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်၏ (၆၁)နှစ်မြောက် မွေးနေ့အလှူအဖြစ် လီတာ ၄၀ အောက်ဆီဂျင်အိုး ၃၀ နှင့် Test kit ၁၀ ဘူးကို ပေးပို့လှူဒါန်းခဲ့ ကြောင်း သိရသည်။

**ဘဦး(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

ခရီးစဉ်လမ်းကြောင်းမှာ တစ်ပါတီ အာဏာရှင်စနစ် မဟုတ်ပါ။ တရားမျှတ သည့် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူ က ရွေးချယ်တင်မြှောက်သည့် ဒီမိုကရေစီ ကိုယ်စားလှယ်လောင်းများကို ဥပဒေ အရ သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်း တည်ထောင်မည့် ဒီမိုကရေစီ လမ်း ကြောင်းပင် ဖြစ်ပါသည်။ ယင်းကိုလည်း ပြည်သူများအားလုံးကို အတိအလင်း ကြေညာပြောကြားပြီးသား ဖြစ်သလို နိုင်ငံတကာသို့လည်း ပွင့်လင်းမြင်သာစွာ ပြောဆိုထားပြီးသားပင် ဖြစ်ပါသည်။

မိမိတို့ပြည်သူများ၏ တာဝန်မှာ နိုင်ငံကို ပိုမိုတိုးတက်မြင့်မားအောင် ကြံဆောင်ကြဖို့ပင်ဖြစ်ပါသည်။ မဟုတ် မမှန်လမ်းစဉ်များကို ရှောင်ရှားကာ ဒီမိုကရေစီ၏အနှစ်သာရကို ဖော်ဆောင် ရန်အတွက် မြို့နယ်၊ ကျေးရွာ၊ ခရိုင် စသည့် အဆင့်တိုင်းတွင် မိမိတို့ကျရာ နိုင်ရာဝန်ကို ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေး အတွက် နိုင်ငံသားတိုင်းက လေးစား လိုက်နာကြရမည်ဖြစ်သကဲ့သို့ မိမိတို့ ရပ်ရွာအတွင်း မငြိမ်မသက် ဖြစ်စေရန်၊ တည်ငြိမ်အေးချမ်းမှုမရှိစေရန် ကြံရွယ်သူ များကို ဖယ်ရှားကြရခြင်းဖြင့် နိုင်ငံ့ဝန် ကို နိုင်ငံသားတိုင်းက ထမ်းရွက်ကြရမည် ဖြစ်ပါသည်။ သူတစ်ပါး သွေးထိုး မြှောက်ပင့်မှုဖြင့် CDM လှုပ်ရှားမှုပါဝင်သူ အချို့ အနေအစား ပျက်ယွင်းကာ အခက် ကြုံကြရသည်။ တောတွင်းနေရာအချို့ တွင် လူငယ်အချို့ ထွက်ပေါက်မဲ့ကာ ရည်ရွယ်ချက် ပျောက်နေကြရသည်။ အမှားကိုသိ၍ အမှန်ကို မြင်ပါ၊ အလင်းကို သိ၍ အမှောင်ကိုခွင်းပါဟူ၍ လေးလေး နက်နက် တိုက်တွန်းလိုပါသည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော် ၏ တေးထပ်ကဗျာတစ်ပုဒ်ကို အမှတ်ရမိ ပါ၏။ လောကီကိုပယ်၍ လောကုတ္တရာ အကျိုးမျှော်၍ ရေးသားထားသော်လည်း လောကီလူ့ဘောင်သာယာရေးအတွက် လည်း များစွာအကျိုးရှိလှသည့် ခွင့်သာ ခိုက်မှ မလိုက်ချင်လျှင်ဟူသည့် ကဗျာပင် ဖြစ်ပါသည်။

ယင်းတေးထပ်အတွင်းမှ အောက်ဆုံး စာပိုဒ်ဖြစ်သည့် –

"အခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်
အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲမှ မခဲချင်လျှင်
အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းမှ မရုန်းချင်လျှင်
အရှုံးနင့်ပြင် ရှိသေးလေလိမ့်လား။"

ဟူ၍ပင် နှလုံးသွင်းဆင်ခြင်ကြရင်းဖြင့် နိုင်ငံသားများအားလုံး တိုင်းပြည်ပြန် လည်ထူထောင်ရေးအတွက် ပူးပေါင်း ပါဝင်ကြဖို့ အကြံပြုတိုက် တွန်းလိုက်ရပါ တော့သည်။ ။

# ၂၀၂၃ ခုနှစ်တွင် အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသားများကို ပြည်ပတင်ပို့ခွင့်မပြုတော့ဘဲ တစ်ဝက်တစ်ပျက်ကုန်ချောနှင့် ကုန်ချောများကိုသာ ပြည်ပတင်ပို့ခွင့်ပြုတော့မည်

နေပြည်တော် ဩဂုတ် ၁၈

**အခြေခံအဆင့် ခွဲစိတ်ထားသော သစ်ခွဲသားများကို ပြည်ပတင်ပို့ခွင့် မပြုတော့ဘဲ တစ်ဝက်တစ်ပျက်ကုန်ချော (Semi-finished)နှင့် ကုန်ချော (Finished) များကိုသာ ပြည်ပတင်ပို့ခွင့်ပြုခြင်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက ပြောကြားသည်။**



ယနေ့နံနက်ပိုင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယင်းသို့ဆောင်ရွက်ရာတွင် တင်ပို့ခွင့်ပြုမည့် သစ်အခြေခံ ထုတ်ကုန်များ၏ အမျိုးအမည်နှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နိုင်ငံတကာစံနှုန်းနှင့်အညီ သတ်မှတ်ပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် သစ်ကုန်ချောများကိုသာ တင်ပို့ရေး ဦးတည်ရာတွင် သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါသော အချက်ဖြစ်ပါကြောင်း၊ သစ်အခြေခံစက်မှုလုပ်ငန်းများသည် သစ်တောသယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖြစ်သဖြင့် နိုင်ငံပိုင် အဖိုးတန် သစ်တောသယံဇာတများ ရေရှည်တည်တံ့အောင် ထိန်းသိမ်း ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် အရေးပါသော လုပ်ငန်းဖြစ်ပြီး ယေဘုယျအားဖြင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရေးအတွက်လည်း အလွန်အရေးကြီးပါကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အကန့်အသတ်များ ရှိမည်ဖြစ်သော်လည်း ဆပ်ကော်မတီများအလိုက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ရည်မှန်းချက် ပေါက်မြောက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် အစည်းအဝေး တက်ရောက်လာသူများက ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှု၊ လတ်တလော ကြုံတွေ့နေရသော အခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အချက်များ၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို ပိတ်ရက်မရှိ တင်သွင်းခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၁၃၃၂ ခု ၊ နှာခေါင်းစည်း (Mask)၁၂တန်၊ ဆိပ်ကမ်းများမှ အောက်ဆီဂျင်(အိုးခွံ) ၃၃၆၀ ၊ Oxygen Plant ခြောက်ခု၊ Oxygen Concentrator အခု ၁၅၀ ၊ နှာခေါင်းစည်း (Mask) လေးတန် အပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးဖြင့် တန် ၄၀ ၊ အောက်ဆီဂျင်(အရည်) အိုးဖြင့် ၂၈ တန်၊ အောက်ဆီဂျင်အိုး(အခွံ) ၉၂၈၁ လုံး၊ Oxygen Plant ခြောက်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၆၉၈ ခု၊ PPE ဝတ်စုံ ၂၄၄၇၅ စုံနှင့် နှာခေါင်းစည်း (Mask) ၈၇ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၁၉ ခုမှ ယာဉ်စီးရေ ၄၃ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၉၈၇ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၉၈၆ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၂၄၇ တန်၊ အောက်ဆီဂျင် (ခတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ၁၂ ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) အခု ၁၂၁၂၀၀ ၊ Oxygen Plant ၃၂ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အောက်ဆီဂျင် (Generator) ၁၁ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၈၀၃၃၇ ခု၊ Test Kit ၁၅၁၀၄၈ ခု၊ PPE ဝတ်စုံ ၅၄၆၆၆၅ စုံ၊ လက်အိတ် ၈၃ တန်နှင့် နှာခေါင်းစည်း (Mask) ၁၂၇၈ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၈ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်စုစုပေါင်း ၈၉ စီးတွင် ရန်ကုန်မြို့သို့ ၆၇ စီး၊ မန္တလေးမြို့သို့ ၁၅ စီး၊ မော်လမြိုင်မြို့သို့ လေးစီး ၊ ပဲခူးမြို့သို့ နှစ်စီး ၊ သထုံမြို့သို့ တစ်စီး ဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၄၀ တွင် ရန်ကုန်မြို့သို့ ၁၁ ခု၊ လားရှိုးမြို့သို့ ငါးခု ၊ ပဲခူးမြို့သို့ လေးခု ၊ မန္တလေးမြို့သို့ လေးခု၊ ကျောက်ပန်းတောင်းမြို့သို့ သုံးခု ၊ ပခုက္ကူမြို့သို့ နှစ်ခု ၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သားနှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီ လိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်( ကြည်း၊ ရေ၊ လေ) မိသားစုမှ ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံအတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ကျောက်မဲ ဩဂုတ် ၁၈**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ကျောက်မဲခရိုင်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးသည်။

ကျောက်မဲမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများက လှူဒါန်းပေးသည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်နှစ်အိုး ၊ Regulater နှစ်ခု၊ ပိုက်နှစ်စုံ၊ အောက်ဆီဂျင်အိုးသယ်ရန် လှည်းတစ်စီး၊ Hand Jel တစ်ဖာ၊ အရက်ပြန်ပုံးကြီး တစ်ပုံး၊ PPE-1 အစုံ ၅၀၊ PPE -2 အစုံ ၅၀၊ လက်အိတ် အစုံ ၂၀၀၊ နှာခေါင်းစည်းဘူး ၅၀၊ ပါရာစီတမော ဆေးပြား ၁၀၀၀ နှင့် ဗီတာမင်စီ ဆေးပြား ၁၀၀၀ ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု ကိုယ်စား အမှတ်(၁) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်၊ စစ်ဦးစီးမှူး (ပထမတန်း) (ဦး/ရေး/ထောက်) ဒုတိယဗိုလ်မှူးကြီး လွင်ဘုန်းအောင်က ပေးအပ်လှူဒါန်းခဲ့ပြီး ကျောက်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ရွှေ၊ ကျောက်မဲခရိုင် ဆေးရုံအုပ် ဒေါက်တာကျော်မိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်စည်သူအေးတို့က လက်ခံရယူသည်။

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ယခင် ဩဂုတ် ၁၁ ရက်ကလည်း ကျောက်မဲမြို့နယ်ရှိ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာများအတွက် စားသောက်ကုန်များနှင့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)၊ ၂၀၂၁ ခုနှစ်၊ လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ် စီမံကိန်း (၂၀၁၇-၂၀၂၁)၊ ၂၀၂၁ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက Zoom Meeting ဖြင့် ကျင်းပသည်။

**ပြန်လည်ထူထောင်ရေးများ ဆောင်ရွက်**

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆောင်ရွက်နေပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ တတိယ(၅)နှစ် စီမံကိန်း (၂၀၁၇-၂၀၂၁)၊ ၂၀၂၁ ခုနှစ် လုပ်ငန်းစီမံချက်ကို ဗဟိုအဖွဲ့က ဦးဆောင်ရေးဆွဲခဲ့ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်း၊ ၎င်းတို့အား နေရာထိုင်ခင်း ဆောင်ရွက်ပေးခြင်း၊ Psycho Social Support ပြုလုပ်ပေးခြင်း၊ လတ်တလော လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးခြင်း၊ မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ချိတ်ဆက်ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ ပြန်လည်ထူထောင်ရေးဦးစီးဌာနအနေဖြင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းနှင့် ထိခိုက်လွယ်အုပ်စုများ အပါအဝင် မသန်စွမ်းသူများအတွက် ပြန်လည်ထူထောင်ရေးများကို ဆောင်ရွက်နေကြောင်း ပြောကြားသည်။

**ခွဲခြားစိစစ်ရန်လိုအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က လူကုန်ကူးခံရခြင်းသည် စီးပွားရေးအပေါ်မူတည်ပါကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသည့် သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးမြေများ ထိခိုက်ပျက်စီး၍ လူကုန်ကူးခံရမှု ဖြစ်ပေါ်နိုင်ပါကြောင်း၊ လူကုန်ကူးခံရ၍ ပြန်လည်ရောက်ရှိသူများတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့မှ ပြန်လာသူများရှိရာ လူကုန်ကူးခံရသူများ၊ ရွှေ့ပြောင်းသွားလာသူများ စသည်တို့ ခွဲခြားစိစစ်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူက လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လျာထားလုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း အသက်ပြည့်သူများအား ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက် ရှင်းလင်းဆွေးနွေး

မော်လမြိုင် ဩဂုတ် ၁၈

**မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဩဂုတ် ၁၇ နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ပြည်နယ်အတွင်းရှိ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ အသက်ပြည့်သူများအား ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက် ရှင်းလင်းခြင်းကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။**



ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အမှာစကားပြောကြားရာတွင် ပြည်နယ်တွင်း အိမ်ထောင်စုနှင့် လူဦးရေစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ မရရှိသူ ၂၉၄၀၀၀ ကျော်ရှိကြောင်း၊ ထို့အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်နယ်ဦးစီးဌာနမှ ဦးဆောင်ပါဝင်၍ ပန်းခင်းစီမံချက်ဖြင့် အသက်ပြည့်သူများအား ကိုင်ဆောင်လက်မှတ် တစ်မျိုးမျိုး ထုတ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းခင်းစီမံချက်သည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး မဲဆန္ဒရှင်များအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်ပြီး မဲပေးနိုင်ရေးဆောင်ရွက်သည့် စီမံချက်ဖြစ်ကြောင်း၊ ယခုအချိန်သည် ကိုဗစ်-၁၉ ရောဂါနှင့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်နှင့်လည်း ကြုံတွေ့နေရခြင်းကြောင့် စီမံချက် ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိနေသော်လည်း အချိန်သတ်မှတ်ချက်ဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စီမံချက် အောင်မြင်စေရေး အခက်အခဲများကို နည်းလမ်းရှာပြီး ကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး၊ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူး ဦးတင်ချယ်က ပန်းခင်းစီမံချက်ပါ လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက ဖြည့်စွက်ဆွေးနွေးပေးပြီး တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်များအလိုက် အိမ်ထောင်စုလူဦးရေစာရင်းကို ၂၀၁၉ ခုနှစ်မှစ၍ ကွန်ပျူတာစနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၉၄ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်၍ ယခုပန်းခင်းစီမံချက်ကို ၂၀၂၁ ခုနှစ် မတ်လမှစတင်ကာ ဩဂုတ်လအထိ ဆောင်ရွက်ခဲ့သည့် အိမ်ထောင်စု လူဦးရေစာရင်း ၃၇၅၈ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၁၄၆ ကတ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဖြစ်၍ ကိုဗစ်- ၁၉ ကာလ အစိုးရုံးပိတ်ရက်များအတွင်း လုပ်ငန်းစဉ်လစ်လပ်မှုမရှိစေရေး လူဦးရေ ၈၅၅၈ ဦးအတွက် ကြိုတင်ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မင်းဘူး(စကု)မြို့နယ်၌ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**မင်းဘူး ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မိုးတွင်းကာလ ဖြစ်ပွားတတ်သော ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်စေရန် ယနေ့ နံနက်ပိုင်းက အသိပညာပေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများဦးဆောင်၍ နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်များနှင့် ကျောက်စံ၊ မယ်ဘော့ကုန်း၊ ကြာကန်၊ လက်ပံတောကျေးရွာ စသည့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်ကြသော မိဘပြည်သူများအနေဖြင့် မိုးရာသီဖြစ်တာကြောင့် ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ မြစ်ရေကြီးခြင်း၊ မြစ်ကမ်းပါး ပြိုကျခြင်းများ ဖြစ်ပွားနိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များ၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး သတ်မှတ်စည်းကမ်းချက်များကိုပါ အသံချဲ့စက်ဖြင့် အသိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေအမှတ်သည် ၁၇၀၀ စင်တီမီတာဖြစ်ပြီး ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်များအရ မင်းဘူးမြို့တွင် ၁၁၂၆ စင်တီမီတာအထိ ရောက်ရှိနေပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်များအရ သိရသည်။

**မောင်မောင်(မင်းဘူး)**




# သဘာဝဘေးအန္တရာယ်များ တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်

**ရွှေတောင် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ သစ်ပင်လဲခြင်းနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက်မြို့နယ်မီးသတ်ဦးစီးမှူး ရုံး/စခန်းနှင့် နယ်မြေမီးသတ်စခန်းရှိ တပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများ ကြိုတင်ပြင်ဆင်ထားရှိသည်။

မြို့နယ်အတွင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက မြို့နယ်မီးသတ်ဦးစီးမှူးရုံး ဖုန်း ၀၅၃-၅၅၁၉၁ သို့ ၂၄ နာရီ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း ရွှေတောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**ကိုကိုမင်း**

# မောင်တောမြို့နယ် မြကန်သာဆည်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၁၈**

ရခိုင်ပြည်နယ် မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ စဉ်ဆက်မပြတ်ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေးတို့အတွက် ဩဂုတ် ၁၇ ရက်က မောင်တောမြို့နယ် မြကန်သာဆည်အတွင်းသို့ မြို့သူကြီး တစ်ပိုင်တစ်နိုင် ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၁ ဒသမ ၅၀ သိန်းနှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၀ ဒသမ ၇၀ သိန်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၂၀ သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ ခရိုင်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဦးခင်မောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညီထွေးနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောင်းကျိုးပါမှ ပညာရ

**ရုပ်ရှင်တစ်ခေတ်မဆန်းမီက မြန်မာ့ဇာတ်သဘင်ရဲ့ ဖျော်ဖြေမှုတွေဟာ ပြည်သူတွေရဲ့စိတ်နှလုံးကို လွှမ်းမိုးနိုင်ခဲ့ပါတယ်။ ၁၂ လရာသီပွဲတော်တွေ၊ ဘုရားပွဲတွေမှာ ဇာတ်ပွဲတွေပါဝင်လေ့ရှိရာ ပြည်သူတို့အသည်းစွဲ ဇာတ်မင်းသား၊ မင်းသမီးတွေရဲ့အဆို၊ အငို၊ အပြော၊ ခေတ်နဲ့အညီ တီထွင်ဆန်းသစ်ထားတဲ့ ကပ်ဟန်တို့ကလည်း ပြည်သူတို့ရဲ့စိတ်ကိုညှို့ယူဖမ်းစားနိုင်ခဲ့ပါတယ်။**

ကိုထွန်းခင်



ရောဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ မွေးဖွားလာသူ စာရေးသူရဲ့အဘွားကတော့ ရွှေမန်းတင်မောင်က သူ့အကြိုက်ဆုံး ဇာတ်မင်းသားဖြစ်ကြောင်း ပြောလေ့ရှိပါတယ်။ ရွှေမန်းတင်မောင်က မြန်မာ့ဇာတ်သဘင်လောကကို ထူးသည်ထက်ဆန်းလာအောင် တီထွင်ဆန်းသစ်နိုင်ခဲ့တဲ့ ဇာတ်သဘင်ပညာရှင်တစ်ဦး၊ လွတ်လပ်ရေးရပြီးစ မြန်မာ့ဇာတ်သဘင်လောကမှာ နာမည်ကျော်လူကြိုက်များခဲ့ပြီး အလင်္ကာကျော်စွာဘွဲ့ရ ဇာတ်မင်းသားတစ်ဦးဖြစ်ပါတယ်။

### ဂန္ဓဝင်မြောက်ပြဇာတ်

ရွှေမန်းတင်မောင်ရဲ့ မြတ်ဗုဒ္ဓဖွားတော်မူခန်း၊ လေးတင်ခန်း၊ တောထွက်ခန်းတွေအပြင် ၅၅၀ ဇာတ်နိပါတ်တော်တွေကလည်း ပရိသတ်တို့အကြားမှာ ရေပန်းစားခဲ့ရတဲ့ ဇာတ်တော်ကြီးတွေပဲဖြစ်ပါတယ်။ အဆို၊ အပြော ဇာတ်သဘင်ပညာကို ပိုင်နိုင်လေတော့ ရွှေပွဲလာပရိသတ်တို့မှာ ထိုဇာတ်တော်ကြီးတွေကို တစ်ထိုင်တည်းမှတ်မိလောက်အောင် စိတ်ထဲစွဲမြဲခဲ့ရပါတယ်။ ဂန္ဓဝင်မြောက်ပြဇာတ်တွေအပြင် ဇာတ်စင်ရဲ့အပြင်အဆင်၊ အခင်းအကျင်း၊ ဆလိုက်မီးတွေကလည်း အမှောင်ထဲမှာ တလက်လက်၊ တဖိတ်ဖိတ်တောက်နေပြီး အသက်ဝင်တယ်လို့ပြောကြပါတယ်။

ရွှေမန်းတင်မောင်က ဇာတ်ခုံအပြင်အဆင်တွေကအစ ဆလိုက်မီးတွေကို စတင်ဆန်းသစ်လိုက်တဲ့အတွက် "မီးရောင်ခြည်အစ ရွှေမန်းက" လို့ ဆိုစမှတ်ရှိသလို အပြော၊ အဟောကောင်းတဲ့အတွက် အပြောကတော့ရွှေမန်းလို့ ဆိုကြပါတယ်။ ယနေ့ခေတ်တိုင် အပြောကောင်းသူကို အပြောကတော့ ရွှေမန်းပဲဟု တင်စားပြောဆိုနေကြဆဲလည်း ဖြစ်ပါတယ်။

ဇာတ်သဘင်ပညာက ဖျော်ဖြေမှုကို အသိပညာပေးမှုနဲ့ပေါင်းစပ်ပြီး ပြည်သူတို့ရဲ့ စိတ်နှလုံးကို ဆွဲဆောင်စည်းရုံးနိုင်တဲ့ အနုသုခုမအတတ်ပညာဖြစ်ပါတယ်။ မရှိသည်ကို အရှိထင်၊ မဟုတ်သည်ကို အဟုတ်ထင်၊ ငိုအောင်၊ ရယ်အောင်၊ စိတ်အားတက်ကြွအောင်၊ ဝမ်းသာ၊ ဝမ်းနည်းအောင် ပရိသတ်တွေကို လှည့်စားဆွဲဆောင်နိုင်တဲ့ အလွန်သိမ်မွေ့နက်နဲတဲ့ပညာရပ်ပဲဖြစ်ပါတယ်။

ဇာတ်လမ်းဇာတ်ကွက်ကို အာရုံစူးစိုက်လာအောင် ဇာတ်ခုံကို အမှောင်ချထားပြီး ပွဲကြည့်ပရိသတ်တွေ မသိစေချင်တာကို အမှောင်ထဲမှာ ကွယ်ထား၊ ပြသလိုတာကို မီးမောင်းထိုးပြသ သရုပ်ဆောင်ခြင်းအတတ်ပညာနဲ့ အနုပညာကို သဘာဝကျကျ ပေါင်းစပ်ခြင်းဖြစ်ပါတယ်။

ညအမှောင်မှာ ဆလိုက်မီးတွေရဲ့ အံ့မခန်းစေစားချက်တွေကြောင့်လည်း ဇာတ်ခုံထက်မှ လျှပ်စီးလက်ဟန်၊ မိုးရွာဟန်၊ လျှပ်စီးလက်လိုက်တဲ့ ရောင်ခြည်တန်းကြီးတွေနဲ့ မိုးကြိုးထစ်သံတို့မှာ တကယ်အလား ထင်မှတ်မှားကြရပါတယ်။

အလင်းရောင်ဝါ ထိန်ထိန်သာနေရင် မမြင်တွေ့စေလိုတာတွေကို ဖုံးကွယ်လို့ရမှာ မဟုတ်ပါဘူး။ စာရေးသူကြည့်ခဲ့ဖူးတဲ့ ပြဇာတ်တစ်ခုကို ကွင်းကွင်းကွက်ကွက်မြင်လာအောင် ဥပမာတစ်ခုအနေနဲ့ ထုတ်နုတ်တင်ပြရရင် ကိန္နရီကိန္နရာပြဇာတ်မှာ ကိန္နရီကိန္နရာတို့ ကောင်းကင်မှာ ပျံတဲ့ဇာတ်ဝင်ခန်း၊ ဇော်ဂျီကတဲ့အခါ ကောင်းကင်မှာ ပျံတဲ့ဇာတ်ဝင်ခန်းတွေမှာ မင်းသား မင်းသမီးတွေရဲ့ ကျောမှာ ကြိုးကိုချိတ်ထားပြီး ကောင်းကင်မှာ တကယ်ပျံနေသယောင် သရုပ်ဖော်ကြရပါတယ်။ ကြိုးချိတ်ထားတာကို အမှောင်ထဲမှာမှ မမြင်ရမှာဖြစ်ပါတယ်။ အားလုံးကို မြင်တွေ့နေရရင် အာရုံဝင်စားဖို့၊ သူတို့ရဲ့ အဆို၊ အငို၊ လွမ်းခန်းမှာ လိုက်ပါစီးမျောဖို့ဆိုတာ ခက်ခဲမှာဖြစ်ပါတယ်။

### ပရိသတ်ရဲ့စိတ်အာရုံကိုလွှမ်းမိုး

ဒါကြောင့်လည်း ဇာတ်ပွဲတွေကို ညအချိန်မှာ ကပြကြတာဖြစ်ပါတယ်။ ညအမှောင်ရဲ့ လွှမ်းမိုးမှု၊ အမှောင်ရဲ့သဘာဝကို အားပြု၊ အနုပညာပရိယာယ်နဲ့ ဖန်တီးပေါင်းစပ်လိုက်တဲ့အခါ ဇာတ်ရုပ်တွေက ရုပ်လုံးကြွသက်ဝင်လာပြီး ပရိသတ်ရဲ့ စိတ်အာရုံကို လွှမ်းမိုးချုပ်ကိုင်နိုင်လာ၊ ပျော်စေ၊ လွှမ်းစေ၊ စိတ်အားတက်ကြွစေလာတော့တာ ဖြစ်ပါတယ်။

### အနုပညာပြောင်မြောက်

ပြည်သူတို့ လေးစားအားကျအတုယူရမယ့် အပြုအပြောတွေ၊ အံ့မခန်းအနုပညာမြောက်စွမ်းဆောင်ချက်ကြောင့် နာမည်ကျော်ကြားထင်ရှားခဲ့တဲ့ ဇာတ်သဘင်ပညာရှင်တွေ အမြောက်အမြားပေါ်ထွန်းခဲ့ပါတယ်။ နိုင်ငံတော်ကလည်း အလင်္ကာကျော်စွာဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့၊ စသဖြင့်ဘွဲ့တံဆိပ်တွေ ပေးအပ်ချီးမြှင့်ဂုဏ်ပြုခဲ့ရတဲ့အထိ ထိုသူတို့ရဲ့အနုပညာဟာ တကယ်ကို ပြောင်မြောက်ပြီး ပြည်သူအတွက် စေတနာစစ်မှန်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

နောက်ပိုင်းခေတ်မှာတော့ ဇာတ်စာ၊ ဇာတ်ပညာ၊ ဇာတ်အနုအလှ တစ်ခုမှမကျေညက်၊ အဖော်အချွတ် အညီအဟောက်ဖျော်ဖြေမှုတွေနဲ့ ပရိသတ်ကို ဆွဲဆောင်တဲ့ဇာတ်သဘင်အချို့ကိုလည်း တွေ့မြင်လာရပါတယ်။ လေးစားအတုယူဖွယ် အနုပညာရသ မပါ၊ အသိပညာမရနိုင်တဲ့ ဖျော်ဖြေမှုသက်သက်ကတော့ ပရိသတ်အပေါ် စေတနာမဲ့လွန်းရာကျပါတယ်။

အသက်ငယ်သည်ဖြစ်စေ၊ ရုပ်ချောသည်ဖြစ်စေ ပရိသတ်ကို ဇာတ်သဘင်ရဲ့အနှစ်သာရအနုပညာနဲ့ လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း လမ်းကောင်းလမ်းမှန် မညွှန်ပြနိုင်တဲ့ဇာတ်မျိုးကို စင်တင်မပေးသင့်ပါဘူး။ သဘင်ဆိုတာ ပုဗ္ဗနိမိတ်ကို ဆောင်တဲ့အထဲမှာ ပါဝင်ပါတယ်။ မင်္ဂလာရှိတဲ့ သီချင်း၊ မင်္ဂလာရှိတဲ့စကား၊ ကျက်သရေရှိတဲ့အသံ၊ ကျက်သရေရှိတဲ့အကြောင်းအရာ၊ အပြအသ၊ အတီးအမှုတ်၊ အဆိုအကတွေနဲ့ ပြည်သူလူထုကို တင်ဆက်ရတာဖြစ်ပါတယ်။

လေ့လာဆည်းပူးမှု၊ အလေ့အကျင့်၊ သင်ယူမှတ်သားခဲ့တဲ့အတွေ့အကြုံ သမ္ဘာလည်း လိုပါတယ်။ ရွှေပွဲလာပရိသတ်တွေကို ရိုသေလေးစားတဲ့ ဂါရဝတရားလည်း လိုပါတယ်။ ပျော်စေချင်၊ ကြည်နူးစေချင်သလို သံဝေဂရသင့်တာကို ရကြစေချင်တဲ့ ကောင်းမွန်မြင့်မြတ်တဲ့ စိတ်စေတနာ အရင်းခံပြီး မေတ္တာနဲ့ညွှန်ပြကြရတာဖြစ်ပါတယ်။

'ဇမ္ဗူဒိပ်နိမိတ်' ဇမ္ဗူဒီပါ လင်္ကျာတောင်ကျွန်း ဩဘာနိမိတ်ထွန်းပါတယ်။ မင်္ဂလာရှိတဲ့စကား၊ မင်္ဂလာရှိတဲ့အပြုအမူ၊ မင်္ဂလာရှိတဲ့အတွေးအမြင်၊ အကြံအစည်တွေနဲ့ပြည့်စုံမှ ပရိသတ်၊ လူအများလည်း ကောင်းကျိုးဝေဖြာကျက်သရေမင်္ဂလာရှိစေပါတယ်။ ကလေးငယ်၊ သဘင်သည်၊ သူရူးတွေရဲ့ စကားဟာ မှန်တတ်တယ်လို့ ရှေးလူကြီးတွေ ယုံကြည်ကြတာကိုလည်း မှတ်သားဖူးပါတယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၉၀ ကနေ ယနေ့အထိ ထင်ရှားကျော်ကြားနာမည်ကြီးတဲ့ မိမိကိုယ်ကို မြှင့်တင်ပျိုးထောင်နည်းတက်ကျမ်း (Self Help) စာအုပ်တွေကို ဖတ်ကြည့်ရင် မိမိရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးစလုံးက အပြုသဘော (Positive Thinking) ဘက်က တွေးခေါ်ရမယ်လို့ ဖော်ပြထားကြပါတယ်။ လူဆိုတာ ကိုယ်တွေးထင်မျှော်မှန်းထားတဲ့၊ ရောက်ရှိတတ်တဲ့ သဘောရှိပါတယ်။ အတွေးအကြံဟာ အကျင့်ဖြစ်သွားပြီး ထိုသူရဲ့ဘဝကို ဖန်တီးတာဖြစ်ပါတယ်။

ပရဟိတအများကောင်းကျိုးအတွက် အနစ်နာခံပြီး ဆော်ဩ၊ လှူဒါန်း၊ ပေးဝေ၊ ဦးဆောင်ကူညီ၊ သီလစောင့်၊ ကောင်းမှုကုသိုလ်အမျိုးမျိုးကို ပြုလုပ်လေ့ရှိသူတွေကို ရပ်ထဲရွာထဲမှာ တွေ့မြင်ဖူးကြပါလိမ့်မယ်။ ရှားပေမယ့် ရှိပါတယ်။ ဘာကောင်းမှုကုသိုလ်တွေ လုပ်ဆောင်ရမလဲလို့ အမြဲတွေးတောစဉ်းစားနေတတ်သူတွေ ဖြစ်ပါတယ်။ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေကို ဘယ်လိုပွားများအောင် လုပ်ဆောင်ဆည်းပူးရမလဲလို့ ကြံစည်နေတတ်သူအဖို့ တစ်ခုမဟုတ်တစ်ခု ကောင်းမှုကုသိုလ်တွေက အထမြောက်နေပါတော့တယ်။

ကံသုံးပါးမှာ မနောကံက ရှေ့ကဦးဆောင်ပါတယ်။ ဒါကြောင့် ကောင်းတဲ့အတွေးအကြံတွေရှိဖို့ လိုပါတယ်။ "စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" လို့ မြတ်စွာဘုရား မိန့်တော်မူခဲ့ပါတယ်။ စေတနာဟာ ကံလို့ဆိုတာကြောင့် စိတ်စေတနာမှန်ဖို့ လိုပါတယ်။ ဒါ့အပြင် မြတ်ဗုဒ္ဓဟောတော်မူတဲ့ ပိဋကတ်သုံးပုံကို တစ်လုံးတည်းပြောပါဆိုရင် 'စိတ်' လို့အချို့ဆရာတော်ကြီးတွေဟောကြားထားတာကို ကြားနာဖူးပါတယ်။

စေတနာကောင်း၊ စိတ်ကောင်း ဦးဆောင်နိုင်အောင်၊ မကောင်းတဲ့စိတ်၊ မကောင်းတဲ့ အတွေးအကြံတွေ မဝင်နိုင်အောင် စိတ်ကို သတိနဲ့စောင့်ကြည့်ရမှာဖြစ်ပါတယ်။ စိတ်ပုပ်၊ နှုတ်ပုပ်၊ အလုပ်ပုပ်တဲ့သူတွေက အနေ့နဲ့အမြန် ပြိုလဲပျက်စီးကျရှုံးကြတာကို တွေ့မြင်ဖူးပါတယ်။

### ပရိသတ်အတွက် အကျိုးမရှိနိုင်

ဒါကြောင့် စေတနာမမှန်တဲ့ ဇာတ်သဘင်၊ စေတနာမမှန်တဲ့ အနုပညာရှင်တွေကတော့ ဖရိုဖရဲဇာတ်ခေါင်းကွဲပြီး ပြိုလဲကျရှုံးကြရပါတယ်။ ပရိသတ်အားမပေးလို့ဆိုပေမယ့် သူတို့ရဲ့ ကြမ်းတမ်းတဲ့စကားတွေ၊ ရမ်းကားတဲ့ ကပြ၊ ဖျော်ဖြေတင်ဆက်ပုံတွေကြောင့် ပရိသတ်က လက်မခံတာဖြစ်ပါတယ်။ ဘယ်သူမပြုမိမိမှုလို့ ဆိုရမှာပဲဖြစ်ပါတယ်။ စည်းလွတ်ဝါးလွတ်၊ အဖော်အချွတ်တွေနဲ့ ဒိုးဒိုးဒန့်ဒန့်လုပ်ပြတိုင်း ပွဲဆူရုံကလွဲလို့ ပရိသတ်အတွက် အကျိုးမရှိနိုင်ပါဘူး။ အကျိုးရှိအောင် တင်ဆက်နိုင်ဖို့သာ အရေးကြီးပါတယ်။

ဇာတ်သဘင်ပညာ၊ အနုပညာဇာတ်ရည်လည်အောင် ကပြနိုင်ရင် ပရိသတ်က ကြိုက်ကြတာပါပဲ။ ပါးစပ်က အနုပညာသည် ပြည်သူအတွက်လို့ အော်နေပေမယ့် 'ကောင်းကျိုးပါမှ ပညာရ' ဆိုတဲ့အတိုင်း ပြည်သူအတွက် အကျိုးရှိတာ၊ အကျိုးပြုတာတွေလည်းပါဖို့ လိုပါတယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာတော့ကျန်ခဲ့ရမှာ မဟုတ်ပါလား။ ။

> ❋ ဇာတ်သဘင်ပညာက ဖျော်ဖြေမှုကို အသိပညာပေးမှုနဲ့ပေါင်းစပ်ပြီး ပြည်သူတို့ရဲ့ စိတ်နှလုံးကို ဆွဲဆောင်စည်းရုံးနိုင်တဲ့ အနုသုခုမ အတတ်ပညာဖြစ်ပါတယ်။ မရှိသည်ကို အရှိထင်၊ မဟုတ်သည်ကို အဟုတ်ထင်၊ ငိုအောင်၊ ရယ်အောင်၊ စိတ်အားတက်ကြွအောင်၊ ဝမ်းသာ၊ ဝမ်းနည်းအောင် ပရိသတ်တွေကို လှည့်စားဆွဲဆောင်နိုင်တဲ့ အလွန်သိမ်မွေ့ နက်နဲတဲ့ပညာရပ်ပဲ ဖြစ်ပါတယ်

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများအား အများပြည်သူစိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှု

**မန္တလေး ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုသည် အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ မန္တလေးမြို့ပေါ် တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေးအတွက် ဆောင်ရွက်နေမှုများအား ကြည့်ရှုရန် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ ယနေ့ နံနက် ၆ နာရီခွဲက ရောက်ရှိရာ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့်အဖွဲ့ဝင်များက ကြိုဆို ကြသည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာမုနိရုပ်ရှင်တော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍(ယာပုံ) ဘုရားကြီးရှိ မိုးကောင်းဓမ္မာရုံတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ကြီး အမှူးပြုသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မဟာမုနိဩဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကာ မန္တလေးတိုင်းအတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ ကူးစက်ရောဂါကျဆင်းလာမှု အခြေအနေများ၊ အောက်ဆီဂျင် လုံလောက်စွာရရှိရေးအတွက် စက်ရုံများတည်ဆောက်နေမှုအခြေအနေများ၊ မန္တလေးခရိုင်ရှိ ကျောင်းတိုက်များမှ သံဃာတော်များ၊ ဆွမ်းကွမ်း အခက်အခဲမရှိစေရေးအတွက် ဆောင်ရွက်ပေးနေမှုများအား လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပြီး တိုင်းဒေသကြီးဝန်းကြီးချုပ်က မိသားစုအလှူအဖြစ် ဆရာတော်ကြီးများအား နဝကမ္မ ဝတ္ထုငွေကျပ် ၁၅ သိန်းနှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းသည်။



ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ဆုတောင်းပြည့်မြတ်စွာဘုရားသို့ ရောက်ရှိပြီး စက်လှေကားအမြန်ပြီးစီးရေး၊ ဘုရားဖူးများအား ကိုဗစ်စည်းကမ်းနှင့်အညီ ဘုရားဖူးမြော်ခွင့်ပြုရေး၊ ဘုရားဖူးများ စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဘုရားပရိဝုဏ်အား အမြင်တင့်တယ်အောင်ဆောင်ရွက်ရေး၊ သစ်ပင်များစိုက်ပျိုးရေးတို့ကို မှာကြားပြီး မိသားစုအလှူအဖြစ် အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့သည်။

ဆက်လက်၍ ချမ်းအေးသာစံမြို့နယ်ရှိ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရားအား ဖူးမြော်၍ ပန်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသင်္ကန်းများ ဆက်ကပ်ပူဇော်ကာ မူလဗိမာန်တော်သို့ ပြန်လည်ပင့်ဆောင်နိုင်ရေး ပလ္လင်တော်ပြန်လည်မွမ်းမံ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး မိသားစုအလှူအဖြစ် အလှူငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ မုံရွာမြို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက် နံနက်ပိုင်းက မုံရွာမြို့ ကန်သာယာ အနောက်ဘက်ကန် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ကန်သာယာ အနောက်ဘက်ကန် ၄၃ ဒသမ ၅ ဧကအတွင်း သန့်ရှင်းသာယာလှပရေး ဗေဒါများဆယ်ယူနေမှု လုပ်ငန်းများနှင့် ကန်သာယာ အနောက်ဘက်ကန် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သော ပျမ်းမျှအနက်လေးပေ တူးခြင်းနှင့် တာပေါင်မြေဖို့ခြင်း၊ မြေညှိခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဗေဒါဆယ်တင်ခြင်းလုပ်ငန်းအား သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ဗေဒါဆယ်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြသော ဝန်ထမ်းများ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ကြရန်၊ ကန်သာယာ အနောက်ဘက်ကို အမြဲသန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ပြီး ရေရှည်ထိန်းသိမ်းထားရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ကန်သာယာ အနောက်ဘက် ကန်အတွင်း တာဝန်ရှိသူများနှင့်အတူ ဗေဒါများဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (ယာပုံ)

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မုံရွာတောင်ရပ်ကွက် Ultra Co,Ltd မှ တာဝန်ယူ တည်ဆောက်သည့် ကားကြီးကွင်း တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ကားကြီးကွင်း တည်ဆောက်ပြီးစီးမှု လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များ အပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ တည်ဆောက်ပြီးစီးသော အဝေးပြေး ကားကြီးဂိတ်များနှင့် ဈေးဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဩဂုတ် ၁၈**

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၂)ကို ဩဂုတ် ၂၀ရက်၊ သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ထက်မြက်စိုး၊ စိုးသန်းထွန်း၊ စိုးအောင် (ကောင်းကင်ပြာ)၊ အံ့ကျူးမောင်၊ စန်းလွင် (ဒွါရာဝတီ)၊ ခင်လပြည့်ဝန်း ၊ဘိုမ၊ သီရိစံ၊ ကေရီအောင်၊ နန်းစန္ဒီတို့က ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။




ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၂၂ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၈)ကို ဩဂုတ် ၂၀ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ်(၂၈)၏ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင် နှင့် မိုးဂျူလိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး




မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် (၂၀၊ ၂၁၊ ၂၂ )ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာမျိုးအောင်နှင့် ဒုတိယမြို့တော်ဝန်(ဟောင်း) ဦးရဲမင်းဦး၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်(ဟောင်း) ဦးမင်းသူနှင့် ဒေါ်စံပယ်ထွေး တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေး အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

## လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင်သည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် ပုဂ္ဂိုလ်တစ်ဦးကို နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်အတွင်းရှိ စီးပွားရေးဇုန်ဧရိယာအတွင်း မြေကေ (၂၀) ကို ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ နေရာချထားပေးခဲ့ပြီး ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်ရှိ အထူးမြေကွက်အမှတ်(ဥ-၁၀၀၂)၊ မြေဧရိယာ(၂ ဒသမ ၀၇)ဧကပေါ်တွင် ၎င်းနေထိုင်ရန်အတွက် တစ်ထပ်တိုက် နေအိမ်တစ်လုံးကို ယခင်နှစ်ဈေးနှုန်းဖြစ်သည့် တန်ဖိုးငွေကျပ်သိန်း ၁၃၅၀ ဖြင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုကာ ပထမအရစ် ငွေကျပ်သိန်း ၂၇၀ ကိုသာ ပေး၍ အိမ်ဆောက်လုပ်စေခဲ့ခြင်း၊ အိမ်ဆောက်လုပ်ပြီးစီး၍ နေထိုင်နေပြီဖြစ်သော်လည်း ပေးရန် ကျန်ငွေကျပ်သိန်း ၁၀၈၀ ကို ပေးအပ်ခဲ့မှု မရှိခြင်းတို့သည် လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင်သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း ပြည်သူ့အငှားအိမ်ရာ စီမံကိန်း (Myanmar Developer Association)ကို တည်ထောင်ပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစားအိမ်ရာ တည်ဆောက်ရာ၌ ဆောက်လုပ်ခွင့်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိထားသူအား ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ နီလာ (၁) လမ်းရှိ နေအိမ်တွင် လက်ခံတွေ့ဆုံကာ လာဘ်ငွေအဖြစ် ပေးအပ်သော ငွေကျပ်သိန်း ၁၁၀ ကို လက်ခံရယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီမှ ဝင်ရောက်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁ ဦးသို့ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ထောက်ပံ့ရန်သုံးစွဲခဲ့ခြင်းသည် နိုင်ငံရေး ရာထူးလက်ရှိဖြစ်ခဲ့စဉ်က လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း။

## ငွေကြေးတောင်းခံရယူ

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်သော အသုံးစရိတ်အတွက် နေပြည်တော်ကောင်စီဝင်(ဟောင်း)များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀ ကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအတွင်းက နေပြည်တော်ကောင်စီရုံးရှိ ၎င်း၏ ရုံးခန်း၌ လက်ခံရယူခဲ့ခြင်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ တံစိုးလက်ဆောင်အဖြစ် ငွေကြေးတောင်းခံရယူပြီး အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင် သည် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်ရှိ အထူးမြေကွက် (၁၆)ကွက် ဖော်ထုတ်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ မေ ၄ ရက် ရက်စွဲပါ စာအမှတ်၊ ၁၂၆(၁)/၈/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသော နိုင်ငံတော်ပိုင်မြေရောင်းချရငွေများကို နိုင်ငံတော်သို့ ပေးအပ်ရန်ဟူသော ညွှန်ကြားချက်နှင့် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက် ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)တို့ကို လိုက်နာမှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်ပိုင်ငွေကြေး စုစုပေါင်းငွေကျပ် ၁၉၃၃ သန်းကျော်ကို ဆုံးရှုံးစေခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာမျိုးအောင်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်(၂) (ဟောင်း) ဦးမင်းသူနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်(၃)(ဟောင်း) ဒေါ်စံပယ်ထွေးတို့သည် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်ရှိ အထူးမြေကွက် (၁၆) ကွက် ဖော်ထုတ်ရာတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်ပေးရန်မလိုသည့် ကိုယ်ပိုင်မြေကွက်များတွင် မြေကြီး Level ညှိခြင်းလုပ်ငန်းများ၊ မြေကွက် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာငွေကျပ် ၁၄၈ သန်းကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

## တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာ မျိုးအောင် နှင့် ဒုတိယမြို့တော်ဝန်(ဟောင်း) ဦးရဲမင်းဦးတို့သည် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်အတွင်းရှိ စီးပွားရေးဇုန် ဧရိယာအတွင်း၌ မြေကွက် (၄၄) ကွက်၊ စုစုပေါင်း မြေဧရိယာ ၇၄ ဒသမ ၇၆ ဧကကို ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ကုမ္ပဏီ/ လူပုဂ္ဂိုလ် ၁၉ ဦးတို့ထံ တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀၀ နှုန်းဖြင့် မြေနေရာ ချထားရာတွင် နေပြည်တော် စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်အား ဖောက်ဖျက်လျက် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက် ရယူခြင်းမရှိဘဲ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှု အစည်းအဝေးများဖြင့်သာ ဆုံးဖြတ်၍ ခွင့်ပြုပေးခဲ့သဖြင့် နိုင်ငံတော်အနေဖြင့် ငွေကျပ်သိန်း ၁၄၉၅၂၀ ခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါက်တာ မျိုးအောင်၊ ဦးရဲမင်းဦး၊ ဦးမင်းသူနှင့် ဒေါ်စံပယ်ထွေး အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၅ အရ သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

---

■ *ကျောဖုံးမှ*

၄။ ယခုအခါ အောင်ဘာလေသိန်းထီကံစမ်းသူ မိဘပြည်သူများအတွက် ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးနိုင်ရန်နှင့် ထီဆုငွေများကို ပိုမိုအဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်စေရေးအတွက် (၁-၉-၂၀၂၁) ရက်နေ့တွင် ဖွင့်လှစ်မည့် အကြိမ် (၃၀) မြောက် အောင်ဘာလေသိန်းထီဖွင့်ပွဲမှစ၍ ထီဆုငွေပမာဏအား ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ခွဲဝေပေးသွားမည် ဖြစ်ပါကြောင်းနှင့် ထီဆုငွေများအားလုံးကို ငွေထုတ်ကန့်သတ်ချက်မထားဘဲ အပြည့်အဝ ထုတ်ယူခွင့်ပြုသွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

---

❍ *ကျောဖုံးမှ*

ပြည်သူများကို ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ခင်ဦးမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်တွင် ဆေးအလုံး ၁၀၀၀၊ ဒုတိယအကြိမ်တွင် ဆေးအလုံး ၇၅၀၊ တတိယအကြိမ်တွင် ဆေးအလုံး ၅၀၀၊ စတုတ္ထအကြိမ်တွင် ဆေးအလုံး ၅၀၀ ဖြင့် မြို့နယ်အတွင်းရှိ အသက် (၆၅) နှစ်နှင့် အထက်ပုဂ္ဂိုလ်များနှင့် ဦးစားပေးအဆင့်အလိုက် ထိုးနှံပေးလျက်ရှိပြီး ဆေးတစ်လုံးလျှင် လူနှစ်ဦးနှုန်းဖြင့် ဩဂုတ် ၁၇ ရက်အထိ လူဦးရေ ၄၂၃၅ ဦး ထိုးနှံပေးခဲ့ပြီး ကျန်ရှိနေသော ပြည်သူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်းနှင့် ကျန်ရှိနေသော မြို့နယ်အတွင်းရှိ ပြည်သူများနေဖြင့် လာရောက်ထိုးနှံကြပါရန် နှိုးဆော်ပေးလျက်ရှိကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

---

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ တမူးမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ စစ်တွေမြို့တွင် ၄ ဒသမ ၂၅ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၁ လက်မ၊ ကနီမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ထီးလင်းမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ကျောက်တော်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ပြည်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ သီပေါမြို့နှင့် လားရှိုးမြို့တို့တွင် ၁ ဒသမ ၆၂ လက်မစီနှင့် မာန်အောင်မြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

---

❂ *ကျောဖုံးမှ*

ထို့ကြောင့် ဒေါ့မွန်အသင်းသည် ယခုနှစ်ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းကို ယမန်နှစ်က ရှုံးကြွေးပြန်ဆပ်နိုင်ခြင်းမရှိဘဲ ရှုံးပွဲနှင့် ထပ်မံကြုံတွေ့ခဲ့ပြီး ဖလားလက်လွှတ်ခဲ့ရခြင်းဖြစ်သည်။

ယနေ့ပွဲစဉ်တွင် ဒေါ့မွန်အသင်းသည် အဓိကကစားသမားအများစုဖြင့် ဘိုင်ယန်မြူးနစ်အသင်းကို ရင်ဆိုင်လာခဲ့သော်လည်း ကောင်းမွန်သည့် ကစားဟန်၊ သာလွန်သည့် စိတ်ဓာတ်တို့ကို ထုတ်ပြနိုင်ခြင်း မရှိခဲ့သောကြောင့် ရှုံးပွဲနှင့်ကြုံတွေ့ကာ ဆုဖလားနှင့် လွဲချော်ခဲ့ရခြင်းဖြစ်သည်။ ပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်းက လီဝမ်ဒေါစကီး၊ မူလာ၊ ဂနာဘရီတို့ ခြေစွမ်းပြမှုနှင့်အတူ ကိုးကြိမ်မြောက် ဂျာမန်စူပါဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်ဂိုးကို ဘိုင်ယန်မြူးနစ်အသင်းက စတင်ရရှိခဲ့ပြီး ပွဲချိန် ၄၁ မိနစ်တွင် ဂနာဘရီ၏ ဖန်တီးမှုမှတစ်ဆင့် လီဝမ်ဒေါစကီးက သွင်းယူပေးခဲ့သည်။ အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်ပြီး အဆုံးသတ်သေချာသည့် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် မူလာက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် ဒေါ့မွန်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် ဘယ်လင်ဂမ်၏ ဖန်တီးမှုမှတစ်ဆင့် မာကို့စ်ရူးစ်က သွင်းယူပေးခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချေပဂိုးခွင့်ပြုပေးခဲ့ရပြီးနောက် ကစားအားကျလာသည့် မူလာနှင့် ဂနာဘရီတို့ကို ထုတ်ကာ မူဆီယေးဆာနှင့် တိုလစ်ဆိုတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ပွဲချိန် ၇၄ မိနစ်တွင် ဘိုင်ယန်မြူးနစ်အသင်း တတိယဂိုးရရှိခဲ့ပြီး လူစားဝင်ကစားသမား တိုလစ်ဆို၏ ဖန်တီးမှုမှတစ်ဆင့် လီဝမ်ဒေါစကီးက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ဂျာမန်စူပါဖလားကို နောက်ဆုံးခြောက်နှစ်အတွင်း ငါးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းသည် လာမည့်ပွဲအဖြစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲစဉ် (၂) တွင် ဖရိုင်းဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းက ဘွန်ဒက်စ်လီဂါပွဲစဉ် (၂) အဖြစ် ကိုလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# အာဖဂန်နစ္စတန်တွင် တာလီဘန်များ အစိုးရသစ်ဖွဲ့စည်းရန် လုပ်ဆောင်လျက်ရှိ

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်နစ္စတန်တွင် တာလီဘန်များက အစိုးရသစ်ဖွဲ့စည်းရန် လုပ်ဆောင်လျက်ရှိနေဟန်ကို တွေ့ရသည်။

ယခုလကုန်တွင် အမေရိကန်တပ်ဖွဲ့များ နိုင်ငံတွင်းမှ အပြည့်အဝဆုတ်ခွာမည်ဖြစ်ရာ တာလီဘန်များက ၎င်းတို့၏ ထိုးစစ်ကို အရှိန်မြှင့်ပြီး အာဏာရရှိရေး ကြိုးစားလျက်ရှိသည်။

တာလီဘန်အဆင့်နှစ် ခေါင်းဆောင် မူလာအဗ္ဗဒူဂါနီဘာရာဒါသည် ဩဂုတ် ၁၇ ရက်က သမ္မတအာရှရက်ဖ်ဂါနီ ဦးဆောင်သော အစိုးရအရာရှိများနှင့် တွေ့ဆုံဆွေးနွေးရန် တောင်ပိုင်း ကန်ဒါဟာပြည်နယ်သို့ ရောက်ရှိလာခဲ့သည်။

တာလီဘန်များသည် ကဘူးလ်တွင်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးဥက္ကဋ္ဌ အဗ္ဗဒူလာကဲ့သို့သော သက်ဆိုင်ရာအရာရှိများနှင့် ညှိနှိုင်းဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။ အဗ္ဗဒူလာသည် အာဖဂန်သမ္မတ၏ အုပ်ချုပ်ရေးယန္တရားလက်အောက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးဆောင်နေသူဖြစ်သည်။

တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ်က တာလီဘန်ပြည်နယ်တည်ထောင်ရေးအတွက် မကြာမီ သဘောတူညီချက်ရရှိတော့မည်ဖြစ်ကြောင်း ဩဂုတ် ၁၇ ရက်က ပြောကြားလိုက်သည်။

သမ္မတ ဂါနီသည် နိုင်ငံတွင်းမှ ထွက်ပြေးလျက်ရှိသည်။ ပထမ ဒုတိယသမ္မတ အမ်ရူလာဆာလေက ဩဂုတ် ၁၇ ရက်က သူ့အနေဖြင့် အာဖဂန်နစ္စတန်အတွင်းမှာပင်ရှိသေးကြောင်း တွစ်တာတွင် ပြောကြားလိုက်ပြီး သူ့ကိုယ်သူ တရားဝင်နိုင်ငံတော်ကို စောင့်ရှောက်ရမည့်သူဖြစ်ကြောင်း ကြေညာလိုက်သည်။ ထို့အပြင် ပြည်သူများကိုလည်း တာလီဘန်များကို ခုခံတွန်းလှန်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။

ယခုအချိန်တွင် တာလီဘန်များသည် မြို့တော်ကဘူးလ်အပါအဝင် နိုင်ငံ၏အစိတ်အပိုင်းအများစုကို ထိန်းချုပ်လျက်ရှိရာ ဆာလေအနေဖြင့် မည်မျှ တောင့်ခံနိုင်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

**အင်န်အိတ်ချ်ကေ**



တာလီဘန်ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာ မူဂျာဟစ် ဩဂုတ် ၁၇ ရက်က ပထမဆုံးအကြိမ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

# ဂျပန်နိုင်ငံ တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော မိခင်လောင်းအရေအတွက် မှတ်တမ်းတင်ရမည့်ပမာဏအထိ ရောက်ရှိလာ

**တိုကျို ဩဂုတ် ၁၈**

တိုကျိုတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော ကိုယ်ဝန်ဆောင်အမျိုးသမီးအရေအတွက်သည် ဇူလိုင်လက ၁၀၀ နီးနီးတိုးလာပြီး မှတ်တမ်းတင်ရမည့်ပမာဏအထိ ရောက်ရှိလာကြောင်း အင်န်အိတ်ချ်ကေတွင် ဖော်ပြသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု၏ ဆိုးရွားသောလက္ခဏာများကို ခံစားရနိုင်ခြေပိုများသည်ဖြစ်ရာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်နိုင်သမျှမြန်မြန်ထိုးထားရန် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်သူများက တိုက်တွန်းပြောကြားထားသည်။

ဂျပန်နိုင်ငံ သားဖွားမီးယပ်ဆိုင်ရာ ပညာရှင်များအဖွဲ့က လွန်ခဲ့သောလက မြို့တော်တိုကျိုရှိ ကိုယ်ဝန်ဆောင်အမျိုးသမီး ၉၈ ဦး ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း အတည်ပြုပြောကြားခဲ့သည်။

လွန်ခဲ့သော ဒီဇင်ဘာလက ၄၆ ဦး ရှိခဲ့ပြီး ယခုနှစ် မေလတွင် ၅၀ ရှိခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသော ကိုယ်ဝန်ဆောင် အမျိုးသမီးဦးရေ တဖြည်းဖြည်း ပိုများလာခဲ့သည်။

လွန်ခဲ့သောနှစ် ဧပြီလနှင့် ယခုနှစ် ဇူလိုင်လကြား တိုကျိုရှိ ကိုယ်ဝန်ဆောင် အမျိုးသမီး ၄၆၀ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့သည်။

ကိုယ်ဝန်ဆောင် နေစဉ်အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပါက တခြားသူများထက် ပိုမိုခံစားရနိုင်ကြောင်း၊ အထူးသဖြင့်နောက်ဆုံးအဆင့်များတွင် ပိုမိုဆိုးရွားစွာ ခံစားရနိုင်ကြောင်း ဂျပန်နိုင်ငံ သားဖွားမီးယပ်ဆိုင်ရာပညာရှင်များအဖွဲ့က ပြောသည်။

နိပွန်ဆေးဘက်ဆိုင်ရာကျောင်းမှ ပါမောက္ခချုပ် နာကီအကီဟီတိုက ကိုယ်ဝန်ဆောင် အမျိုးသမီးများကြား ကိုဗစ်-၁၉ ကူးစက်နှုန်းသည် သာမန်လူထုအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုထက်နည်းကြောင်း ပြောသည်။

မိခင်လောင်းများသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို သင့်တော်သော ကာကွယ်မှုများ ပြုလုပ်ထားခြင်းကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနည်းခြင်းဖြစ်မည်ဟု ၎င်းက ယူဆလျက်ရှိသည်။

တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအရေအတွက် များပြားလာခြင်းကြောင့် ကိုယ်ဝန်သည် အမျိုးသမီးများလည်း ရှောင်လွှဲမရဘဲ ကူးစက်ခံထိခြင်းသာ ဖြစ်မည်ဟု ၎င်းကပြောသည်။ ထို့ကြောင့် မိခင်လောင်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို မြန်နိုင်သမျှ မြန်မြန်ထိုးထားရန်အရေးကြီးကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာသစ် ၁၅၇၆၈ ဦး တိုးလာပြီး ၁၁၂၈ ဦး ထပ်မံသေဆုံး

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၁၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၅၇၆၈ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၉၀၈၂၄၇ ဦးအထိ ရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၁၂၈ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၂၁၄၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဩဂုတ် ၁၈ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၂၉၇၉၄ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၄၄၃၉၀၃ ဦးအထိ ရောက်ရှိလာသည်။



အင်ဒိုနီးရှားတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးရန် ပြင်ဆင်နေသည်ကို တွေ့ရစဉ်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန်ရည်ရွယ်ပြီး လူဦးရေအထူထပ်ဆုံးနေရာများဖြစ်သည့် ဂျာဗားကျွန်းနှင့် အပန်းဖြေဘာလီကျွန်းတွင် ဩဂုတ် ၂၃ ရက်အထိ ပီပီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကို စတင်ခဲ့ကာ သက်ဆိုင်ရာအာဏာပိုင်များကလည်း ကိုဗစ်-၁၉ ထိတွေ့မှုဆိုင်ရာခြေရာခံမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကူးစက်မြန်ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ချမှတ်ကျင့်သုံးခဲ့သော အဆိုပါမူဝါဒကို ဇူလိုင် ၃ ရက်မှ စတင်ကာ ဂျာဗားနှင့် ဘာလီတွင် ချမှတ်ကျင့်သုံးခဲ့ရာ ယခုအချိန်အထိ နောက်ထပ် ထပ်မံသက်တမ်းတိုးမည့်ရက်ကို အစိုးရက မကြေညာသေးပေ။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။

ဩဂုတ် ၁၈ ရက်အထိ လူပေါင်းအနည်းဆုံး ၂၉ ဒသမ ၄၀ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၅၅ ဒသမ ၁၉ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

**ဆင်ဟွာ**

# မလေးရှားတွင် တစ်နေ့တည်း ကိုဗစ်-၁၉ စံချိန်တင်ကူးစက်ဖြစ်ပွား

**ကွာလာလမ်ပူ ဩဂုတ် ၁၈**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၂၄၂ ဦးတိုးလာကြောင်း အတည်ပြုဖော်ပြခဲ့သည်။ ယင်းပမာဏသည် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ တစ်နေ့တည်း အများဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဖြစ်ပြီး နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၄၆၆၅၁၂ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လေးဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၂၂၃၈ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားလိုက်သည်။

နောက်ထပ် ၂၂၅ ဦး ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၃၀၂ ဦး ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာပြီး ဆေးရုံမှ ဆင်းလာသူ ၁၉၆၈၀ အပါအဝင် စုစုပေါင်း ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၁၁၉၈၇၂၆ ဦး သို့မဟုတ် ၈၁ ဒသမ ၇ ရာခိုင်နှုန်း ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၂၅၄၄၈၄ ဦးအနက် ၁၀၆၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းတို့အနက် ၅၄၀ မှာ အသက်ရှူအထောက်အကူ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ တတိယအကျော့အတွက် အိန္ဒိယ အဆင်သင့်ဖြစ်နေပြီလား

ထွန်းကျော်

**ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်များ သိသိသာသာကျဆင်းလာချိန်မှာ အိန္ဒိယနိုင်ငံဟာ သူ့ရဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို ဖြေလျှော့ပေးလိုက်တယ်ဆိုရင်ပဲ ကိုဗစ်-၁၉ တတိယအကျော့ရဲ့ ခြိမ်းခြောက်မှုက ဘွားခနဲ ပေါ်လာပါတော့တယ်။ ကျွမ်းကျင်သူတွေကတော့ နောက်ထပ် ကိုဗစ်-၁၉ အကျော့ ဂယက်ဟာ ဩဂုတ်လကုန်မှာ အိန္ဒိယနိုင်ငံကို ထပ်မံရိုက်ခတ်လာနိုင်တယ်လို့ ဆိုသော်လည်း သိပ်ပြင်းထန်မယ့် သဘော မရှိဘူးလို့ ဆိုပါတယ်။**

### တတိယအကျော့ဟာ ဒုတိယအကျော့လောက် ပြင်းထန်မယ့်သဘောမရှိ

နိုင်ငံတစ်ဝန်း နေ့စဉ် ကိုဗစ်-၁၉ကူးစက်ဖြစ်ပွားမှုသစ်ဟာ မေလမှာ လေးသိန်းကျော် ကူးစက်ဖြစ်ပွားခဲ့ရာမှ အခု လက်ရှိမှာတော့ နှစ်သောင်းခွဲကနေ သုံးသောင်းကျော်အထိသာ ရှိပါတော့တယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ သိသိသာသာကြီး မဖြစ်ပွားတော့ဘဲ တဖြည်းဖြည်းချင်းသာ ဖြစ်ပွားလျက်ရှိတဲ့အတွက် ဩဂုတ်လကုန်မှာဖြစ်မယ့် ကိုဗစ်-၁၉ တတိယလှိုင်းဟာ ဒုတိယလှိုင်းလောက် ပြင်းထန်မယ့်သဘော မရှိတော့ပါဘူး။ ကူးစက်မြန် ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်သာ ဆက်လက်လွှမ်းမိုးဖြစ်နေဦးမယ်ဆိုရင် နောက်ထပ် ကိုဗစ်-၁၉ မျိုးစိတ်သစ်တွေ ထပ်မံမပေါ်ပေါက်နိုင်သေးပါဘူးလို့ ကျွမ်းကျင်သူတွေက ပြောထားပါတယ်။

### ကာကွယ်ဆေးမထိုးတဲ့ကလေးတွေ ပိုမိုကူးစက်ဖြစ်ပွားမယ်

ကိုဗစ်-၁၉ တတိယအကျော့ဟာ ဒုတိယအကျော့လောက် ဆိုးမယ်လို့ မထင်ဘူးလို့ နယူးဒေလီရှိ ဆေးသိပ္ပံအင်စတီကျုရဲ့ ညွှန်ကြားရေးမှူး ရမ်ဒိပ်ဂူလီရီယာက ပြောပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့ ကလေးတွေမှာ ပိုမိုကူးစက်မှုဖြစ်ပွားလွယ်နိုင်ကြောင်း သူက ဆက်ပြီး ပြောခဲ့ပါတယ်။

### ပြည်သူရဲ့အသိစိတ်အရေးကြီး

မြို့တွေမှာလည်း ကိုဗစ်-၁၉ ကန့်သတ်ချက်တွေ ဖယ်ရှားပေးလိုက်ပြီး နိုင်ငံတစ်ဝန်း ပုံမှန်ဘဝနေထိုင်မှုမျိုးကို ပြန်လည်လျှောက်လှမ်းလျက်ရှိတဲ့အချိန်မှာ ကိုဗစ်-၁၉ ကို အကောင်းဆုံးခုခံကာကွယ်ရင်ဆိုင်ဖို့ကတော့ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းမျဉ်းတွေကို လိုက်နာတဲ့ ပြည်သူတွေရဲ့အသိစိတ်ပဲ ဖြစ်ပါတယ်။

အိန္ဒိယကျန်းမာရေးအာဏာပိုင်တွေက ပြည်သူလူထုကို ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်၊ လက်ဆေးရန်၊ တစ်ဦးနဲ့တစ်ဦး ခပ်ဝေးဝေးနေထိုင်ရန်တိုက်တွန်းထားပြီး အပြန်အလှန်ခရီးသွားလာခြင်းတွေကို ဝေဖန်ထားပါတယ်။

သက်ဆိုင်ရာအရာရှိတွေရဲ့ သတိပေးမှုတွေနဲ့ ပြောင်းပြန် များစွာသောပြည်သူတွေဟာ ဈေးများနဲ့ နိုင်ငံခြားသားအပန်းဖြေအနားယူရာနေရာတွေကိုလည်း ပါးစပ်၊ နှာခေါင်းစည်းတွေမတပ်ဆင်ဘဲ သွားလာနေကြပါတယ်။ ဒါက ကိုဗစ်-၁၉ ကြောင့် ယိုင်နဲ့နေတဲ့ စီးပွားရေးကို ကုစားရာမှာ ကောင်းမွန်သော်လည်း တစ်ဖက်ကကြည့်မယ်ဆိုရင်လည်း ကိုဗစ်-၁၉ တတိယအကျော့ ကူးစက်ဖြစ်ပွားမှုကို လမ်းခင်းပေးနေသလိုပါပဲ။

### ပျော်ပျော်နေတဲ့နည်းလမ်းဟာ မမှန်ပါဘူး

ကိုဗစ်-၁၉ တတိယအကျော့ကူးစက်ဖြစ်ပွားသည့်တိုင် ပါတီပွဲတွေတက်ခြင်း၊ ဖက်ရှင်ပွဲတွေတက်ခြင်း စတဲ့ပျော်ပွဲရွှင်ပွဲတွေနဲ့ ပျော်ပျော်နေမယ်ဆိုတဲ့ ပြည်သူတွေရဲ့ ပြောဆိုသံတွေကို ကျွန်တော်တို့ တစ်ခါတစ်ခါကြားပါတယ်။ ဒီနည်းလမ်းဟာ မမှန်ပါဘူး။ ဒါဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသစ်တွေကို လက်ယပ်ခေါ်နေသလိုပါပဲလို့ အကြီးတန်းကျန်းမာရေးအရာရှိတစ်ဦးဖြစ်တဲ့ လက်ဗ်အက်ဂါဝေါက သတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောခဲ့ပါတယ်။ နေ့စဉ်ဘဝသစ်ပုံစံနဲ့နေထိုင်ခြင်းဟာ ကိုဗစ်-၁၉ နဲ့သင့်တော်တဲ့ နေထိုင်ခြင်းပဲဆိုတာ မှတ်ထားသင့်တယ်လို့ သူက ပြောပါတယ်။

### ကာကွယ်ဆေးထိုးမှုတွေ ဆောင်ရွက်ခဲ့

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလာတဲ့ ခုနစ်လကျော်ကာလအတွင်းမှာ နိုင်ငံအတွင်းမှာရှိတဲ့ သက်ကြီးရွယ်အို ၉ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးပြီဖြစ်တယ်လို့ နောက်ဆုံးစာရင်းတွေအရ သိရပါတယ်။

အခုချိန်အထိ နိုင်ငံတစ်ဝန်းမှာ လူပေါင်း ၅၅၄ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီလို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

လူပေါင်း ၁၂၁ သန်းကျော် လူဦးရေ၏ ၈ ဒသမ ၉ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်ပါတယ်။ လူပေါင်း ၄၂၂ သန်းကျော်၊ လူဦးရေ၏ ၃၀ ဒသမ ၉ ရာခိုင်နှုန်းကျော် အနည်းဆုံး ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးပြီဖြစ်တယ်လို့ သိပ္ပံနည်းကျအွန်လိုင်းဖော်ပြချက်တစ်ခုဖြစ်တဲ့ Our World in Data ရဲ့အချက်အလက်တွေအရ သိရပါတယ်။



အိန္ဒိယနိုင်ငံ မွမ်ဘိုင်းရှိ ဘူတာရုံတွင် ကလေးငယ်တစ်ဦးကို သက်ဆိုင်သူတစ်ဦးက အပူချိန်တိုင်းတာစစ်ဆေးနေသည်ကို တွေ့ရစဉ်။

အခုနှစ်ကုန်မှာ အသက် ၁၈ နှစ်ကျော်တဲ့ လူဦးရေအကုန်လုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ အစိုးရက ရည်မှန်းထားပါတယ်။ အဲဒီရည်မှန်းချက်ကို ရောက်ဖို့ဆိုရင် အိန္ဒိယနိုင်ငံအနေနဲ့ တစ်နေ့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းခန့် ထိုးပေးဖို့လိုပါတယ်လို့ ကျွမ်းကျင်သူများက ပြောပါတယ်။

### တတိယအကျော့ကို ကြိုတင်ပြင်ဆင်မယ်

လွန်ခဲ့တဲ့ သီတင်းပတ်က အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ တတိယအကျော့ကို ကြိုတင်ပြင်ဆင်နိုင်ဖို့ အမေရိကန်ဒေါ်လာ ၉၇၁ သန်းကျော် ချထားဖို့ သဘောတူခဲ့ပါတယ်။

ဒီရန်ပုံငွေဟာ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေဖြစ်တဲ့ ဆေးရုံတွေ တည်ဆောက်ခြင်း၊ အောက်ဆီဂျင်စက်ရုံတွေတည်ဆောက်ခြင်းနဲ့ နိုင်ငံတစ်ဝန်းမှာ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း စတဲ့ကျန်းမာရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်တဲ့နေရာမှာ အသုံးပြုမှာ ဖြစ်ပါတယ်လို့ အစိုးရက ပြောပါတယ်။

ဒုတိယအကျော့တုန်းကဖြစ်ပွားခဲ့တဲ့ အောက်ဆီဂျင်ပြတ်တောက်ခြင်း၊ ဆေးနဲ့ ဆေးဘက်ဆိုင်ရာ ဆက်စပ်ပစ္စည်းတွေ ပြတ်တောက်ခြင်း၊ ဆေးရုံခုတင်မလောက်ခြင်း စတဲ့ကျန်းမာရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် ရည်ရွယ်ထားပါတယ်။

မေလမှာရောက်ရှိခဲ့တဲ့ ကိုဗစ်-၁၉ အဆိုးဆုံးအခြေအနေတွေအတွက် ကြိုတင်ပြင်ဆင်ထားတယ်လို့ အရာရှိတွေက ပြောပါတယ်။

### ပြင်ဆင်မှုတွေ မလုံလောက်သေး

အိန္ဒိယစီးပွားရေးသမားနဲ့ သတင်းစာဆရာတစ်ယောက်ဖြစ်တဲ့ မီဟာရှာမာက မကြာသေးမီက ရေးခဲ့တဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာတော့ အိန္ဒိယနိုင်ငံဟာ သူပြောသလို ဖြစ်လာမယ့် တတိယအကျော့အတွက် အဆင်သင့်မဖြစ်သေးဘူးလို့ ရေးသားခဲ့ပါတယ်။

ယုံကြည်မှုလွန်ကဲခြင်းဟာ အိန္ဒိယ ကိုဗစ်-၁၉ ဒုတိယအကျော့မှာ ပျက်စီးဆုံးရှုံးစေခဲ့တဲ့ အကြောင်းရင်းတစ်ခုဖြစ်ခဲ့ပါတယ်။ ကိုဗစ်-၁၉ တတိယအကျော့ကို ကြိုတင်ခန့်မှန်းဖို့ လွယ်ကူလောက်တဲ့အထိ ကိုဗစ်-၁၉ ဒုတိယအကျော့မှာ တိကျတဲ့အချက်အလက်တွေကို ကျွန်တော်တို့ အခုချိန်အထိ ပြည့်ပြည့်စုံစုံမသိရသေးဘူးလို့ သူက ပြောပါတယ်။

### တစ်နိုင်ငံလုံး သေဆုံးသူတွေ တိုးလာနိုင်

အိန္ဒိယဆေးဘက်ဆိုင်ရာသုတေသနကောင်စီရဲ့ကောက်ယူခဲ့တဲ့ စစ်တမ်းတွေအရ အိန္ဒိယနိုင်ငံသား သုံးပုံပုံနှစ်ပုံလောက်က ကိုဗစ်-၁၉ နဲ့ထိတွေ့ခဲ့ပါတယ်။ ဒါဟာ အတော်များများထိတွေ့ခဲ့တဲ့ ပမာဏပဲဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံသား သန်း ၄၀၀ လောက်ဟာ ပဋိပစ္စည်း မရှိပါဘူး။ ကိုဗစ်-၁၉ တတိယအကျော့ သို့မဟုတ် စတုတ္ထအကျော့ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ သေဆုံးသူတွေ တိုးလာနိုင်ပါတယ်။ အခြေအနေတွေကို ပိုဆိုးစေတာကတော့ အခုအချိန်အထိ အိန္ဒိယဘယ်နှဦးလောက် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် သေဆုံးခဲ့တယ်ဆိုတဲ့ သေချာတဲ့အချက်အလက်၊ ကောင်းမွန်တဲ့အချိတ်အဆက်၊ တိကျတဲ့ခြေရာကောက်မှု မရှိသေးပါဘူး။ အစိုးရကတော့ သန်းထက်ဝက်လောက်ရှိပြီလို့ ပြောပါတယ်။ တကယ့် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစာရင်းဟာ လက်ရှိ ထုတ်ပြန်နေတဲ့စာရင်းထက် နှစ်သန်းသုံးသန်းလောက် ပိုများမယ်လို့ တချို့က ခန့်မှန်းထားပါတယ်။

### အကောင်းဆုံးသင်ခန်းစာ

ရှာမာက ကိုဗစ်-၁၉ ဒုတိယအကျော့ရဲ့ အဓိကသင်ခန်းစာကတော့ ကိုဗစ်-၁၉ တတိယအကျော့ဂယက် ထပ်မံမရိုက်ခတ်ခင် ပြည်နယ်ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ကောင်းမွန်အောင်ထောက်ပံ့မှုပြုသင့်တယ်လို့ ပြောထားပါတယ်။ နောက် ကိုဗစ်-၁၉ ဒုတိယအကျော့ရဲ့ သင်ခန်းစာတစ်ခုကတော့ အိန္ဒိယနိုင်ငံကို အောက်ဆီဂျင်နဲ့ ဆေးပစ္စည်းတွေ သိုင်းဝိုင်းလာကြတာပဲ ဖြစ်ပါတယ်။

အိန္ဒိယလို ကြီးမားတဲ့နိုင်ငံအနေနဲ့ ဒီကိစ္စကို ကိုယ့်ဟာကိုယ်ကိုင်တွယ်ဖြေရှင်းနိုင်ဖို့လိုတယ်လို့ ရှာမာက ပြောပါတယ်။ ဒုတိယအကျော့မှာကြုံတွေ့ခဲ့တဲ့ အိန္ဒိယနိုင်ငံရဲ့ နှေးကွေးတဲ့ကာကွယ်ဆေးထိုးလုပ်ဆောင်မှုတွေနဲ့ ပျော့ကွက်အားနည်းချက်တွေဟာ အိန္ဒိယနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ တတိယအကျော့ကို ကြိုတင်ကာကွယ်ရာမှာ လေ့လာဖို့အကောင်းဆုံး သင်ခန်းစာပဲဖြစ်ပါတယ်။ **ကိုးကား - ဆင်ဟွာ**

> “ အိန္ဒိယကျန်းမာရေးအာဏာပိုင်တွေက ပြည်သူလူထုကို ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရန်၊ လက်ဆေးရန်၊ တစ်ဦးနဲ့တစ်ဦး ခပ်ဝေးဝေး နေထိုင်ရန်တိုက်တွန်းထားပြီး အပြန်အလှန်ခရီးသွားလာခြင်းတွေကို ဝေဖန်ထား ”

## ဩဂုတ် ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၇၈ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၆၃ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၃၇၈၆ ဦးရှိ**

**(၁၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏ ဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့်နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၇-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၈-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁၉၄၅)ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၇၈)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃၃၈၃၅၇၉)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်- ၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၆၃၁၆၉) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃၉၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၈၂၈၈၁)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၆၃) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃၇၈၆) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာနဓာတ်ခွဲခန်းများ | (၁၄၉၂)ခု | (၆၀၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၄)ခု | (၂၉)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၈)ခု | (၃၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၈၃)ခု | (၉)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၂၁)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄၉)ခု | (၃)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၂)ခု | (၄၇)ဦး |
| နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃၄၄)ခု | (၄၂၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန များတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၆၈၂)ခု | (၁၇၃၃)ဦး |
| **စုစုပေါင်း** | (၁၁၉၄၅)ခု | (၂၈၇၈)ဦး |

- **ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**
- **ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်ရန် အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (COVID-19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် အောက်ပါအတိုင်း ဖွင့်လှစ်ထားပါသည်-

(က) **ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို ထည့်သွင်းထားပါသည်။

(ခ) **ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733)။**

ငင်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012) သို့ မည်သည့်နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းသူများအနေဖြင့် ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် အခြားပြည်တွင်းပုဂ္ဂလိကဘဏ်အသီးသီးတို့တွင် အထက်အပိုဒ် ၁ (က) နှင့် (ခ) ပါ ငွေစာရင်းအမှတ်များကို ဖော်ပြလှူဒါန်းနိုင်ပါသည်။

၄။ အလှူရှင်စာရင်းကို မှတ်တမ်းထားရှိနိုင်ရန်အတွက် လှူဒါန်းသူများအနေဖြင့် အလှူရှင်အမည်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာတို့ကို ပြည့်စုံစွာဖော်ပြပေးပါရန်နှင့် အလှူငွေများ ထည့်သွင်းပြီးပါက email: treasury05@365mopf.gov.mm, treasury10@365mopf.gov.mm သို့ အလှူငွေပေးသွင်းထားသည့် အထောက်အထားများကို ပေးပို့စေလိုပါသည်။

၅။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းမေးမြန်း လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၄၅၀၄၅၅၂၃၇ |
| ဒုတိယညွှန်ကြားရေးမှူးချုပ် | ၀၆၇-၃၄၁၀၁၅၈ |
| ငွေတိုက်ဦးစီးဌာန | ၀၉-၂၅၄၅၅၈၄၂၄ |

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

# မြန်မာ့တိုင်းရင်းဆေးပညာအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရနည်းလမ်းများနှင့် ကိုဗစ်-၁၉ ရောဂါအား ကြိုတင်ကာကွယ်ခြင်း

နေနေနိုင်ရည်၊ ဥမ္မာမြတ်၊ ရီရီစန်း၊ (တိုင်းရင်းဆေးပညာဦးစီးဌာန)

**သက်ရှိသက်မဲ့အားလုံးသည် အရင်းခံရုပ်အနေဖြင့် ပထဝီ(မြေဓာတ်)၊ အာပေါ (ရေဓာတ်)၊ တေဇော(မီးဓာတ်)၊ ဝါယော(လေဓာတ်)၊ အာကာသ(အပိုင်းအခြားဓာတ်) ဓာတ်ငါးပါး အစုအဝေးမျှသာဖြစ်သည်၊ "ဓာတ်" ဟူသော အဓိပ္ပာယ်မှာ မိမိသဘောကို မိမိဆောင်တတ်သဖြင့် "ဓာတ်"ဟု ခေါ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကြီးသည်လည်း ဓာတ်ငါးပါး အစုအဝေးပင်ဖြစ်သည်။ ထိုဓာတ်ငါးပါးတို့ ညီညွတ်မျှတလျှင် ကျန်းမာ၍ မညီညွတ်ဘဲ ဖောက်ပြန်ပါက အနာရောဂါ ဖြစ်စေပါသည်။**



တိုင်းရင်းဆေးပညာ အခြေခံသဘောတရားအရ ရောဂါဖြစ်စေတတ်သော ဝေးသောအကြောင်းများနှင့် နီးသောအကြောင်းများ ရှိပါသည်။ ရောဂါဖြစ်စေသော အဝေးကြောင်းဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရသမုဋ္ဌာန်လေးပါး အထောက်အပံ့ မှားယွင်းမှုကြောင့် အနီးကြောင်းများဖြစ်သော မဟာဘူတရုပ်လေးပါး (သို့) အပိုင်းအခြားဓာတ် အပါအဝင် ဓာတ်ကြီး ငါးပါးနှင့် ရုပ်တို့၏ဖြစ်စဉ် ဖောက်ပြန်လာရသည်။ ရုပ် ၂၈ ပါးတို့၏ အစုအဝေးဖြစ်သော ရူပက္ခန္ဓာတွင် ဖြစ်၊ တည်၊ ပျက်အစဉ်များ ဖောက်ပြန်နေရခြင်းကိုပင် အနာရောဂါရှိသည်ဟု ဆိုရသည်။ အချုပ်အားဖြင့်ဆို လျှင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အဝေးကြောင်း အထောက်အပံ့တို့ မှားယွင်းမှုကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော မဟာဘုတ် လေးပါးတို့ ဦးဆောင်ပါဝင်သည့် ရုပ်ကလာပ်များ ဖောက်ပြန်ပျက်စီးခြင်းကို ရောဂါ အမျိုးမျိုး ဖြစ်ပေါ်ရခြင်းဟု သိနိုင်သည်။ ထို့ကြောင့် တိုင်းရင်းဆေးပညာအရ ခန္ဓာကိုယ်အတွင်းတွင်ရှိသော ဓာတ်ကြီးငါးပါးနှင့် သမုဋ္ဌာန်လေးပါးတို့သည် တိုက်ရိုက်ဆက်စပ်နေ၍ မိမိ၏ရုပ်သဘော ဓာတ်ခံကိုကြည့်ပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရ ညီညွတ်မျှတအောင် ပြုမူနေထိုင်စားသောက်ရပါမည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးဆိုသည်မှာ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ကံ (ကမ္မ) ဆိုသည်မှာ အလုပ်ပင်ဖြစ်သည်။ မိမိကိုယ်တိုင် အသိဉာဏ်နှင့် ယှဉ်၍မည်သို့နေထိုင်ကျင့်ကြံနေကြသလဲ ဟူသည့် "အလုပ်" ပေါ်တွင်သာ တည်မှီနေပါသည်။ မိမိခံနိုင်စွမ်းရည်ထက် ပိုမိုလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မူးယစ် ထုံထိုင်းစေသည့် ဆေးဝါးများသုံးစွဲခြင်း၊ ဆီး၊ ဝမ်း၊ သွေး၊ လေ စသည်တို့ကို ချုပ်တည်းခြင်းတို့သည် ကျန်းမာရေးကို ထိခိုက်စေသော ကံအကြောင်းတရားများပင်ဖြစ်သည်။

### အပြန်အလှန် အကျိုးပြု

အာရုံကို သိတတ်သော သဘောကို စိတ်(စိတ္တ) ဟုခေါ်သည်။ လူသားတို့၏ ရုပ်ခန္ဓာကြီးသည် စိတ်၏ဦးဆောင်မှုအလိုအတိုင်း ဖြစ်တည်ပျက်ရှိနေပေသည်။ အမျက်ဒေါသကြီးခြင်း၊ စိတ်သောကများခြင်းနှင့် စိတ်အားငယ်ခြင်းတို့ကို ရှောင်ရှား၍ မေတ္တာပွားကာ သင့်တင့်စွာ နှလုံးသွင်းခြင်းသည် ကျန်းမာရေးကို ကောင်းမွန်စေနိုင်သည့် စိတ်၏အကြောင်းတရားပင် ဖြစ်သည်။ သို့မှသာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာဖြစ်စဉ်မှန်ကန်ပြီး အပြန်အလှန် အကျိုးပြုနိုင်သည်။

ဥတုအလိုအရ သဘာဝပတ်ဝန်းကျင်က အလိုအလျောက် ပေးအပ်ထားသော ပူခြင်း၊ အေးခြင်း၊ ခြောက်သွေ့ခြင်း၊ စွတ်စိုခြင်း စသည့်အခြေအနေများနှင့် လူတို့ ဖန်တီးစွမ်းဆောင်ထားသော ပတ်ဝန်းကျင် အခြေအနေများကို "ဥတု" ဟုခေါ်သည်။ ရာသီဥတုနှင့် လိုက်လျောညီထွေအောင် လုပ်ကိုင်ခြင်း၊ ဝတ်စားဆင်ယင် နေထိုင်ခြင်းတို့သည် ကျန်းမာခြင်းတည်းဟူသော အကျိုးကျေးဇူးကို ရရှိစေမည် ဖြစ်သည်။

### အစာအာဟာရ ရွေးချယ်စားသောက်

အာဟာရဆိုသည်မှာ အထောက်အပံ့ဟု အဓိပ္ပာယ်ရပါသည်။ ရုပ်ခန္ဓာ၏ အသက်ရှင်ရပ်တည်မှုအတွက် အထောက်အပံ့ဖြစ်နိုင်သော ဩဇာဓာတ် သို့မဟုတ် ဇီဝဖြစ်စဉ် တည်တံ့ရေးအတွက် အထောက်အပံ့ဖြစ်သော ဩဇာဓာတ်ကို အာဟာရဟု ခေါ်ပါသည်။ "သဗ္ဗေသတ္တာ အာဟာရ တိဋ္ဌိကာ" ဆိုသည့်အတိုင်း သတ္တဝါတို့၏ အသက်ရှင်ခြင်း ဖြစ်စဉ်သည် အာဟာရပေါ်တွင် အများအားဖြင့် တည်မှီနေကြရပေသည်။ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်၊ အရသာ ခြောက်ပါးအနက် အရသာ တစ်ခုခုလွန်ကဲသော အစာများ စားသုံးခြင်းကို ရှောင်ကြဉ်၍ သင့်လျော်မည့် အစာအာဟာရများကို ရွေးချယ်စားသောက်ခြင်းဖြင့် ကျန်းမာခြင်းတည်း ဟူသော အကျိုးကို ခံစားရရှိနိုင်ပေမည်။

ရာသီဥတု အကူးအပြောင်းပြုချိန်၊ အဆက်အစပ်ပြုနေချိန်များတွင် သမုဋ္ဌာန်လေးပါးအား ညီညွတ်မျှတစွာ လိုက်နာကျင့်ကြံခြင်းမရှိပါက ကျန်းမာရေးကိုယ်ခံအားလျော့နည်းသူများမှာ ရောဂါဘယ နှိပ်စက်မှုများကို ခံရတတ်ကြပါသည်။ လက်တွေ့အသုံးချ မြန်မာ့နက္ခတ်ဆေးပညာကျမ်းအလိုအရ "ရတုသန္ဓိရောဂါဖိ၊ သတိရှိကြစေ" ဆိုသည့်အတိုင်း ဥတုအကူးအပြောင်း ပြုချိန်များတွင် ရောဂါဘယအဖြစ်များတတ်ကြသည်မို့ အစားအသောက်အနေအထိုင် အပြုအမူများကို သတိနှင့်ယှဉ်ပြီး နေထိုင်စားသောက်ရန် လိုအပ်ပါသည်။ နရသုခိ ဆေးကျမ်းအလိုအရ ဝါဆိုလနှင့် ဝါခေါင်လများမှာ ပြင်ပလေ အားကြီးသည့်အတွက် သည်းခြေဓာတ်ငုပ်တတ်ပါသည်။ လေဓာတ်ပျက်ခြင်း၊ ဝမ်းမီးနုံ့ခြင်းတို့ကြောင့် အစာချေချက်အားနည်းခြင်းများ ဖြစ်ပေါ်ပြီး အစာမကြေခြင်းများ ဖြစ်တတ်ပါသည်။ ပြင်ပ လောကဓာတ်သည်လည်း ပူလိုက် အေးလိုက် မိုးရွာလိုက် နေပူလိုက် တစ်လှည့်စီ ဖြစ်နေသောကြောင့် မှက်၊ ခြင်၊ ယင်၊ သတ္တဝါ၊ ပိုးများလည်း ပေါက်ပါသည်။ ထို့အပြင် မိုးဥတုသည် အလွန်ပူပြင်းသော နွေဥတုနှင့် အလွန်အေးမြသော ဆောင်းဥတု၏အကြားတွင် တည်ရှိနေသည်ဖြစ်သည့်အတွက် အပူနှင့်အအေး ရောထွေးဖောက်ပြန်သဖြင့် ပိုးကြောင့်ဖြစ်သော ရောဂါများနှင့် ဝမ်းမီးဖောက်ပြန်၍ဖြစ်သော ရောဂါများ အဖြစ်များသော ဥတု ဖြစ်ပါသည်။

### တိုင်းရင်းဆေးပညာအမြင်

ယခုအချိန်တွင် ပိုးကြောင့်ဖြစ်သော ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါလည်း ဖြစ်နေချိန်ဖြစ်ပါ၍ ယင်းလက္ခဏာများကို တိုင်းရင်းဆေးပညာအမြင်ဖြင့် လေ့လာကြည့်ပါကလည်း ဓာတ်တို့၏လွန်ခြင်း၊ ငုပ်ခြင်း၊ အားနည်းခြင်းဟူသော သဘာဝများကို တွေ့ရမည် ဖြစ်ပါသည်။ ကိုယ်ပူခြင်း၊ ပြင်းထန်စွာ ဖျားခြင်းမှာ ပထဝီ၊ အာပေါဓာတ်တို့ ပတ်ဖွဲ့မှုကြောင့် တေဇောဓာတ်နှင့် ဝါယောဓာတ် အကျဉ်းကျကာ အာကာသဓာတ်မရ၍ ဖြစ်သည်။ ခေါင်းကိုက်ခြင်းနှင့် ကိုယ်လက် ကိုက်ခဲခြင်းတို့မှာ အဇိဏ္ဏ (ခေါ်) အစာမကြေဖြစ်ရာမှ ဝမ်းမီးညံ့လျက် ပထဝီ၊ အာပေါ ပတ်ဖွဲ့မှုကြောင့် တေဇော၊ ဝါယောတို့ တွန်းကန်ဖိညှပ်သဖြင့် ဦးခေါင်းနှင့် ခြေလက်တို့ ကိုက်ခဲနာကျင်ရသည်။ ခုခံအားကျဆင်းခြင်း၊ မောပန်းခြင်းသည် ဓာတ်ငါးပါးဖောက်ပြန် ပျက်စီးမှုကြောင့် ရသ၊ သွေး အစရှိသော ဓာတ်ခုနစ်ပါးတို့၏ စွမ်းဆောင်မှုများ ကျဆင်းလာခြင်းဖြစ်သည်။ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းလက္ခဏာမှာမူ ရင်ခေါင်းပိုင်းသလိပ်တည်ရာတွင် သည်းခြေဒေါသ စွဲကပ်ဝင်ရောက်သဖြင့် လေဒေါသဖောက်ပြန်လျက် ခန္ဓာကိုယ်အထက်ပိုင်းတွင် အပြစ်ပြုရခြင်းပင်ဖြစ်သည်။ အသက်ရှူမဝခြင်း၊ အသက်ရှူရခက်ခဲခြင်းနှင့် အဆုတ်ရောင်ခြင်း၊ ရင်ဘတ်အောင့်ခြင်းဟူသော လက္ခဏာများမှာ ငုပ်လောင်နေသောအပူကို ချေဖျက်နိုင်သော ရသရည် (ကစီ)ဓာတ်အားနည်းသဖြင့် ပထဝီကောဋ္ဌာသဖြစ်သည့် အဆုတ်အားနည်းနေချိန်တွင် ဖြစ်ပေါ်လာသော လက္ခဏာများပင်ဖြစ်သည်။

### မျှတသော အာဟာရရွေးချယ်

အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပေါ်လာပါက တိုင်းရင်းဆေးပညာ အလိုအရ ကံ၊ စိတ်၊ ဥတု၊ အာဟာရ (တစ်နည်း) အာရုံ၊ နေရာ၊ ဆေး၊ အစာတို့ဖြင့် လူတို့ကျန်းမာရေးအတွက် အစားအသောက်၊ အနေအထိုင်တို့ ပြုပြင်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ပေးနိုင်ပါသည်။ ရာသီဥတုနှင့်အညီ သင့်တင့်မျှတသော အစာအာဟာရတို့ကို ရွေးချယ်စားသောက်ခြင်း၊ ဣရိယာပုတ် မျှတစေခြင်းဖြင့် ရောဂါကို ကြိုတင်ကာကွယ်နိုင်သကဲ့သို့ ဖြစ်ပွားလာပါကလည်း သက်သာမှုရှိစေရန် ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ခန္ဓာကိုယ်အတွင်းရှိ တေဇောဓာတ် ဟန်ချက်ညီစေရန် နေထိုင်ပြုမူစားသောက်ရသကဲ့သို့ ပြင်ပမှ ဓာတ်ငါးပါး၏ သဘာဝနှင့် ခန္ဓာကိုယ်အတွင်းမှ ဓာတ်ငါးပါးတို့ ဟန်ချက်ညီစေရန် ဂရုစိုက်သင့်သည်။ လွန်ကဲနေသော ဓာတ်များကို ချေဖျက်ခြင်း၊ အားနည်းသည့် ဓာတ်များကို ဖြည့်ဆည်းပေးခြင်းတို့ဖြင့် ညှိနှိုင်းကုသရသည်။ ဓာတ်တို့၏ သဘောသဘာဝကို သိရှိဆင်ခြင်၍ ညှိနှိုင်းကုသပေးသော ဓာတ်ညှိဆေးပညာသည် မြန်မာ့တိုင်းရင်းဆေးပညာတွင် အကျယ်တဝင့် ရှိသည်။

ယခုကဲ့သို့ ရာသီအကူးအပြောင်းကာလများတွင် ဖြစ်တတ်သောရောဂါများကို ကာကွယ်နိုင်ရန် အချိန်အခါမဲ့ ရေချိုးခြင်းမှ ဆင်ခြင်ခြင်း၊ အေးချို ဆိမ့်ဖန်၍ပတ်ဖွဲ့သော အစားအစာများ အလွန်အကျူးစားသောက်ခြင်းမှ ဆင်ခြင်ခြင်း၊ အအိပ်ပျက်ခံခြင်း၊ အစားပျက်ခံခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ လူစုလူဝေး ပွဲလမ်းသဘင်နေရာများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း၊ အာဟာရပြည့်ဝသော အစာအာဟာရများကို စားသောက်ခြင်း၊ လေကောင်းလေသန့်ရသောနေရာတွင် နေထိုင်ခြင်း၊ ရေကျက်အေးသောက်ခြင်း၊ "အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူသကဲ့သို့ ကိုယ်ခန္ဓာစွမ်းအားတိုးမြင့်စေသော အစာအာဟာရနှင့် ဆေးဝါးများ မှီဝဲခြင်း၊ သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် ယခုကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော ကူးစက်ရောဂါများသာမက ရာသီအလိုက် ဖြစ်တတ်သော ရောဂါများကိုပါ ကာကွယ်နိုင်မည်ဖြစ်သည်။

### ကြိုတင်ကာကွယ်

တိုင်းရင်းဆေးဖြင့် ကြိုတင်ကာကွယ်ရာတွင် အခိုးပွင့်၍ အဖျားကျစေရန်၊ ကိုယ်လက်ကိုက်ခဲနာကျင်မှုသက်သာစေရန် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁၇) သွေးဆေးနီကြီး လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို ကွမ်းရွက်၊ ချင်း၊ ထန်းလျက်တို့ ဆတူရောစပ်ပြုတ်ရည် အကြမ်းပန်းကန်လုံး တစ်လုံးစာ တစ်ရက်သုံးကြိမ် သောက်သုံးနိုင်သည်။

*စာမျက်နှာ ၁၇ သို့*

# “ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး” ခေါင်းစဉ်နှင့် “ ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ ” ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေး လုပ်ငန်းများကို ပိုမို မြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေး အတွက်လည်းကောင်း **“ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်နှင့် **“ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့် ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **“ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့် ပြိုင်ပွဲကို **“ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ် နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ၊ ထုတ်လုပ်ရေးဌာနခွဲ ( ရန်ကုန် ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ ) သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၁၆ မှ*

> ❖ **ကိုယ်ခံစွမ်းအားကျဆင်းပါက ရောဂါအမျိုးမျိုးတို့ ဝင်ရောက်နိုင်သဖြင့် ကိုယ်ခံစွမ်းအားတက်စေရန် ဓာတ်စာအနေဖြင့် ကြက်သွန်နီ၊ ချင်းတို့ကို ပါးပါးလှီးပြီး ရှောက်ရည်ဆမ်း၍ နှမ်းဆီဖြင့် သုပ်စားပေးပါက အားအင်ကုန်ခန်းခြင်း သက်သာစေ၍ ကိုယ်ခံစွမ်းအားကို တက်စေသည်**

ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့အတွက် ကွမ်းရွက်၊ ဇီယာရွက်၊ မုရားကြီးရွက်၊ ခွေးသေးပန်းရွက်၊ ပင်စိမ်းရွက်၊ သတ္တုရည်ကိုလည်းကောင်း၊ ပြုတ်ရည်ကို လည်းကောင်း၊ လက်ဖက်ရည်ဇွန်း တစ်ဇွန်း တစ်ရက်သုံးကြိမ်တိုက်ပေးပါက သက်သာစေသည်။ (သို့မဟုတ်) ချောင်းဆိုးချွဲကျပ်ခြင်းများအတွက် တိုင်းရင်းဆေးခန်း သုံးဆေးအမှတ် (၁) မက်လင်ချဉ်ဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်(၇) နွယ်ချိုကဲဆေး ဆတူရောစပ်၍ ၂ ပဲသားကို မုရားကြီးရွက်ပြုတ်ရည် ဟင်းခတ်ဇွန်းတစ်ဇွန်း တစ်နေ့သုံးကြိမ် တိုက်ကျွေးခြင်းအားဖြင့် သက်သာစေနိုင်ပါသည်။ ကိုယ်ပူကြီး၍ ကိုယ်လက်နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် မောကျပ်ခြင်းများအတွက် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၁၇) သွေးဆေးနီကြီး(သို့မဟုတ်)တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၆)ဟလိဒ္ဒစုဏ္ဏောင်နန်းဆေးနှင့် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၅)မတဲမြင့်မိုရ်ကုန်း ဆေးတို့ကို ဆတူရောစပ်၍ လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးပူပူဖြင့် တစ်ရက်သုံးကြိမ် သောက်ပေးနိုင်သည်။ လိမ်းဆေးအနေဖြင့် ကိုယ်ပူကြီးပါက တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၄၃) အကင်း(၁၀)ပါး ဆေးအား နှမ်းဆီဖြင့်ချက်၍လည်းကောင်း၊ နံ့သာဖြူဖြင့် ရောစပ်၍လည်းကောင်း၊ ရင်ဘတ်၊ ခြေဖဝါး၊ လက်ဖဝါးတို့ကို ချန်လှပ်၍ တစ်ကိုယ်လုံး မကြာခဏလူးပါ။ ရင်ကျပ်ပါက ရင်လူးဆေး (သို့မဟုတ်) အကြောလိမ်းဆေးကို ရင်ဘတ်နှင့် နောက်ကျောကို ပွတ်လူးခြင်း၊ ကွမ်းရွက်ကပ်ပေးခြင်း၊ ရေနွေးအိတ်ကပ်ပေးခြင်းဖြင့် ချွဲပျော်ရင်ချောင်၍ ရင်ကျပ်ခြင်း၊ အသက်ရှူ ရခက်ခဲခြင်းကို သက်သာစေသည်။ ကိုယ်လက်ကိုက်ခဲခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ သက်သာစေရန် တောင်တန်ကြီး၊ နံ့သာဖြူကရမက်တို့ကို လိမ်းပေးသင့်သည်။

ထို့အပြင် ပိုးကြောင့်ဖြစ်တတ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်းတို့ကို ကာကွယ်နိုင်ရန်အတွက် တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၂၃) ဝေသာရဇ္ဇ ဆေး ပုလဲကလာပ်ဆေးနှင့် တိုင်းရင်းဆေးခန်း သုံးဆေး အမှတ်(၂၇) ပြည်လုံးချမ်းသာဆေးတို့ကို ဆတူရောစပ်၍ တစ်ကြိမ်လျှင် လက်ဖက်ရည်ဇွန်း တစ်ဇွန်း ရေနွေးဖြင့် တစ်ရက်နှစ်ကြိမ် တစ်ပတ်ခန့် သောက်ပေးနိုင်ပါသည်။ ကွမ်းရွက်နှင့် ချင်း၊ ထန်းလျက်ပြုတ်ရည်ကို သောက်သုံးပေးခြင်းဖြင့် ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်းကင်းကာ အဖျားရောဂါနှင့် ကိုယ်လက်ကိုက်ခဲခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။

**ရောဂါအမျိုးမျိုး ဝင်ရောက်နိုင်**

ကိုယ်ခံစွမ်းအားကျဆင်းပါက ရောဂါအမျိုးမျိုးတို့ဝင်ရောက်နိုင်သဖြင့် ကိုယ်ခံစွမ်းအားတက်စေရန် ဓာတ်စာအနေဖြင့် ကြက်သွန်နီ၊ ချင်းတို့ကိုပါးပါးလှီးပြီး ရှောက်ရည်ဆမ်း၍ နှမ်းဆီဖြင့် သုပ်စားပေးပါက အားအင်ကုန်ခန်းခြင်း သက်သာစေ၍ ကိုယ်ခံစွမ်းအားကို တက်စေသည်။ ဝမ်းချုပ်လွန်း၍ အာကာသမရသူများအား ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံတို့ကို မန်ကျည်းမှည့်ဖြင့် ချဉ်ရည်ဟင်း ချက်ကျွေးပါ။ ဆီးဖြူသီးကိုပြုတ်၍ ထောင်းပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဆီချက်၊ နှမ်းဆီတို့ဖြင့် သနပ်ကဲ့သို့ သုပ်စားပေးပါက ကိုယ်တွင်း ခုခံအား တိုးစေ၍ အင်အားတိုးပွားစေသည်။ ငါးရံ့ကို ရုံးပတီသီး၊ ပင်စိမ်းရွက်၊ ငရုတ်ကောင်း၊ ပတဲကော တို့ဖြင့် ဟင်းခါးချက်သောက်ပေးပါက အခိုးပွင့်၍ ကိုယ်ခံစွမ်းအားကိုတက်စေပြီး နှုတ်ကို မြိန်စေသည်။ ကြက်သားကို ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ ငရုတ်ကောင်းတို့ဖြင့် ပြုတ်၍ တိုက်ပေးခြင်းဖြင့် အင်အားပြည့်၍ ခုခံအားတက်စေသည်။

**ရာသီဥတုအလိုက် စားသုံးသင့်**

ဥတုဘောဇနသင်္ဂဟကျမ်းအလိုအရ စားသုံးရမည့် ဓာတ်စာများမှာ သံပရာသီး၊ ရှောက်သီး၊ မုန်လာဥ၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ကျွဲကော၊ လိမ္မော်၊ ကမ္ဗလာ၊ ထောပတ်သီး၊ ရှောက်ချို၊ ပန်းသီး၊ မာလကာသီး၊ စပျစ်သီး၊ ချဉ်စော်ခါးသီး၊ မက်လင်ချဉ်၊ ကျောက်ဖရုံ၊ ခဝဲ၊ ဗုံလုံ၊ ဘူးသီး၊ ကြက်ဟင်းခါးသီး၊ မုန်လာဥနီ၊ မဲဇလီ၊ ပန်းဂေါ်ဖီစိမ်း၊ ကင်ပွန်းချဉ်ရွက်၊ ဘူးရွက်၊ ကန်စွန်းရွက်၊ ဆလတ်ရွက်၊ ကျီးအာရွက်၊ ဟင်းနုနွယ်၊ ကန့်ကလာ၊ သဘော်သီးမှည့်၊ ချင်း၊ ထန်းလျက်တို့ကို စားပေးသင့်ပါသည်။ စားသင့်သော အသားငါးများမှာ ငါးခူ၊ ငါးကြင်း၊ ငါးရံ့၊ ငါးသိုင်း၊ ကြက်သား စားသင့်ပါသည်။ ရာသီဥတုအလိုက် ဓာတ်အကြိုက်၊ အစာအာဟာရများကို ယေဘုယျသဘောအရ တင်ပြခြင်းဖြစ်ပါသည်။ တရားသေမမှတ်ဘဲ မိမိ၏ မူလရုပ်ခံ ဓာတ်ခံကိုလည်း ကြည့်ပြီး စားသုံးသင့်ပါသည်။

ရှောင်ကြဉ်သင့်သော အစာအာဟာရများမှာ အပူ၊ အစပ်၊ အကြော်အလှော်၊ အဖန်၊ အဖွဲ့၊ ချုပ်စေတတ်သော ကောက်ညှင်း၊ ငှက်ပျောသီး၊ ရုံးပတီသီး၊ ခရမ်းသီး၊ အာလူး၊ အစာကြေညက်ခဲသော အစားအစာများ၊ အဆီအဆိမ့်များ၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်များနှင့် ဓာတုဆေးဝါးများသုံး၍ ကြာရှည်ခံအောင်ပြုပြင်ထားသော အစားအသောက်များကို ရှောင်ပါ။ အမဲသား၊ ဆိတ်သား၊ ဝက်သား၊ ဘဲသားများ ရှောင်သင့်ပါသည်။ အအေးမိခံခြင်း၊ ပန်ကာလေခံခြင်း၊ လေအေးပေးစက်ခံခြင်း၊ ရေအလွန်အကျွံချိုးခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ ကိုယ်စိတ်ပင်ပန်းခံခြင်းများ ရှောင်ကြဉ်ရပါမည်။

လိုက်နာသင့်သည့် အပြုအမူ အနေအထိုင်များမှာ ရေနွေးခပ်နွေးနွေးဖြင့် ရေချိုးခြင်း၊ ရေများများ သောက်ခြင်း၊ ရေနွေးသောက်ခြင်း၊ နွေးနွေးထွေးထွေးနေခြင်း၊ ဣရိယာပုတ် မျှတအောင်နေထိုင်ခြင်း၊ သင့်လျော်သော ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ လေကောင်းလေသန့်နှင့် အလင်းရောင်ရသော နေရာများတွင် နေပါ။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ဆောင်ရွက်ပါ။ အိပ်ရေးဝဝအိပ်ပါ။ အာဟာရပြည့်ဝအောင်စားပါ။ စိတ်ကိုတည်ငြိမ် အေးချမ်းအောင်နေပါ။ ၎င်းအပြင် ကံ့ကော်ပွင့်၊ ကရမက်၊ အကျော်စသောအမွှေးနံ့သာတို့ကိုလည်း လိမ်းကျံသင့်ပါသည်။

**ပြုမူနေထိုင် စားသောက်**

တိုင်းရင်းဆေးပညာနည်းအရ မိမိတို့အနီးပတ်ဝန်းကျင်မှ အလွယ်တကူရရှိနိုင်သော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို “အစာလည်းဆေး၊ ဆေးလည်းအစာ” အဖြစ် အသုံးပြု၍ ရောဂါကာကွယ်နိုင်ကြောင်းနှင့် တိုင်းရင်းဆေးခန်းသုံးဆေးဖုံများကို လိုအပ်သလို သုံးစွဲခြင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရအလိုအရကျန်းမာရေးအသိပညာပေးနည်းလမ်းများနှင့်အညီ ပြုမူနေထိုင် စားသောက်ခြင်းဖြင့် ပိုးကြောင့်ဖြစ်သော ရောဂါများမှ ကာကွယ်ရာတွင် အကျိုးရှိနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ။**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်လေးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၁၃၇ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၂၅၁၇ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူစုစုပေါင်း ၉၂၆ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများမှ သံဃာတော် ၃၃၅ ပါး၊ သီလရှင် ၂၇ ပါး စုစုပေါင်း ၃၆၂ ပါး အပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခုတို့မှ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၈၆၆၂ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဒေသခံပြည်သူများနှင့် အကျဉ်းသား၊ အကျဉ်းသူများအပါအဝင် စုစုပေါင်း ၇၉၂ ဦးတို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

**တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ပညာရေး ဒီဂရီကောလိပ်၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါ ကြပ်မတ်ကုသရေး စင်တာနှင့် လားရှိုးမြို့ အထွေထွေရောဂါကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ အောက်ဆီဂျင်အိုး အလုံး ၂၀၊ Oxygen Concentrator နှစ်ခု၊ Oxygen Regulator ခြောက်ခု၊ အောင်ဆီဂျင် အိုးတင်လှည်း ခြောက်စီး၊ နှာခေါင်းစည်း ၆၀၀၀၊ PPE ဝတ်စုံ ၁၅၀၊ လက်သန့်ဆေးရည်ဘူး ၆၀၊ အရက်ပြန် လေးပုံး၊ လက်အိတ် ၁၀၀၀ နှင့် ဆေးဝါးများကို လည်းကောင်း၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် သိန္နီမြို့နယ်တို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် အောက်ဆီဂျင်အိုး နှစ်လုံး၊ Oxygen Regulator နှစ်ခု၊ အောက်ဆီဂျင်ပိုက် နှစ်ချောင်း၊ အောက်ဆီဂျင်အိုးတင်လှည်း တစ်စီး၊ PPE ဝတ်စုံ ၁၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀၊ နှာခေါင်းစည်း ၂၀၀၀၊ အရက်ပြန် တစ်ပုံး၊ လက်အိတ် ၂၀၀ နှင့် ဆေးဝါးများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ၁၄ လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးနှင့် ကလေးမြို့ သီတဂူစကျွဒါန ဆေးရုံရှိ အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေကျပ် ၄၃ သိန်းတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၄၀ နှင့် တောင်သာမြို့ ပြည်သူ့ဆေးရုံသို့ တောင်သာမြို့ ဘိုးဘွားရိပ်သာရှိ အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင် အိုး ၂၀ တို့ကို လည်းကောင်း နယ်မြေခံတပ်မတော်သား၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပညာရေးဒီဂရီကောလိပ်၌ အိမ်သုံးအားဆေးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများအား ပေးအပ်လှူဒါန်းစဉ်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ရန်ကင်း ကိုဗစ်ကုသရေးစင်တာရှိ အောက်ဆီဂျင်စက်ရုံအသစ်တည်ဆောက်ပြီးစီးမှု၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးစေတီအားကစားကွင်း၌ တည်ဆောက်နေသော ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာနှင့် အဆိုပါစင်တာတွင်ထားရှိမည့် အောက်ဆီဂျင်စက်နှင့် အောက်ဆီဂျင်စက် ထားရှိမည့် မြေနေရာတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ အိမ်မဲမြို့နှင့် ပန်းတနော်မြို့များ၌ အောက်ဆီဂျင်စက် တပ်ဆင်နေမှုကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းရှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၈**

ပြည်သူလူထုအတွက် အဓိက အကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေး စောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၈၁၃၃၁ ဦးနှင့် အတွင်းလူနာပေါင်း ၈၂၅၆၈ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၃၀၇၆ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၀၈၄ ဦး စုစုပေါင်း ၂၀၁၆၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့်လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၆၈၆၁ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၄၅၅ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၃၁၆ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားနည်းမည်

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းမည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၈-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

**၀၆:၀၀** ပေဋ္ဋကသုတ်၊ရတနသုတ်၊မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** လေ့လာစရာစုံလင် အဖိမြန်မာပြည်တစ်ခွင်
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ပြည်သူ့နီတိ 'ဝက်ဋ္ဌပေတ္တ'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်'
**၁၅:၀၅** မျက်မှောက်ရေးရာအပြာပြာ
**၁၇:၂၅** Soccer View
**၁၇:၄၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ခေတ်အလိုက်ကြေးမုံပြင် **'ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း'** (အမျိုးသားပြတိုက်)
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၄၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အိမ်ထောင်ရေးပညတ်ချက်များ'** (အပိုင်း-၂၄)

### mitv

**07:01** News
**07:27** Ecotourism: The Tourist Attractions of Mingun, Sagaing
**07:50** Myanmar Childhood Games (Episode-3)
**08:01** Discovering Tribes: Da Nu (Their Life and Customs) (Part-1)
**08:16** The Legend Of An ambulatory Surgeon (EP-1)
**08:42** Clam Farming
**09:01** History And Mystery Behind The Caves
**09:26** A Snake Catcher
**09:38** Robe Business in Ta Ma Ta Kaw
**09:52** Traditional Snacks
**10:01** Awesome Myanma Sculptures
**10:15** Ocularist
**10:36** Myanmar Masterclass: Min Wae Aung
**11:26** Life of A Farmer

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားမျိုးနွယ်တို့ရဲ့ဝတ်စားဆင်ယင်မှု
**ဝကေကာရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂန္ထဝင်ဆန်တဲ့အချစ်(အပိုင်း-၂)(ဇာတ်လမ်း)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အရသာမြိန်ရှက်စေတဲ့ဆန်ကောထမင်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှတောင်ဇလပ်ပန်းများရှိရာဆီသို့
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လီဆူရိုးရာစားလေ့ကားတက်ပွဲ

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** အတွေးအမြင်(အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
**၁၁:၃၀** အတွေးအမြင်(အပိုင်း-၈)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မြောင်းမြမြို့နယ်သို့ အောက်ဆီဂျင်စက်ရောက်ရှိ

**မြောင်းမြ ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ အဝေးပြေးကားဝင်းနောက်၌ တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံတွင် တပ်ဆင်အသုံးပြုရန် တရုတ်နိုင်ငံမှ မှာယူသည့် (Minnuo 30Nm³/h) အမျိုးအစား အောက်ဆီဂျင်စက် ရောက်ရှိမှု အခြေအနေကို ယနေ့ နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေနှင့်အဖွဲ့က သွားရောက်စစ်ဆေး ကြည့်ရှုခဲ့ကြောင်း သိရသည်။



အဆိုပါအောက်ဆီဂျင်စက်ရုံတွင် Minnuo 30Nm³/h နှင့် Suzhou Nate Cloud 50Nm³/h အမျိုးအစား အောက်ဆီဂျင်စက် နှစ်လုံးထားရှိပေးမည်ဖြစ်ပြီး ဒုတိယစက်တစ်လုံးသည် ဩဂုတ်လကုန်တွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ၎င်းစက်နှစ်လုံးဖြင့် စွမ်းအားပြည့်လည်ပတ်ရပါက လစဉ်မီတာခနှင့် ဝန်ထမ်း ကိုးဦးအတွက် လစာစုစုပေါင်း ငွေကျပ် သိန်း ၇၀ နီးပါး ကုန်ကျမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံအတွက် လိုအပ်သော အောက်ဆီဂျင်ကို အခမဲ့ပေးရန် စီစဉ်ထားပြီး လူမှုရေးအသင်းအဖွဲ့များကိုမူ မျှတသော ဈေးနှုန်းသတ်မှတ်၍ ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ ဘေးကင်းစေရေးအတွက် လီတာ ၄၀ ထက် သေးသော အိုးများကို လည်းကောင်း၊ လီတာ ၄၀ ရှိသော်လည်း ပုဂ္ဂလိက တစ်ဦးချင်းဆီ၏ အိုးများကိုလည်းကောင်း စက်ရုံမှ တိုက်ရိုက်ဖြည့်ပေးမည် မဟုတ်ကြောင်း၊ စွမ်းအားတောရကျောင်းတိုက်၊ ချမ်းမြေ့ကျောင်းတိုက်နှင့် မြတ်ပါရမီ လူမှုကူညီရေးအသင်း (ကွယ်လွယ်) စသည့်နေရာများ၌ ၁၀ လီတာအိုးမှ လီတာ ၄၀ အိုး အထိ ဖြည့်တင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးအေးသိန်း၏ ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်ရှိ အောက်ဆီဂျင်စက်ရုံကို ဇူလိုင် ၁၉ ရက်က စတင်တည်ဆောက်ခြင်းဖြစ်ပြီး ယနေ့ထိ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် အလှူရှင်များအနေဖြင့် လှူဒါန်းလိုပါက ဒေါက်တာ မောင်မောင်အောင် ၀၉-၇၉၄၅၃၃၃၆၄၊ ဦးအင်းယား ၀၉-၇၉၈၅၇၅၄၂၄၊ ဦးဝေဇင် ၀၉-၇၈၂၄၈၁၃၁၃၊ ဦးနေလင်း ၀၉-၇၉၃၃၁၁၅၅၄၊ ဦးအေးသိန်း ၀၉-၂၅၀၁၂၂၂၂၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စန္ဒာကြည်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၈ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၈၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၇၀ | ကျပ် | ၉၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၈၀ | ကျပ် | ၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၀ | ကျပ် | ၁၀၈၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၁၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၄၉၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၄ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၅၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၄ . ၆၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၂၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃ | ၂၇၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၂၅၁၂ | ၈၂၈၉၆၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၈ | ၆၃၂၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၄ | ၂၀၈၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၅၀၆ | ၁၃၆၆၂၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၆ | ၇၉၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

ကိုဗစ်- ၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်- ၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၂၂၁ ဦးနှင့် အမျိုးသမီး ၁၄၂ ဦး စုစုပေါင်း ၃၆၃ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ကိုးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၁ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၃၀ နှင့် အမျိုးသမီး ၁၁၉ ဦး စုစုပေါင်း ၂၄၉ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၄၃ ဦး နှင့် အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၆၈ ဦးကို လည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို ထားရှိရန်ပြင်ဆင်နေသည့် မင်္ဂလာဒုံမြို့နယ် အခြေခံပညာဦးစီးဌာနရှိ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် အဆောင်လေးဆောင်ရှိ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အောက်ဆီဂျင်လိုအပ်မည့်သူများအတွက် အောက်ဆီဂျင်ပိုက်လိုင်းသွယ်တန်းတပ်ဆင်ထားရှိမှုနှင့် လူဦးရေ ၃၀၀ ထားရှိမည့် အခြေအနေများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**



**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၈**

ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြား လူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့၊ ကေတုမတီ ငါးမွေးမြူရေးကန်၊ ဧက ၃၀ မျိုးစေ့ ထုတ်စိုက်ခင်း၊ ရွှေဝါဥစားကြက်မွေးမြူရေး လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများဖြစ်ပေါ်ခဲ့ပြီး ဈေးကွက်အတွင်း ရောင်းချရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ စိုက်ခင်းများမှ သီးနှံများကို နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ထီးခီးဒေသဘက်မှ ဒေသခံတောင်သူများ၏ စိုက်ခင်းများမှ သီးနှံများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ဒေသပေါက်ဈေးအတိုင်း သွားရောက် ဝယ်ယူပေးခဲ့ပြီး အဆိုပါဝယ်ယူခဲ့သည့် သီးနှံများကို ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများသို့ ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ထားဝယ်မြို့နယ် ထီးခီးဒေသဘက်မှ အသီးအနှံများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ဒေသခံတောင်သူများထံမှ ဝယ်ယူနေစဉ်။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၈**

တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း ခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ အောင်သီရိဘုရားကုန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တိလောကရပ်ကွက်ရှိ တိလောကပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ သိင်္ဂီဦးပရိယတ္တိစာသင်တိုက်၊ ရှေ့ဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဓမ္မရိပ်သာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ညောင်နီကျေးရွာဘုန်းတော်ကြီးကျောင်း၊ ပျော်ဘွယ်မြို့နယ် သာယာကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ သပိတ်ကျင်းမြို့ ပန်းပင်ကျေးရွာရှိ ရတနာအောင်မြေဘုန်းတော်ကြီးကျောင်း၊ ငဖဲမြို့နယ် ရှောက်တောင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ မင်းလှမြို့နယ် ကတကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ တောင်တွင်းကြီးမြို့နယ် ကွင်းမြှောင်ကျေးရွာရှိ အောင်တော်မူဘုန်းတော်ကြီးကျောင်းနှင့် ပွင့်ဖြူမြို့နယ် မကျီးစုကျေးရွာ လွမ်းတောင်ဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ပန်းခင်းစီမံချက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားများ ဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးသည့် ပန်းခင်းစီမံချက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။ **(ယာပုံ)**



လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးအတွက် အသက်ပြည့်ပြီးသည့် နိုင်ငံသားများအားလုံး မဲပေးနိုင်ရေးရည်မှန်း၍ ပန်းခင်းစီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ရေကြီးရေလျှံမှုများကြောင့် ပန်းခင်းစီမံချက် ဆောင်ရွက်နေသည့် လုပ်ငန်းများ အခိုက်အတန့် တစ်ခုအထိ ရပ်တန့်ခဲ့ရကြောင်း၊ ပြန်လည်ဆောင်ရွက်နိုင်ရေးအတွက် အဓိကကျသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ ခရိုင်နှင့် မြို့နယ် တာဝန်ရှိသူများအား ဖိတ်ကြား၍ ယခုလုပ်ငန်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် စီမံချက်ကာလအတွင်း အရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်၊ ရဲတပ်ဖွဲ့၊ နယ်ခြားစောင့်တပ်၊ ငြိမ်းချမ်းရေးအဖွဲ့အစည်း၊ စစ်မှုထမ်းဟောင်း၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက် ကြရန်လိုကြောင်း၊ ကိုဗစ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

**ဟားခါး ဩဂုတ် ၁၈**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်က ၁၆-၈-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ကိုဗစ်-၁၉ ကူးစက်ခံရသူအချို့သည် ဆေးရုံများသို့ မသွားရောက်ဘဲ မိမိနေအိမ်အတွင်း၌ပင် ကျိတ်၍ ကုသမှုများကြောင့် ကူးစက်မှုများသည့်အတွက် မိမိနေအိမ်တွင် ကုသမှုမလုပ်ဘဲ သက်ဆိုင်ရာ ဆေးရုံများသို့ ပြသလာစေရေး တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရန် လိုကြောင်း၊ ဟားခါးမြို့နှင့် မတူပီမြို့များတွင် Oxygen Plant များ ယခုလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ သဘာဝ ဘေးအန္တရာယ်နှင့် ပတ်သက်၍ မြေပြိုနိုင်သည့်နေရာ၊ လမ်းသားပွဲ့ကျတတ်သည့် နေရာများတွင် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က ပေါင်းစပ်ညှိနှိုင်းပေးကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်
## မိုးယွန်းကြီးအင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား တက်ရောက်

**ပဲခူး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့ နံနက်ပိုင်းက ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနား တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့နယ်ရှိ မိုးယွန်းကြီးအင်း (ဘေးမဲ့တော) အတွင်းသို့ ဒေသငါးမျိုးများဖြစ်သော နှစ်လက်မအရွယ်ရှိ ငါးခေါင်းပွကောင်ရေ ၇၀၀၀၀၊ ငါးခုံးမ ကောင်ရေ ၈၀၀၀၀၊ ငါးဖယ်အောင်း ကောင်ရေ ၅၀၀၀၀၊ ငါးသိုင်းခေါင်းပွ ကောင်ရေ ၅၀၀၀၀ တို့ကို မျိုးစိုက်ထည့် ဆောင်ရွက်ပေးသည်။

ထို့နောက် မိုးယွန်းကြီးအင်း ရှင်းလင်းဆောင်၌ မိုးယွန်းကြီး၏ ဒေသဆိုင်ရာအချက်အလက်များကို စခန်းတာဝန်ခံက ရှင်းလင်းတင်ပြရာ မိုးယွန်းကြီးအင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှု၊ ကျူးကျော်စိုက်ပျိုးမှု မရှိစေရေး၊ တရားမဝင် မြေပြုပြင် ဆောင်ရွက်မှု မရှိစေရေး၊ ရှော့တိုက်ငါးဖမ်းခြင်း မရှိစေရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း မိုးယွန်းကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးစဉ်။

## ကျိုင်းတုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရေး ဈေးများအားလုံး ယာယီပိတ်သိမ်းမည်

**ကျိုင်းတုံ ဩဂုတ် ၁၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုသည် ဒေသတွင်း ပိုမိုကူးစက်မှုများပြားလာပြီး ပိုးတွေ့နှုန်းမြင့်မားလာသည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများအားလုံးကို ဩဂုတ် ၁၉ ရက်မှ ၂၈ ရက်အထိ ယာယီပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း ခရိုင်၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ၏ ညှိနှိုင်းဆုံးဖြတ်ချက်အရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မရှိစေရေးနှင့် ထိရောက်စွာ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျိုင်းတုံမြို့မဈေး၊ နောင်ကွမ်ဈေး၊ ယန်းခမ်းဈေး၊ နောင်နွမ်းဈေး၊ လွယ်မွေဈေး၊ ကတ်တောင်ဈေး၊ ကတ်ထိုက်ဈေး၊ ကတ်ဖဈေးနှင့် ကန်နားလုံဈေးများကို ဩဂုတ် ၁၉ ရက်မှ ၂၈ ရက်အထိ ယာယီပိတ်သိမ်းမည်ဖြစ်ပြီး မြို့သစ်ဈေး (အာခါဈေး) ကို ဩဂုတ် ၁၈ ရက်မှစတင်၍ ၂၈ ရက်အထိ ယာယီပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့နယ်အတွင်းရှိ ဈေးများအားလုံး ယာယီပိတ်သိမ်းမည်ဖြစ်၍ ဈေးအတွင်း/အပြင် ရောင်းချနေသော ဆိုင်ခန်းများအားလုံးနှင့် ပျံ့ကျဈေးသည်များအားလုံး ဈေးရောင်းချခွင့်ပြုမည်မဟုတ်ကြောင်းနှင့် မိမိနေထိုင်သည့် ရပ်ကွက်ရှိနေအိမ်များတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ရောင်းချနိုင်ကြောင်းနှင့် လိုက်နာခြင်းမရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ် ကိုဗစ်-၁၉ ကုသရေးစင်တာများ၌ တာဝန်ထမ်းဆောင်နေသော စေတနာရှင်များအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်




**တနင်္သာရီ ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ တတိယအကျော့တွင် ရောဂါကူးစက်မှုနှုန်း များပြားမှုကြောင့် မြို့နယ်အတွင်းရှိ စောင့်ကြည့်စင်တာများတွင် တာဝန်ထမ်းဆောင်နေကြသည့် စေတနာရှင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အရေးပေါ်အသုံးပြုနိုင်ရန် အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး လှဇော်ဦးက တနင်္သာရီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့မှ ပေးပို့သော ထောက်ပံ့ငွေဖြင့် ဝယ်ယူ၍ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ပရဟိတအဖွဲ့ စေတနာရှင်များအတွက် လာရောက်ထောက်ပံ့ပေးအပ်ရခြင်းနှင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် ဖွင့်လှစ်ထားရှိသော အထက-တနင်္သာရီနှင့် တနင်္သာရီခန်းမ စောင့်ကြည့်စင်တာ၊ တကူကျေးရွာအုပ်စု- အလက (ခွဲ)သံတိုက် စောင့်ကြည့်စင်တာ၊ အရှေ့မော်တုန်းကျေးရွာအုပ်စု အထက - မော်တုန်းကျေးရွာ စောင့်ကြည့်စင်တာ၊ ညောင်ပင်ကွင်းကျေးရွာအုပ်စု အထက - ညောင်ပင်ကွင်း စောင့်ကြည့်စင်တာ၊ မောတောင်မြို့ အားကစားခန်းမနှင့် ကျေးလက်ကျန်းမာရေးဌာန စောင့်ကြည့်စင်တာများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာပရဟိတအဖွဲ့ စေတနာရှင်ကိုယ်စားလှယ်များက လက်ခံယူကြောင်း သိရသည်။

ထို့ပြင် ရောဂါကာကွယ်ရေးဝတ်စုံ ၅၀၊ N-95 နှာခေါင်းစည်း အခု ၁၀၀၀၊ ခွဲစိတ်ခန်းသုံး နှာခေါင်းစည်း အခု ၁၀၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀၊ ရှေ့ဖုံးခါးစည်း အခု ၁၀၀၊ မျက်နှာအကာ အခု ၁၀၀၊ ခွဲစိတ်ခန်းသုံးခေါင်းစွပ် အခု ၅၀၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၈၃ ခု၊ တစ်ခါသုံးလက်အိတ် အခု ၂၅၀၊ Goggles မျက်မှန် အခု ၃၀၊ လည်ရှည်ဖိနပ် ၁၅ ရံ၊ ပိုးသတ်ဆေးရည် ၁၀ ဂါလန်၊ ဆေးဖျန်းပုံး လေးပုံး၊ အပူချိန်တိုင်းစက် ရှစ်လုံး၊ လက်ဆေးဘေစင်ရှစ်ခု၊ အမှိုက်ပုံးကြီး ၁၉ လုံး၊ အမှိုက်အိတ် ၁၉ အိတ်၊ အိမ်သာဆေးရည် ပုလင်း ၃၀၊ အရက်ပြန် ပုလင်း ၂၀၊ ထီးမကြီး ရှစ်ခု၊ အကြမ်းစီးဖိနပ် အရံ ၃၀၊ လက်ကိုင်အသံချဲ့စက် လေးခု၊ လက်ဖျန်းဆေးဘူး ၃၀၊ လက်ဆေးဆပ်ပြာရည်ဘူး ၃၀၊ ဗီတာမင်ဆေး အလုံး ၃၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃ သိန်း ၈ သောင်းရှိသော အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)

## ကွတ်ခိုင်မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီသို့ အောက်ဆီဂျင်နှင့် အခြားပစ္စည်းများလှူဒါန်း

**ကွတ်ခိုင် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ တာမိုးညဲပြည်သူ့စစ်(ဌာနေ) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင် ဦးဆောင်မှုဖြင့် (မူဆယ်) မှ ပြည်သူများအတွက်လိုအပ်လျက်ရှိသော အောက်ဆီဂျင်နှင့် အခြားပစ္စည်းများကို ဩဂုတ် ၁၇ ရက်က ပေးအပ်လှူဒါန်းသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်သူအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀၊ တာမိုးညဲမြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ တားဆီးနိုင်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ကွတ်ခိုင်မြို့နယ်နှင့် တာမိုးညဲမြို့အတွက် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အလုံး ၄၀၊ Flow Meter အလုံး ၂၀၊ အောက်ဆီဂျင်အိုး တွန်းလှည်း ၁၀ စီး၊ အောက်ဆီဂျင်ရှူပိုက်အချောင်း ၄၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၄၀၀၊ Test kit အစုံရေ ၂၂၀၀၊ နှာခေါင်းစည်း အခု ၆၀၀၀၀၊ တရုတ်တိုင်းရင်းဆေးဘူး ၄၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၉၅၀၀၀၀ ကို တာမိုးညဲပြည်သူ့စစ်(ဌာနေ) ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်လွင် ကိုယ်စား ဦးခင်မောင်က ပေးအပ်လှူဒါန်းရာ မြို့နယ်ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်နှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင့်ဝင့်မြိုင်က လက်ခံယူကြောင်း သိရသည်။



အယ်လ်စိုး
(မူဆယ်)

## ကလေးမြို့၌ စားသောက်ကုန်နှင့် ကုန်စိမ်းကုန်ချိန် ၃၀၀၀၀ ကျော် ထောက်ပံ့လှူဒါန်း

**ကလေး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကျောက်ဂူဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာများဖြစ်သည့် ဦးခွန်ဆန်း ဦးဆောင်သော ပအိုဝ်းတိုင်းရင်းသားများမှ ထောက်ပံ့ပေးအပ်လှူဒါန်းသော စားသောက်ကုန်နှင့် ကုန်စိမ်းများ ကုန်ချိန် ၃၀၀၀၀ ကျော်အား ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် မြို့ပေါ်ရပ်ကွက် (၂၀) ကို ကလေးမြို့ လူမှုကူညီရေးအသင်းအဖွဲ့များမှတစ်ဆင့် ယနေ့နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။

ကလေးဒေသခံစေတနာရှင်များကလည်း ဩဂုတ်လ ဒုတိယပတ်အတွင်း နောင်တရားမြို့အတွက် လိုအပ်လျက်ရှိသည့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သောဆေးဝါးများ ကူညီထောက်ပံ့ခဲ့ပြီး နောင်တရားမြို့မှ ပေးပို့ထောက်ပံ့သော စားသောက်ကုန်နှင့် ကုန်စိမ်းများမှာ ခရမ်းချဉ်သီး ပိဿာချိန် ၂၀၀၀၀ ၊ ဂေါ်ဖီထုပ် ပိဿာချိန် ၁၀၀၀၀ ၊ ချင်းပိဿာချိန် ၂၆၀ ၊ အာလူး ပိဿာချိန် ၁၀၀ နှင့် လက်ဖက်ခြောက် ပိဿာချိန် ၁၀၀ စသည့် စုစုပေါင်းတန်ချိန် ၃၀၀၀၀ တို့ကို ပေးပို့ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မောင်ကျော် (ခရိုင် ပြန်/ဆက်)

**ထာဝရကုသိုလ်ရယူဖို့၊**
**သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

## လားရှိုးမြို့၌ တာဝန်ထမ်းဆောင်နေသော ဘဏ်ဝန်ထမ်းများအတွက် စေတနာရှင်၊ အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်များလှူဒါန်း

**လားရှိုး ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ဩဂုတ် ၁၇ ရက်က စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ မြို့နယ်များနှင့် လားရှိုးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘဏ်ဝန်ထမ်းများအား ပြန်လည်ထောက်ပံ့ ပေးအပ်သည်။

ထိုသို့ လှူဒါန်းရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက အမှာစကားပြောကြားပြီး တာမိုးညဲပြည်သူ့စစ်ဌာနအဖွဲ့၊ နမ့်ဖက်ကာပြည်သူ့စစ်ဌာနေအဖွဲ့၊ Wang Ding Economic Development Company၊ Hein Lin Company Limited နှင့် မန်ပန်ပြည်သူ့စစ်ဌာနေအဖွဲ့တို့က လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံယူသည်။

ထို့နောက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်နှင့် လားရှိုးမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဘဏ်ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများကို ပြန်လည်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



# သာပေါင်းမြို့ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၇ ရက်က ပုသိမ်မြို့နယ် ရွှေမြင်တင်ကျေးရွာအုပ်စု ရွာသာယာကျေးရွာသို့ သွားရောက်ပြီး ဥစားကြက်မွေးမြူရေးခြံကို လှည့်လည်ကြည့်ရှုရာ မွေးမြူရေးခြံ ပိုင်ရှင် ဦးဇင်အောင်က ဥစားကြက်အကောင်ရေ ၉၀၀၀ မွေးမြူထားကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှ ကြက်ဥအလုံးရေ ၅၀၀၀ မှ ၆၀၀၀ ခန့် ထွက်ရှိကြောင်းနှင့် ကိုယ်ပိုင်အစာစပ်စက်ရုံမှ မွေးမြူရေးအစားအစာများ ထုတ်လုပ်နိုင်ခြင်းကြောင့် ဈေးကွက်သို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရှင်းပြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မွေးမြူရေးလုပ်ငန်း အတွက် ဆေးဝါးများ ထောက်ပံ့ပေးအပ်ရာ ဥစားကြက်မွေးမြူရေး ခြံပိုင်ရှင် ဦးဇင်အောင်က လက်ခံယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သာပေါင်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၁၀ လီတာဆံ့ အောက်ဆီဂျင်အိုး နှစ်လုံး၊ ၄၀ လီတာဆံ့ အောက်ဆီဂျင်အိုး လေးလုံး၊ KN95 အခု ၂၀၀၊ Favipiravir 400mg အခု ၁၀၀၊ Enoxaparin ၁၀ ခု၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ နှင့် ဆေးရုံဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**



# ဆင်ပေါင်ဝဲမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးအတွက် ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ဆင်ပေါင်ဝဲ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် ဩဂုတ် ၁၇ ရက်က လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်လင်းနှင့် တိုင်းအဆင့်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဆင်ပေါင်ဝဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ၊ စေတနာ့ဝန်ထမ်းများအတွက် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ တက်ရောက်လာသူများက ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် မြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ အောက်ဆီဂျင်ထုတ်စက် ထားရှိမည့် အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီအဖွဲ့ဝင်များအား လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဘားအံမြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေပေးအပ်

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၆ ရက်က ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဘားအံမြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် အာဟာရဖြည့်ကြက်ဥများကို ပေးအပ်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဖွင့်လှစ်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကျော်စွာမြင့်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ် ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ချီးမြှင့်ငွေနှင့် အာဟာရဖြည့် ကြက်ဥများ ပေးအပ်သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များဖြစ်သည့် ဦးကျော်ဟိန်း ဇနီး ဒေါ်မြတ်မြတ်အေး Hein Global Trading Co;Ltd က ငွေကျပ်သိန်း ၁၀၀၀ နှင့် ဦးအောင်သူ မိသားစု Myawaddy Building Material (MBM) Company က ငွေကျပ်သိန်း ၂၀၀ အားလာရောက်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

**ဟိုပန် ဩဂုတ် ၁၈**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်းရှိ တိုင်း/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၉၀၀ အတွက် အခြေခံစားသောက်ကုန်များ (ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သွန်နီ၊ကုလားပဲ) ထောက်ပံ့ပေးအပ်ခြင်းကို ဩဂုတ် ၁၇ ရက်က “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ထောက်ပံ့ပေးအပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်း/ခရိုင်/မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦးလျှင် ဆန် ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ကုလားပဲ ၅၀ ကျပ်သားနှုန်းဖြင့် ဝန်ထမ်း ၉၀၀ အတွက် ဆန် ၂၄ ပြည်အိတ် ၂၂၅ အိတ်၊ ဆီ ပိဿာ ၄၅၀ ၊ ကုလားပဲ ပိဿာ ၄၅၀၊ ကြက်သွန်နီ ပိဿာ ၄၅၀၊ ကြက်ဥ ကတ် ၃၀၀ တို့ကို ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်ရာ ဌာနဆိုင်ရာအလိုက် တာဝန်ရှိသူများက လက်ခံယူသည်။

အဆိုပါ အခြေခံစားသောက်ကုန်များကို “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းစီမံအုပ်ချုပ်ရေးအဖွဲ့မှ စီစဉ်ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

**ရတနာသစ်တော၊ ပြည့်သွေးကြော**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ**

# ကျေးလက်ပြည်သူအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း

ခင်အေးကြူ (ရွှေသန်လျှင်)

**မြန်မာနိုင်ငံတွင် မြို့နယ် ၃၃၀ နှင့် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး ကျေးလက်နေ ပြည်သူများသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းတို့ဖြင့် အဓိက အသက်မွေးဝမ်းကျောင်း ပြုကြသည်။**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားစေရန်အတွက် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းအနှီးလိုအပ်ပါသည်။ လိုအပ်သော ရင်းနှီးငွေများ ရရှိစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။




မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်မှာ **“ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ကျေးရွာလူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်”** ဖြစ်သည်။

**မြစိမ်းရောင်စီမံကိန်းကျေးရွာများ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၅၂၈၃ ရွာ၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၆၁၆ ရွာ၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၀၂၂ ရွာ၊ ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက် (ဧပြီလမှ စက်တင်ဘာလအထိ)တွင် ကျေးရွာ ၂၃၅ ရွာ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉၄၅ ရွာ၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၉၄၅ ရွာ စုစုပေါင်းကျေးရွာ ၁၂၀၈၅ ရွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံမှု ၁၉ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်။

**မြစိမ်းရောင်စီမံကိန်းကျေးရွာ ရွေးချယ်ခြင်း**

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို သက်ဆိုင်သူများအားလုံးပါဝင်၍ အောက်ပါညွှန်းကိန်းများအပေါ် အခြေခံပြီး ကျေးရွာများအား ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ခဲ့သည် -

(က) ဆင်းရဲသော ကျေးရွာ၊

(ခ) စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရန် အလားအလာရှိသောကျေးရွာ၊

(ဂ) တရားဥပဒေစိုးမိုးခြင်း၊

ရွေးချယ်ထားသည့် မြစိမ်းရောင်ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀ မတည်ပေးပြီး ထိုမတည်ရန်ပုံငွေ (အရင်းမပျောက် လည်ပတ်ရန်ပုံငွေ)အား စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် စီမံကိန်းကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများမှ အများသဘောတူဆန္ဒ မဲစနစ်ဖြင့် ရွေးချယ်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဖွဲ့စည်း၍ ကျေးရွာအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေစာရင်းရှင်ဖွင့်လှစ်၍ ချေးငွေထုတ်ချေးခြင်း၊ ပြန်လည်ကောက်ခံခြင်း၊ စီမံကိန်းရန်ပုံငွေစီမံခန့်ခွဲခြင်းကို ဆောင်ရွက်ရာတွင် အတိုးနှုန်းကို ငွေကျပ် ၁၀၀ အတွက် တစ်လလျှင် ပြား ၅၀ နှုန်းမှ ၁ ကျပ် ပြား ၅၀ နှုန်း အတွင်း ကျေးရွာသူ ကျေးရွာသားများ၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ထုတ်ချေး၍ ကျေးရွာအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ တိုးပွားစေသည်။

**ကိုဗစ် - ၁၉ ကာလ ကုစားမှုနှင့် လည်ပတ်ရန်ပုံငွေ လျင်မြန်စွာ ရရှိရေးဆောင်ရွက်မှု**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာလအတွင်း ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်သက်ရောက်မှု သက်သာစေရန်နှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအားလုံးကို ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ တစ်နှစ်တိတိ အတိုးနှုန်း ပြား ၅၀ လျှော့ချသတ်မှတ်ခဲ့သည့်အတွက် ငွေကျပ် ၃၄ ဒသမ ၇၅၄ ဘီလီယံခန့် သက်သာကုစားနိုင်ခဲ့သည်။ ထို့ပြင်ကျေးလက်နေပြည်သူများ လက်ဝယ်သို့ လည်ပတ်ရန်ပုံငွေ လျင်မြန်စွာရရှိစေရေး ဘဏ်ငွေထုတ်ကန့်သတ်ချက်နှင့် သွားလာရေး အခက်အခဲပြေလည်စေရန်အတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့ချင်းပြီးငွေထုတ်ချေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝင်ငွေတိုးလုပ်ငန်းဆောင်ရွက်နိုင်မှု**

လက်ရှိတွင် မြစိမ်းရောင်စီမံကိန်းကျေးရွာနေ ပြည်သူများက စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၆၁၃၁၆၈ စု၊ မွေးမြူရေးလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၃၉၆၃၈၃ စု၊ ရေလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု ၃၂၄၇၅ စု၊ မီးလင်းရေး လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၁၉၈ စု၊ ကုန်ထုတ်လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု ၇၉၄၉ စု၊ အရောင်းအဝယ်လုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု ၁၀၃၂၃၅ စု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု ၃၈၆၅၇ စု ဆောင်ရွက်နိုင်သဖြင့် မိသားစု လူမှုစီးပွားဘဝတိုးတက်လျက်ရှိသည်။

**တိုးပွားလာသော အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်မှု**

စီမံကိန်းကျေးရွာများတွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေလည်ပတ်နေပြီး စီမံကိန်းကာလ သုံးနှစ်ပြည့်မြောက်ပြီး စတုတ္ထနှစ် (သို့မဟုတ်) အတိုးရငွေ စုစုပေါင်းငွေကျပ် သိန်း ၁၀၀ နှင့်အထက် ရရှိပါက အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စီမံကိန်းကျေးရွာ ၂၃၉၈ ရွာ၌ လမ်း/ တံတား ၁၄၄၇ စင်း၊ ရေရရှိရေး (အိမ်သွယ်ရေတိုင်၊ ရေကန်တူးဖော်ခြင်း) ၁၆၅၃ ခု၊ မီးလင်းရေး ၇၇၁ ခု၊ စာသင်ဆောင် ၁၂၃ ခု၊ စာကြည့်တိုက် ၁၁ ခု၊ ကျန်းမာရေးဆေးပေးခန်း ၁၁၉ ခု၊ ဘက်စုံသုံးခန်းမ ၁၅၃ ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်း ၁၄၄ ခု ဆောင်ရွက်နိုင်ခဲ့သည်။

**အကျိုးကျေးဇူး**

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ခြင်းဖြင့် ကျေးလက်အိမ်ထောင်စု ၁ ဒသမ ၁၇ သန်း၊ လူဦးရေ ၈ ဒသမ ၁၆ သန်းအား အကျိုးပြုလျက်ရှိပြီး ကျေးလက်နေမိသားစုများ ဝင်ငွေတိုးပွားလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် နည်းပညာများ ရရှိလာခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ထုတ်လုပ်ငန်းနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အကြွေးဝန်ထုပ်ဝန်ပိုး လျော့ကျလာခြင်း၊ တိုးပွားလာသော ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အသိဉာဏ်နှင့် ဗဟုသုတများ တိုးပွားလာခြင်း၊ အမျိုးသမီးများ၏ ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိပါသည်။

ကျေးလက်နေပြည်သူများ လက်ဝယ်သို့ မြစိမ်းရောင်စီမံကိန်း လည်ပတ်ရန်ပုံငွေများ လျင်မြန်စွာရရှိစေရေး၊ ဘဏ်ငွေထုတ်ကန့်သတ်ချက်နှင့် သွားလာရေးအခက်အခဲများ ပြေလည်စေရေး အတွက် ချေးငွေကောက်ခံခြင်း၊ ပြန်လည်ထုတ်ချေးခြင်းများကို ကျေးရွာအဆင့်၌ မြစိမ်းရောင်စီမံကိန်း လက်စွဲစာစောင်ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့ချင်းပြီး ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးရွာသူ ကျေးရွာသားများအတွက် အတိုးနှုန်း သက်သာစွာဖြင့် ငွေအရင်းအနှီးများရရှိပြီး ဝင်ငွေတိုး လုပ်ငန်းများဆောင်ရွက်နိုင်သဖြင့် မိသားစု လူမှုစီးပွားဘဝတိုးတက်လာသည့်အပြင် အတိုးရငွေဖြင့် ကျေးရွာအတွက် လိုအပ်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် “မြစိမ်းရောင် ကျေးရွာစီမံကိန်း (အရင်းမပျောက် လည်ပတ်ရန်ပုံငွေ)” အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာများဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းကျေးရွာများတွင် လက်ရှိဆောင်ရွက်လျက်ရှိသော ငွေသားပေးချေမှုစနစ်(cash-based) မှ online payment (Digital Financing)စနစ်သို့ ပြောင်းလဲဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

❑ **မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်မှာ “ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်၊ ကျေးရွာလူထု၏ စွမ်းဆောင်ရည် တိုးတက်လာစေရန်” ဖြစ်သည်**

# ကိုဗစ် - ၁၉ ရောဂါ Quarantine Center အသစ်များ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် ဖွင့်လှစ်မည့် စင်တာများတွင် အောက်ဆီဂျင်စက်အသစ် တပ်ဆင်လည်ပတ်နေမှုများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၈

**ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ကိုဗစ် ၁၉ ရောဂါ Quarantine Center အသစ်များ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုနှင့်ဖွင့်လှစ်မည့် ကိုဗစ်-၁၉ ကုသရေး စင်တာအသစ်များတွင် အောက်ဆီဂျင်စက်အသစ်တပ်ဆင်ပြီး လည်ပတ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)**



**ပြင်ဆင်ဆောင်ရွက်ထားမှုတင်ပြ**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ် အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်းသို့ ရောက်ရှိရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် ဒုတိယကျောင်းအုပ်ကြီး ဒေါ်နေဘ်သီသီထူးတို့က အဆောင်လေးဆောင်တွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူ ၃၀၀ ထားရှိရန် အိပ်ရာ ၊ ခြင်ထောင်၊ ခုတင်နှင့် ရေချိုးခန်း၊ အိမ်သာများ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ အောက်ဆီဂျင်ဆလင်ဒါ အိုးများ အသင့်ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကင်းမြို့နယ် ရန်ကင်း ကိုဗစ်- ၁၉ ကုသရေးစင်တာသို့ ရောက်ရှိရာ အောက်ဆီဂျင် လိုအပ်ချက်များကို ဖြည့်တင်းပေးရန် တစ်နေ့ လီတာ ၄၀ ဆံ့ အိုး ၁၂၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်အသစ်တစ်လုံးနှင့် အောက်ဆီဂျင်အရည် ၁၀ တန်ဆံ့ အောက်ဆီဂျင်ထုတ်လုပ်သည့် စက်သစ်တစ်လုံးတပ်ဆင် တည်ဆောက်နေမှုနှင့် စင်တာတွင် ကိုဗစ်ပိုးတွေ့လူနာ ၉၃ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးလွင်နှင့် တာဝန်ခံဆရာဝန်ကြီးတို့က ရှင်းလင်းတင်ပြသည်။

**အောက်ဆီဂျင်စက်တပ်ဆင်**

ဆက်လက်၍သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦးစေတီအားကစားကွင်းရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်မံတည်ဆောက်နေသော ကိုဗစ် – ၁၉ ပိုးတွေ့လူနာ ၃၆၀ ကုသနိုင်သည့် အဆောက်အအုံသစ်သုံးလုံးနှင့် အဆိုပါစင်တာတွင် အသုံးပြုမည့် အောက်ဆီဂျင်စက်အသစ်တစ်လုံး တပ်ဆင်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

စင်တာအသီးသီးရှိ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး သီပေါမြို့နယ်သို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများနှင့် ဆေးဝါးများ လှူဒါန်း

**သီပေါ ဩဂုတ် ၁၈**



အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများ၌ ဆေးကုသမှု ခံယူလျက်ရှိကြသော ပြည်သူများအတွက် ပေးပို့လှူဒါန်းသည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြား၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကိုယ်စား တပ်နယ်မှူး ဗိုလ်မှူးနန်းလင်းက ပစ္စည်းများ လှူဒါန်းရခြင်း ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် အောက်ဆီဂျင် လီတာ ၄၀ နှစ်လုံး၊ Regulator နှစ်လုံးနှင့် ပိုက်နှစ်ချောင်း၊ အောက်ဆီဂျင်တင်လှည်းတစ်ခု၊ ရေမလိုလက်ဆေးရည် ၂၄ ဘူး၊ ပိုးသတ်ဆေး ငါးပုံး၊ အကာအကွယ်ဝတ်စုံပြည့် အစုံ ၁၀၀၊ လက်အိတ် အစုံ ၂၀၀၊ နှာခေါင်းစည်း တစ်ဖာ၊ ပါရာစီတမောနှင့် ဗီတာမင်စီ စသည့်ဆေးဘူးများကို တပ်နယ်မှူး ဗိုလ်မှူးနန်းလင်းက ပေးအပ်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့ အတွင်းရှိ မြို့ပေါ် (၄)ရပ်ကွက်နှင့် ကျေးရွာခြောက်ရွာတို့မှ အသက် ၆၅ နှစ်နှင့် အထက် အဘိုးအဘွားများနှင့် အသက် ၁၈ နှစ်အထက် ပြည်သူများအား ဩဂုတ် ၁၈ ရက်က ရပ်ကွက် (၃) ရှိ အမကကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။ မြို့နယ်(ပြန်/ဆက်)




# မူဆယ်ခရိုင်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လှူဒါန်းပေးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၌ အသုံးပြုရန် မူဆယ်ရပ်ဝန်းလုပ်ငန်းရှင်များက အလှူငွေနှင့် ကိုဗစ်-၁၉ ကုသရေး၊ ကာကွယ်ရေးပစ္စည်းများကို အဆက်မပြတ်လှူဒါန်းကြသည့်အလှူရှင်များအား ဂုဏ်ပြုလက်မှတ် ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး ခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇေယျာလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက အလှူရှင်များကို တစ်ဦးချင်းစီ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

အလှူရှင်များ၏ လှူဒါန်းမှုအနေဖြင့် ပန်းဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးဉာဏ်လင်းဦးမိသားစုက ငွေကျပ်သိန်း ၁၀၀၀ နှင့် အောက်ဆီဂျင်အိုး ၇၅ လုံး၊ ဦးခိုင်ကျော်ကျော်လတ် မိသားစု Myanmar Commerical DeveLopment Co., Ltd. မူဆယ်မြို့က ငွေကျပ်သိန်း ၅၀၀၊ ဦးစိုးမိုးအောင်မိသားစု မူဆယ်မြို့က ငွေကျပ်သိန်း ၁၀၀၊ Hengxing Bu Tee Group ကုမ္ပဏီ မူဆယ်မြို့က ငွေကျပ်သိန်း ၁၀၀၊ တရုတ်ယဉ်ကျေးမှု သာရေးနာရေးအသင်း (ဟွာယင်းကရုဏာဖောင်ဒေးရှင်း) မူဆယ်မြို့က ငွေကျပ်သိန်း ၁၀၀၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်ဥက္ကဋ္ဌ ဦးအိုက်ဆမ်မိသားစု(စုတက်မွန်ကုမ္ပဏီ) က ငွေကျပ်သိန်း ၁၀၀၊ မူဆယ်မြို့အပါအဝင် အလှူရှင်များထံမှ စုစုပေါင်းငွေကျပ် ၂၂၃၁ သိန်း အလှူခံရရှိကြောင်း သိရသည်။

မူဆယ်မြို့တွင် လှူဒါန်းပေးခြင်းဖြစ်သော် မူဆယ်ခရိုင်အတွင်းရှိ ပြည်သူများ အားလုံးအတွက် အသုံးပြုမည်ဖြစ်ကြောင်း၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ မုံးကိုး၊ တာမိုးညဲ၊ မန့်ဟီးရိုး၊ ပန်ဆိုင်း (ကြူကုတ်) မြို့များရှိ ပြည်သူ့ဆေးရုံများသို့ ခွဲဝေပေးခဲ့ကြောင်း၊ ယခုလှူဒါန်းရရှိသော အလှူငွေများကို မူဆယ်ဒေသအတွင်း အများပြည်သူအတွက် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး(မူဆယ်)**



**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မိုးညှင်းမြို့နယ် နန့်မွန်းမြို့ လုံးစန့်ကျေးရွာအုပ်စု လုံးစန့်ကျေးရွာအနီးတွင် မြင့်နိုင်မောင်းနှင်ပြီး ကျော်လှ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ နှင့် ဓားမြှောင်တစ်ချောင်းတို့ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ဘားအံမြို့နယ် ဘားအံ- အိန္ဒူ သွားကားလမ်း အိန္ဒူကျေးရွာအုပ်စု ကော့ခမိတ်ကျေးရွာ ကော့ခမိတ် တောင်ကြားလမ်းတွင် ထိန်လင်းအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၁၇ ရက် ညနေ ၆ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်သိပ္ပလမ်းတွင် မသက်ဘွယ်တွေ့ရှိသူ ချာကူးကူး (ခ) အငယ်လေးနှင့် မသဇင်ထွေးတို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၄၇၅၆ ပြားကို လည်းကောင်း ၊ ယင်းနေ့ နံနက် ၁၀ နာရီတွင် ကလေးမြို့ ပင်လုံရပ်ကွက် နယ်မြေ(၄) ဗန္ဓုလလမ်း အမှတ်(၈၉)ရှိ မဟွဲကျိန်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၂၀၀ ကို လည်းကောင်း။

အလားတူ နံနက် ၉ နာရီခွဲတွင် ရေဖြူမြို့နယ် လော့သိုင်းကျေးရွာအုပ်စု အလယ်စခန်းကျေးရွာ မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် လွင်မောင်မောင် မောင်းနှင်ပြီး အောင်ကျော်စိုးနှင့် သန့်ဇင်တို့ လိုက်ပါလာသည့် ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ကိုမြင့်ဆွေ(မြိတ်)အမည်ပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်အရ ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ပေးခဲ့သူ ယာဉ်လိုင်းဂိတ်မှူး မြင့်ဝင်း (ခ) ညွှန့်ဝင်းကို မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်းရှိ ကားဂိတ်တွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။**(အပေါ်ပုံ)**



ထို့နောက် ဩဂုတ် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် မောင်တောမြို့နယ် အောင်ဇူ – ခမောင်းဆိပ် သွားကားလမ်း ခမောင်းဆိပ်ကျေးရွာအုပ်စု ခမောင်းဆိပ်ကျေးရွာအနီးတွင် မသင်္ကာဖွယ် လမ်းလျှောက်လာသူ စံသာမောင်၊ ထွေးသာစိန်နှင့် ကျော်ထွန်းတို့ကို စစ်ဆေးရှာဖွေရာ စံသာမောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀၀ ကို လည်းကောင်း၊ ထွေးသာစိန်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား၉၅၀၀ကိုလည်းကောင်း၊ ကျော်ထွန်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် စစ်ဆေးရေးစခန်း၌ ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၁၆ မိုင်စစ်ဆေးရေးစခန်း၌ ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်**

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၅ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် စစ်ဆေးရေးစခန်းတွင် မူဆယ်မှ မန္တလေးသို့ အေးမင်းထွန်း (၃၄ နှစ်) မောင်းနှင်ပြီး ချစ်ဗိုလ်(၃၀ နှစ်) လိုက်ပါလာသည့် မှန်လုံယာဉ် (အလတ်) ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၃၄၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄၀၀၀ တွေ့ရှိခဲ့ပြီး ကွင်းဆက်အရ ယင်းစိတ်ကြွရူးသွပ်ဆေးပြားများ လက်ခံမည့်သူ ဖက်တီး(ခ)မျိုးကိုကို(၃၀ နှစ်)ကို နံနက် ၇ နာရီတွင် ချမ်းအေးသာစံမြို့နယ် ၈၅ လမ်း နှင့် ၈၆ လမ်းကြား၊ ၃၅ လမ်းရှိ နေအိမ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြား၊ Crown မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ပို့ပေးခဲ့သူ နန်းမွေနွမ်းလှိုင် (၂၉ နှစ်)ကို မွန်းလွဲ ၁ နာရီခန့်တွင် မူဆယ်မြို့ ကောင်းနောင်ရပ်ကွက် အမှတ်(၁၂၈) နေအိမ်တွင် လည်းကောင်း အသီးသီးဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ


**နေပြည်တော် ဩဂုတ် ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၈ စီး၊ သွင်းကုန် ၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၁၈ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော TCL TV (43") (3 U),(40") (4 U)၊ Cotton Rope (640 Kg)၊ ကျားဝတ် T-Shirt (615 U) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း






ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ကုသရေးဦးစီးဌာနအတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများအတွက် ကုသရေးဦးစီးဌာနမှ ခေါ်ယူထားသော တင်ဒါများတွင် လာရောက်ယှဉ်ပြိုင်ခြင်း မရှိသော ဆေးဝါးများနှင့် Withdraw လုပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ကုသရေးဦးစီးဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၀-၈-၂၀၂၁ရက် |
| **တင်ဒါပိတ်မည့်ရက်** | - ၃-၉-၂၀၂၁ရက် |
| **တင်ဒါပိတ်မည့်အချိန်** | - ညနေ၄:၃၀နာရီ |
| **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** | - ၀၉-၅၃၂၁၀၈၅၊ ၀၅၇-၂၇၁၈၇ |

**တင်ဒါခေါ်ယူရေးအဖွဲ့**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန
မွန်ပြည်နယ်

ကြက်ငှက်တုပ်ကွေးရောဂါ
ကြိုတင်ကာကွယ်ရေး
အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လွင် ၇/မညန(နိုင်)၀၆၆၆၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရေဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ သဇင်ရေကျော်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၁၈-က)၊ ဦးပိုင်အမှတ် (၂၅၄)၊ ဧရိယာ ၁၂ဒသမ၃၆ဧကနှင့် ကွင်းအမှတ် (၄၁၈-ခ)၊ ဦးပိုင်အမှတ် (၂၅၈/၁)၊ ဧရိယာ ၅ဒသမ၈၈ဧက စုစုပေါင်း ဧရိယာ ၁၈ဒသမ၂၄ဧကအား ငါးမွေးကန်မြေအဖြစ် လ/န (၃၉) ခွင့်ပြုမိန့်ဖြင့် ပိုင်ဆိုင်လုပ်ကိုင်စေရန် ဒေါ်သန်းသန်းလွင်အား ခွင့်ပြုမိန့်ချထားပေးခဲ့ပါသည်။ အဆိုပါ ဒေါ်သန်းသန်းလွင်အမည်ဖြင့် ခွင့်ပြုမိန့်ရရှိခဲ့သော ငါးကန်မြေများနှင့်ပတ်သက်၍ ဒေါ်သန်းသန်းလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကိုယ်စားလှယ်လွှဲစာရရှိထားသူဖြစ်ပါသည်။

ဒေါ်သန်းသန်းလွင် အမည်ဖြင့် လ/န (၃၉)ခွင့်ပြုမိန့်ရရှိသော အထက်ဖော်ပြပါ မြေဧရိယာ ၁၈ဒသမ၂၄ဧကအနက်မှ ၃ဒသမ၀၀ဧကကို အခြားသူတစ်ဦးအား ဆန်စက်မြေအဖြစ် လ/န (၃၉)ခွင့်ပြုမိန့်ကို ထပ်မံ၍မှားယွင်းစွာထုတ်ပေးထားကြောင်းကို သက်ဆိုင်ရာမှ စိစစ်တွေ့ရှိခဲ့ပါသည်။ ယခုအခါ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆန်စက်မြေအဖြစ် ထပ်မံ၍မှားယွင်းစွာ ထုတ်ပေးထားခြင်းနှင့် လ/န (၃၉)ခွင့်ပြုမိန့်မှာလည်း မှားယွင်းစွာ ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ဖြစ်သည့်အတွက် **အကျုံးမဝင်တော့ကြောင်း** သက်ဆိုင်သူများထံသို့ အသိပေးအကြောင်းကြားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဒေါ်သန်းသန်းလွင်အမည်ဖြင့် လ/န (၃၉)ခွင့်ပြုမိန့်ရရှိပြီးဖြစ်သော မြေဧရိယာ ၁၈ဒသမ ၂၄ဧကကိုဖြစ်စေ၊ အဆိုပါ ၁၈ဒသမ၂၄ဧကအနက်မှ ဆန်စက်မြေအဖြစ် မှားယွင်းစွာထုတ်ပေးထားသည့် ဧရိယာ ၃ဒသမ၀၀ဧကဖြစ်စေ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း လုံးဝမပြုလုပ်ရန်နှင့် ထိုသို့ပြုမူဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်သက် (LL.B)** **ဒေါ်ဆွေဇင်မိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၇၈)** **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၀၀)**
**အမှတ် (၉/၁၁၊ (၁၀၃-H)၊ ပထမထပ် ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၅၁၀၄၃၊ ၀၉-၄၄၃၁၁၂၉၁၄**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၁)လမ်းရှိ အမှတ်(၂၃)၊ ၂၉x၆၀ပေ၊ အုတ်ညှပ်(၂)ထပ် ရေမီးစုံနေအိမ်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၁)လမ်းရှိ အမှတ်(၂၄) ၄၀x၆၀ပေ၊ RC(၂)ထပ် ရေမီးစုံနေအိမ်တို့သည် ဖခင်ဦးကျော်မြင့်နှင့် မိခင်ဒေါ်မြသန်းတို့၏ လက်ထက်ပွားပစ္စည်းများဖြစ်ပြီး မိဘများကွယ်လွန်သွားချိန်တွင် ဖော်ပြပါမြေကွက်များနှင့် နေအိမ်အဆောက်အအုံတို့၏ သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် သားသမီးများဖြစ်ကြသည့် ၁။ (ဦးအောင်ကျော်ဌေး S/OKA-089252)၊ ၂။ (ဦးအောင်ကျော်ဦး S/OKA-089253)၊ ၃။(ဦးကျော်စိုး)၊ ၄။ဦးကျော်စွာမြင့် ၁၂/ဥကတ(နိုင်)၀၀၀၄၈၉၊ ၅။ ဦးရန်နိုင် ၁၁/ဂမန(နိုင်)၀၂၀၅၄၇ နှင့် ဖခင်ဦးကျော်မြင့်၏ကိတ္တိမသမီးဖြစ်သည့် မယမင်းအေးတို့က အချိုးကျ အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပါကြောင်း အများသိစေအပ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အမွေဆိုင်များ၏ ခွင့်ပြုချက်မရဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း အစရှိသည်တို့ကို မပြုလုပ်ကြရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**၁။ (ဦးအောင်ကျော်ဌေး)ဇနီး ဒေါ်ခင်ဝင်းရီ**
**၂။ (ဦးအောင်ကျော်ဦး) ဇနီး ဒေါ်သန်းသန်းဆွေ**
**၃။ (ဦးကျော်စိုး) သမီး မမေသဇင်**
**၄။ ဦးရန်နိုင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စုလတ်ဝင်း(LL.B,DIL)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၁၁/၂၇-၆-၂၀၁၉)
အမှတ်-၉၅၉၊ ဗညားဒလလမ်း၊ ၃၇ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း
ဖုန်း-၀၉-၇၇၈၈၀၉၄၁၆

အများပြည်သူသို့
အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင် ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်း ထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

(၁၃.၈.၂၀၂၁)နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာ-၂၉တွင် ပါရှိသော
ဦးကျော်မင်းဆန်း(ဘ) ဦးသန်းလှိုင် (၁၂/စရန(နိုင်)၁၀၆၇၄၁)နှင့်
အများသိစေရန် ကြေညာချက်အား တရားမဝင် ပယ်ဖျက်ကြောင်း ရှင်းလင်းကြေညာချက်

အထက်ပါ ကြေညာချက်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါက်တာခင်ခင်မြင့် (ခ) ဒေါ်စိန်မြင့် (၁၂/လသန(နိုင်)၁၀၇၆၃၂)နှင့် ဦးဇော်လင်းထွန်း ဆိုသူတို့မှ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃) ဦးတင်မောင်ဆွေ၊ B.A(Law) LL.B., D.B.L က အထက်ပါသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ခြင်းမှာ ကျွန်ုပ်၏ မိတ်ဆွေမှ တရားဝင် လွှဲအပ်ညွှန်ကြားချက် တစ်စုံတစ်ရာ ပေးအပ်ခဲ့ခြင်း လုံးဝ (လုံးဝ) မရှိဘဲ ထည့်သွင်းကြေညာခဲ့ခြင်းသာဖြစ်ကြောင်းနှင့် တရားဝင် လုပ်ကိုင်ခွင့်မရှိသော ဦးဇော်လင်းထွန်း တစ်ဦးတည်း ဆန္ဒဖြင့်သာ ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်ကြောင်း သိစေအပ်ပါသည်။ အထက်ပါ ကြေညာချက်တွင်ပါရှိသော အကြောင်းအရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အဓိကသက်ဆိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါက်တာခင်ခင်မြင့် (ခ) ဒေါ်စိန်မြင့်၏ ခွင့်ပြုချက်မရရှိဘဲ ထည့်သွင်း ကြေညာခဲ့ခြင်းဖြစ်၍ အဆိုပါ မြန်မာ့အလင်း သတင်းစာ၌ပါရှိသော ကြေညာချက်များမှာ မှန်ကန်မှု မရှိပါကြောင်းနှင့် တရားမဝင် ပယ်ဖျက်ပါကြောင်း အများသိစေရန် ရှင်းလင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမျိုးမြင့် (ဘက်)** **ဒေါ်အိအိအေး** **ဒေါ်ပြည့်ပြည့်အောင်**
**(စဉ်-၆၀၆၅/၉၄)** **(စဉ်-၄၇၆၈၆)** **(စဉ်-၄၉၂၂၁)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေများ**
အမှတ် (၈၃)၊ အခန်း-၁၁၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉ ၅၁၆၇၂၃၇၊ ၀၉ ၇၉၆၂၉၀၃၀၅၊ ၀၉ ၄၂၃၇၄၄၄၁၄

ဒေါ်အိသဇင်မင်း(ဘ)ဦးသန်းဌွေးနှင့်
အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သုမိတ္တာ(၈)လမ်း၊ အမှတ်(၂၆၃)တွင်နေထိုင်ပြီး ယခုခေတ္တအင်္ဂလန်နိုင်ငံသို့ ရောက်ရှိနေသူ ဒေါ်သဲနန္ဒာအောင် ၁၂/ဥကမ(နိုင်) ၁၈၄၀၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်အိသဇင်မင်းနှင့် အများသိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်သဲနန္ဒာအောင်၏ ဖခင်ဖြစ်သူ ဦးအောင်စိန်သည် (၈-၁၀-၂၀၁၉)ရက်တွင် ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်မြမြဝင်းမှာ (၂၈-၇-၂၀၂၁)ရက်တွင် အသီးသီးကွယ်လွန်အနိစ္စရောက်ခဲ့ကြပါသည်။ မိဘများ ကွယ်လွန်အနိစ္စရောက်ချိန်တွင် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်သဲနန္ဒာအောင်မှာ အလုပ်ကိစ္စဖြင့် မြန်မာနိုင်ငံပြင်ပ အင်္ဂလန်နိုင်ငံသို့ ခေတ္တရောက်ရှိနေပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ၏ မိခင် ဒေါ်မြမြဝင်း (၂၈-၇-၂၀၂၁)ရက်တွင် သေဆုံး(ကွယ်လွန်)စဉ်က ကျန်ရစ်ခဲ့သော သေဆုံးသူ (ကွယ်လွန်သူ) ဒေါ်မြမြဝင်း၏ လက်ရှိပစ္စည်းများဖြစ်သည့် (၁)အမှတ် (၂၆၃)၊ သုမိတ္တာ (၈)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေကွက်နှင့်အဆောက်အအုံနှင့် ဂရန်မူရင်းစာအုပ်၊ (၂)အမှတ် (၂၂)၊ သုမိတ္တာ (၂)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေကွက်နှင့် နေအိမ်အဆောက်အအုံနှင့် ဂရန်မူရင်းစာအုပ်၊ (၃)အမှတ်(၃၄၅)၊ မဥ္ဇူလမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရှိ မှန်ခန်းအမှတ်(B)တစ်ခန်းနှင့် စာချုပ်မူရင်းများ၊ (၄)အမှတ်(၄၄၄)၊ သုမိတ္တာ(၁၂)လမ်း၊ အမှတ်(၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မှန်ခန်းအမှတ်(B)တစ်ခန်းနှင့် စာချုပ်မူရင်းများ၊ (၅)ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဒေါ်မြမြဝင်းနှင့် ဒေါ်သဲနန္ဒာအောင်တို့ နှစ်ဦးအမည်ဖြင့် အပ်နှံထားသည့် ငွေစုစာအုပ်နှင့် ငွေကြေးများ၊ (၆)ရန်ကုန်မြို့၊ ကမ္ဘောဇဘဏ်တွင် ဒေါ်မြမြဝင်း တစ်ဦးတည်း၏ အမည်ဖြင့် အပ်နှံထားသည့် ငွေစုစာအုပ်နှင့်ငွေကြေးများ၊ (၇)ရန်ကုန်မြို့၊ ကမ္ဘောဇဘဏ်တွင် ဒေါ်မြမြဝင်းနှင့် ဒေါ်သဲနန္ဒာအောင်တို့ နှစ်ဦးအမည်ဖြင့် အပ်နှံထားသည့် ငွေစုစာအုပ်နှင့် ငွေကြေးများ၊ (၈) ဒေါ်မြမြဝင်း ဝတ်ဆင်သည့် (၃)ကျပ်သား ရွှေဆွဲကြိုး (၁)ကုံး၊ တစ်ကွင်းလျှင် (၂ ကျပ်ခွဲသားစီ)ရှိသော ရွှေ လက်ကောက် (၂)ကွင်း၊ လက်စွပ်တစ်ကွင်း နားကပ်(၃)ရံ၊ ရွှေကွပ်ထားသည့် စိန်ဆွဲသီး (၁)ကျပ်သား၊ ဆွဲသီး (၁)ခု၊ (၉) (၂၈-၇-၂၀၂၁) ရက်တွင် သေဆုံးသူ ဒေါ်မြမြဝင်း၏ သေစာရင်းမိတ္တူ၊ ဦးအောင်စိန်၊ ဒေါ်မြမြဝင်း မိသားစု လူဦးရေသန်းခေါင်စာရင်းမူရင်း၊ ဒေါ်မြမြဝင်း၏ မှတ်ပုံတင်မူရင်းတို့မှာ (၂၈-၇-၂၀၂၁)ရက်တွင် သေဆုံးသူ ဒေါ်မြမြဝင်း၏ (ကွယ်လွန်စဉ်) သေစဉ်က ကျန်ရစ်ခဲ့သည့် ပစ္စည်းများဖြစ်ပါကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။

ကျွန်ုပ်အမှုသည်ဖြစ်သူ၏ မိခင် ဒေါ်မြမြဝင်းမှာ (၂၈-၇-၂၀၂၁)ရက်တွင် ကွယ်လွန်(သေဆုံး) ချိန်တွင် ကျန်ရစ်ခဲ့သည့်သေဆုံးသူ(ကွယ်လွန်သူ) ၏လက်ရှိအထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၏ စာရွက်စာတမ်းမူရင်းများအားလုံး၊ ရွှေ့ပြောင်းနိုင်သော ရွှေထည်၊ လက်ဝတ်ရတနာများအားလုံးနှင့် သေဆုံးသူ၏ မိသားစုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများ၊ မိတ္တူများ၊ ငွေစုဘဏ်စာအုပ်များကို (၂၈-၇-၂၀၂၁)ရက်၊ ဒေါ်မြမြဝင်း ကွယ်လွန်(သေဆုံး)ပြီးချိန်တွင် ဒေါ်မြမြဝင်း၏ တူမတော်စပ်သူ ဒေါ်အိသဇင်မင်းမှ ရောက်ရှိလာပြီး ပစ္စည်းများအားလုံး ရှာဖွေသိမ်းဆည်း၍ ယူဆောင်ပြီး ခေတ္တထိန်းသိမ်းထားကြောင်းကို ကျွန်ုပ်အမှုသည် ညွှန်ကြားချက်အရနှင့်သေဆုံးသူ ဒေါ်မြမြဝင်း၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရန် လာရောက်ကူညီဆောင်ရွက်ပေးနေကြသူများအားလုံးမှ မြင်တွေ့သိရှိသည်များကို ထုတ်ဖော်ပြောဆိုချက်များအရ သိရှိရပါသည်။

ထို့အပြင် ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်သဲနန္ဒာအောင်မှ မြန်မာနိုင်ငံသို့ ပြန်မရောက်မီအချိန်တွင် အမွေပစ္စည်းများကို ခေတ္တထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် ယုံကြည်အားထားရသော ဒေါ်အိသဇင်မင်း(ဘ)ဦးသန်းဌွေးအား စောင့်ရှောက်ကာကွယ်ပေးရန် အကူအညီတောင်းခံ၍ စောင့်ရှောက်ကာကွယ်ခွင့်ပြုထားပါကြောင်းနှင့် မိခင် ဒေါ်မြမြဝင်း ကွယ်လွန်ချိန်အထိအတူနေသော ယုံကြည်အားထားရသည့် ဒေါ်ရီစံကို မိခင်နေထိုင်ခဲ့သည့် နေအိမ်တွင် နေထိုင်စေပြီး ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးရန် နေထိုင်ခွင့်ပြုထားပါကြောင်းကို လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

သို့ရာတွင် ကျွန်ုပ်၏အမှုသည် ဒေါ်သဲနန္ဒာအောင်၏ မိခင် ဒေါ်မြမြဝင်းမှ(သေဆုံး) ကွယ်လွန်ချိန်တွင် ကျန်ရစ်ခဲ့သည့် (သေသူ လက်ရှိပစ္စည်း)အမွေပစ္စည်းများအားလုံးကို ကျွန်ုပ်အမှုသည် ဒေါ်သဲနန္ဒာအောင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာ မရှိဘဲဖြစ်စေ၊ အသိပေးအကြောင်းကြား ညွှန်ကြားချက်တစ်စုံတစ်ရာမရှိဘဲဖြစ်စေ မည်သူတစ်ဦးတစ်ယောက်ကမျှ စီမံခန့်ခွဲခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းကို ကျွန်ုပ်အမှုသည်မှ လုံးဝ(လုံးဝ)ပြုလုပ်ခွင့်မပြုပါကြောင်းနှင့် တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါလျှင်ဖြစ်စေ၊ သိရှိခဲ့ရလျှင်ဖြစ်စေ ကျွန်ုပ်အမှုသည်မှ တည်ဆဲဥပဒေများအရ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဲနန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသိန်း B.A(Law); LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၄)**
**အမှတ်(၅၆၃)၊ ပီမိုးနင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၂၅၀၁၇၂၆၀၁**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၁၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လွမ်းဆွတ်သတိရ အမျှဝေခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး/ဒါယိကာမကြီး**

**ဖခင်ကြီး ဦးမောင်ကျော်အောင်-မိခင်ကြီး ဒေါ်ဦးကျော့စိန်**

၃-၁၂-၂၀၁၄ ၁၉-၈-၂၀၁၇

အနန္တကျေးဇူးရှင်ဖခင်ကြီးနှင့် မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပါပြီ။ သတိရတမ်းတလွမ်းဆွတ်သတိရဆဲပါ။ ဖခင်ကြီးနှင့် မိခင်ကြီးအား ရည်စူး၍ လှူဒါန်းအပ်သောနေ့စဉ်၊ အပတ်စဉ်၊ နှစ်စဉ်ပြုအပ်သော ကောင်းမှုများ၏ ဒါနကံ၊ သီလကံ၊ ဘာဝနာကံတို့၏အဖို့ကို မြင့်မြတ်သောဘုံဘဝမှ ဖခင်ကြီးနှင့်မိခင်ကြီး သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဖခင်ကြီးနှင့်မိခင်ကြီးအား အမျှ...အမျှ...အမျှ...ပေးဝေပါသည်။

**သားသမီးများ** - ဦးသာထွန်း-ဒေါ်ဦးခင်ညွန့်

**မြေးများ** - မောင်လင်းလင်းထွန်း-မမြင့်သီတာထက်
မောင်ကျော်ကျော်အောင်-မဆွေဆွေလွင်
မချိုအိအိခက်

**မြစ်** - မောင်ဘုန်းမြတ်ကျော်

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးအောင်သန်း (တပ်ကြပ်ကြီး-ငြိမ်း)

**အသက် (၇၇)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဒါးကမြို့၊ ညောင်ပင်စုကျေးရွာနေ (ဦးမောင်သိန်း-ဒေါ်သိန်းမေ)တို့၏သား၊ ကျိုင်းတုံမြို့၊ ပန်ဟုန်းရပ်ကွက်၊ တာချီလိတ်လမ်းနေ ဒေါ်ခင်လှသောင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သင်းသင်းအောင်(ခေတ္တ-ထိုင်းနိုင်ငံ)၊ ဗိုလ်မှူးကြီး အောင်သောင်းထိုက်-ဒေါက်တာဒေါ်နွယ်နီအောင်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးအောင်သန်းသည် ၁၈-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မွန်းလွဲ ၂နာရီတွင် အမှတ် (၃) တပ်မတော်ဆေးရုံ(ခုတင် -၃၀၀)မှ ကျိုင်းတုံမြို့၊ တိုင်းနေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်တင်ဝင်း(Bcon.AA)

**အသက် (၇၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ ကသစ်လမ်း အမှတ်(၆)နေ (ဦးတန်ကား-ဒေါ်ပုစိန်)တို့၏သမီးကြီး၊ ဦးခင်မောင်ဝင်း (မြန်မာ့ဆိပ်ကမ်း အာဏာပိုင်(ငြိမ်း) )၏ဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်ခင်ပို မှော်ဘီမြို့နယ်၊ မြောင်းတကာကျေးရွာတို့၏ ညီမ၊ ဦးသန့်လွင်-ဒေါ်ညွန့်ညွန့်တင် (၁၄)လမ်း၊ လမ်းမတော်မြို့နယ်၊ (ဦးတင့်လွင်)-ဒေါ်ငွေငွေကြွယ်၊ (ဦးမျိုးမင်းပိုင်)-ဒေါ်မြမြဝင်း၊ (ဦးတင်ထွဋ်) သီတာရပ်ကွက်၊ ကြည့်မြင်တိုင်တို့၏ အစ်မ၊ ကိုသူရဝင်း-မဟံကေဇင်၊ ကိုကြည်သန့်၊ ကိုထွန်းငွေဝင်း-မအိခိုင်မိုးတို့၏ ကျေးဇူးရှင် မိခင်၊ မထက်နွေဦး၊ မမုဒိတာထွန်းဝင်း၊ မသုခိတာထွန်းဝင်းတို့၏ အဘွားသည် ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့) ည ၇:၅၄ နာရီတွင် ရန်ကုန်မြို့ အရိုးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးကျော်မြင့်(ထားဝယ်မြို့)

**မင်္ဂလာဈေး**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်မြို့နယ်၊ ကန်တော်လေး၊ ၈၇ လမ်း၊ အမှတ် (၂၁၊ B)နေ (ဦးစိန်ချို-ဒေါ်စန်းမွှေး)တို့၏သားငယ်၊ (ဦးချင်းဟို-ဒေါ်စောကျင်)တို့၏သားသမက်၊ ဒေါ်ချင်စိုး၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးထွန်းမြင့်)-ဒေါ်လှစိန်၊ (ဒေါ်တင်မြ)၊ (ဦးလှမြင့်)-ဒေါ်ညွန့်စိန်၊ ဦးဝင်းမြင့်-ဒေါ်ကြင်မူတို့၏ညီမောင်၊ ဦးဖြိုးကျော်-ဒေါ်ဆုမွန်မွန်ကျော်၊ ဦးနောင်လတ်ကျော်-ဒေါ်ပွင့်၊ ဦးဟိန်းလတ်အောင်-ဒေါ်ယမင်းသူဇာတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မအိမ့်ရွှန်းလဲ့ဖြိုး၊ မောင်အောင်မင်းဟိန်းတို့၏အဘိုး၊ တူ တူမ ကိုးယောက်တို့၏ ဦးလေးသည် ၁၆-၈-၂၀၂၁ရက် (တနင်္လာနေ့)နံနက် ၇:၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

## ဆရာတော် ဘဒ္ဒန္တကေလာသ

**သက်တော်(၇၅)နှစ်**

**သိက္ခာတော်(၄၅)ဝါ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ သိမ်ဖြူတိုက်၊ တေဇာရာမရွှေနားကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၏ညီတော်၊ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ မြောင်းတော်လှကျေးရွာနေ ဦးငွေဒေါင်း-ဒေါ်လုံးတင်တို့၏မောင်၊ ဆရာတော် ဘဒ္ဒန္တကေလာသသည် ၁၆-၈-၂၀၂၁ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

## ဦးသန်းထွန်း

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၉၉)၊ (၁၁)လမ်း၊ ၃ရပ်ကွက်နေ (ဦးအုန်းဖေ-ဒေါ်ရီရီ)တို့၏သားကြီး၊ ကျောင်းကုန်းမြို့နေ (ဦးဘိုးရွှေ-ဒေါ်သိန်းကြည်)တို့၏ သားသမက်၊ (ဒေါ်မြင့်မြင့်သန်း)၏ ခင်ပွန်း၊ မဖြူဖြူသန်း၏ ဖခင်ကြီး၊ မောင်နှမ(၆)ယောက်တို့၏အစ်ကိုကြီး၊ တူ၊ တူမ(၆)ယောက်၊ မြေး(၂)ယောက်တို့၏အဘိုးသည် ၉-၈-၂၀၂၁ရက် မွန်းလွဲ ၁:၄၅နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ညနေ၆နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်မြင့်မြင့်ကြည်စိုး

**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီမံကိန်းအိမ်ရာ၊ တိုက်A၊ အခန်း(၃၀၂)နေ (ဦးမြဝင်း-ဒေါ်စိုးရှင်) တို့၏သမီးကြီး၊ (ဗိုလ်မှူးလှထွန်း)-ဒေါ်လှသန်းတို့၏ချွေးမ၊ ဒေါက်တာကျော်စိုး-ဒေါက်တာသွယ်သွယ်ထူး၊ (ဦးတင်ဝင်း)-ဒေါ်သန်းသန်းအေး၊ ဦးငွေအောင်-ဒေါ်ထေရီခင်၊ ဦးနေဝင်း-ဒေါ်လွင်လွင်အေး၊ (ဦးရဲလွင်)-ဒေါ်မြမြစိုး၊ (ဦးငွေလွင်)တို့၏ချစ်လှစွာသောအစ်မကြီး၊ [ဗိုလ်မှူးဝင်းဆွေ (ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ မောင်အေးချမ်းဆွေ-မအိသော်တာဝင်း၊ ဗိုလ်ကြီး တင်ဝင်းဇော်-မငွေရည်ဆွေတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး(၃)ယောက်တို့၏အဘွား ဒေါ်မြင့်မြင့်ကြည်စိုး၊ အသက်(၆၈)နှစ်သည် ၁၇-၈-၂၀၂၁ ရက်(အင်္ဂါနေ့) နံနက် ၈:၄၈နာရီတွင် ပုသိမ်မြို့စစ်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပုသိမ်မြို့ သရောင်းချောင်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်မြင့်မြင့်ကြည်စိုး

**အသက်(၆၈)နှစ်**

တေဇ(၉)မှ သူငယ်ချင်း [ဗိုလ်မှူး ဝင်းဆွေ (ငြိမ်း)]၏ ချစ်လှစွာသော ဇနီး ဒေါ်မြင့်မြင့်ကြည်စိုးသည် ၁၇-၈-၂၀၂၁ ရက် (အင်္ဂါနေ့)တွင် ပုသိမ်မြို့ စစ်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ သားသမီးမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **တေဇ(၉)မှ သူငယ်ချင်းများနှင့်မိသားစုများ**

---

## ဦးထွန်းအုံ(ခ) ဦးဘိုဘို

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ (ဦးဘသိန်း)-ဒေါ်လှညွန့်တို့၏သားထွေး၊ ဦးသိန်းတင်-ဒေါ်လှကြီး တို့၏ သားသမက်၊ ဒေါ်လဲ့လဲ့တင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးပြည့်ဖြိုးကျော်-ဒေါ်ခိုင်ပြည့်ဘို၊ (ဒေါက်တာခိုင်ယုဘို)၊ ဒေါ်နီထွန်းတင်(ခ)နီတာ တို့၏ချစ်လှစွာသောဖခင်၊ မပြည့်ဖူးဟေသီ၏ချစ်လှစွာသော ဘိုးဘိုးကြီး ၁၆-၈-၂၀၂၁ရက် (တနင်္လာနေ့) မွန်းလွဲ၂:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၇-၈-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ ဝရဇာ(၄)လမ်း၊ မြေကွက်အမှတ်(၅၈၅/က)၊ မြေပေအကျယ် အလျား(၆၀)ပေxအနံ(၂၀)ပေ၊ ဧရိယာစတုရန်းပေ (၁၂၀၀)ရှိနှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏မြို့ မြေစာရင်းတွင် ဦးဇော်မြင့် ၁၂/ဥကတ(နိုင်)၁၂၂၆၉၉ အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုအိမ်ခြံမြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ဇင်မာဖြိုး ၁၂/ဗဟန(နိုင်)၀၈၇၂၅၃ က ယင်းအိမ်ခြံမြေကွက်အား ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မဥ္ဇူလင်း ၁၂/ဒဂမ(နိုင်)၀၁၄၅၈၅ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်( အလင်္ကာ Law Firm)**
**LL.B,D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)
အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊
(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယကာကြီး**

## ဒုဗိုလ်မှူးကြီးငွေလွင်(ငြိမ်း)

**O.T.S(၂၉)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၁လမ်း၊ အမှတ်(၁၂၇)နေ (ဦးထွန်းရွှေ-ဒေါ်သန်း)တို့၏သားကြီး၊ (ဒေါ်ခင်စောမြင့်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒုဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာလွင်၊ ဒုဗိုလ်မှူးကြီးထွန်းထွန်းဝင်း(ဦးစီး(ပ)၊ ကကဆေး)-ဒေါ်နီလာလွင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအိဖြူဖြူခင်၊ မရှုမဝခင်၊ ဒေါက်တာသရဖီခင်၊ မဟန်သဥ္ဇာလွင်ဝင်း၊ မရွှန်းလဲ့ဝတ်ရည်ဝင်းတို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၇-၈-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၁၀နာရီတွင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမောင်မောင်စိုး

**CDC-8025**

**3/E (Maersk Line)**

**A.P.MOLLER SINGAPORE PTE.LTD.**

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အမှတ်(၉/က) ပတ္တမြားတိုက်၊ အခန်း(၁)နှင့် အမှတ်(၇/D)၊ ဒေါနလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးရွှေသောင်း-ဒေါ်ကြည်ကြည်)တို့၏ သားထွေး၊ (ဦးဟီးလင်း-ဒေါ်သန်းနွဲ့)တို့၏ သားသမက်၊ (ဦးထွန်းတင်)-ဒေါ်ငွေငွေ၊ ဒေါ်ဆွေဆွေလှဲ့၊ ဒေါ်ခင်လေးမွန်၊ ဦးဇော်လင်း-(ဒေါ်ကြည်ကြည်ဝင်း)၊ ဒေါ်သန်းသန်းထွေး၊ ဦးသန့်ဇော်-ဒေါ်ဆွေဇင်မိုးတို့၏ မောင်/အစ်ကို၊ တူ/တူမ(၆)ယောက်တို့၏ ဦးလေး၊ မြေး(၃)ယောက်တို့၏ အဘိုးလေး၊ ဒေါ်အေးအေးတင့်၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်ဆုအေး၊ မောင်မြတ်လင်းမောင်မောင်၊ မဆုအိမ့်စံ(ခေတ္တ Australia)တို့၏ ချစ်လှစွာသော ဖခင် ဦးမောင်မောင်စိုး အသက်(၆၉)နှစ်သည် ၁၅-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမောင်မောင်စိုး

**CDC-8025**

**Ex:3/E (Maersk Line)**

**A.P.MOLLER SINGAPORE PTE.LTD.**

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ပိတောက်ရိပ်ငြိမ်လမ်း၊ အမှတ်(၉/က) ပတ္တမြားတိုက်၊ အခန်း(၁)နှင့် အမှတ်(၇/D)၊ ဒေါနလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးရွှေသောင်း-ဒေါ်ကြည်ကြည်)တို့၏ သားထွေး၊ (ဦးဟီးလင်း-ဒေါ်သန်းနွဲ့)တို့၏ သားသမက်၊ (သီရိပျံချီ ဦးလွန်းသီ-ဒေါ်ခင်မာအေး)၊ (ဦးချိုဝင်း)-ဒေါ်ရွှေသိန်းနု၊ (ဦးမောင်မောင်သွင်-ဒေါ်မာလာပျို)၊ ဦးသန်းအောင်-ဒေါ်သီသီဆွေတို့၏ ညီ/မောင်၊ ဒေါ်ဥမ္မာရွှေ၊ ဦးမျိုးဝင်းကျော်-ဒေါ်ထူးထူးရွှေတို့၏ အစ်ကို၊ တူ/တူမ(၁၄)ယောက်တို့၏ ဦးလေး၊ မြေးများတို့၏အဘိုးလေး၊ ဒေါ်အေးအေးတင့်၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်ဆုအေး၊ မောင်မြတ်လင်းမောင်မောင်၊ မဆုအိမ့်စံ(ခေတ္တ Australia)တို့၏ ချစ်လှစွာသော ဖခင် ဦးမောင်မောင်စိုး အသက်(၆၉)နှစ်သည် ၁၅-၈-၂၀၂၁ ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၁၆၄၊ (၄၀x၆၀)ပေ အကျယ်ရှိသော မြေကွက်ပေါ်ရှိ အမှတ်(၁၁၆၄)၊ မဉ္ဇူသကလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော ဦးတင်မြင့်(AG-၃၂၂၅၅၇)အမည်ပေါက်မြေချပါမစ်အမျိုးအစားမြေကွက် နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ဆွေဆွေမော် ၁၂/မဂတ(နိုင်)၀၀၆၈၅၇ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ** - **LRE Law Firm**

**တရားလွှတ်တော်ရှေ့နေများ** - **ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)၊ ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃)၊ ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)၊**
**ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)၊ ဒေါ်စုမြတ်နွယ်(စဉ်-၁၆၆၈၅)**
**အမှတ်(၁၅၆)၊ ပထမထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်**
**ဖုန်း-၀၉-၄၃၁၃၃၉၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## အောင်ဘာလေသိန်းထီကံစမ်းသူ မိဘပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် အောင်ဘာလေ သိန်းထီကံစမ်းသူ မိဘပြည်သူများမှ ထီလက်မှတ်များကို အဆင်ပြေချောမွေ့စွာ ဝယ်ယူကံစမ်းနိုင်စေရေးအတွက် အောင်ဘာလေသိန်းထီလက်မှတ်များအား လစဉ်ရောင်းချပေးလျက်ရှိပြီး ထီဖွင့်ပွဲများကိုလည်း လစဉ်လဆန်း (၁) ရက်နေ့တွင် ကျင်းပပေးလျက်ရှိပါသည်။

၂။ အောင်ဘာလေသိန်းထီ ဆုမဲများ ခွဲဝေချီးမြှင့်ရာတွင် အောင်ဘာလေသိန်းထီ အကြိမ်စဉ်အလိုက် ထီလက်မှတ်ရောင်းရငွေ စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို ဆုမဲများအဖြစ် ခွဲဝေပေးလျက်ရှိပြီး ကျန် ၄၀ ရာခိုင်နှုန်းကို အောင်ဘာလေ သိန်းဆုခွန်အဖြစ် နိုင်ငံတော်က ရယူလျက်ရှိပါသည်။

၃။ ထီဆုငွေထုတ်ယူခြင်းနှင့် စပ်လျဉ်း၍ လက်ရှိကာလတွင် ငွေထုတ်ယူခြင်းဆိုင်ရာ ကန့်သတ်ချက်များ ရှိနေသော်လည်း ထီကံစမ်းသူများအနေဖြင့် ထီဆုငွေများကို အဆင်ပြေစွာထုတ်ယူနိုင်စေရေးအတွက် ထီဆုငွေ ကျပ်သိန်းငါးရာအထိကို တစ်လုံးတစ်ခဲတည်း ထုတ်ပေးလျက်ပြီး ကျန်ဆုငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးလျက်ရှိပါသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ■

**ယနေ့ သတင်းအညွှန်း**

**နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်(ဟောင်း) ဒေါက်တာမျိုးအောင်နှင့် ဒုတိယမြို့တော်ဝန်(ဟောင်း) ဦးရဲမင်းဦး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်(ဟောင်း) ဦးမင်းသူနှင့် ဒေါ်စံပယ်ထွေး တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ** စာ - ၁၂

### ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၁၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။ မိုး/ဇလ

## ခင်ဦး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ခင်ဦး ဩဂုတ် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများရှိ ကျန်ရှိနေသော အသက် (၆၅) နှစ် အထက် ပုဂ္ဂိုလ်များနှင့် ပြည်သူများကို ယနေ့ နံနက် ၉ နာရီကစ၍ ပြည်သူ့ဆေးရုံ (မိခင်နှင့် ကလေးကျန်းမာရေးဌာန) တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ (ယာပုံ)

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ရပ်ကွက်၊ ကျေးရွာများရှိ ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိနေသော အသက် (၆၅) နှစ်အထက် ပုဂ္ဂိုလ်များနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ○





## ဒေါ့မွန်ကို အနိုင်ယူပြီး ဂျာမန်စူပါဖလားကို ဘိုင်ယန်မြူးနစ်အသင်း ကိုးကြိမ်မြောက် ဆွတ်ခူး

ဂျာမန်စူပါဖလားဗိုလ်လုပွဲအဖြစ် ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ဒေါ့မွန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး စူပါဖလားကို ကိုးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါဖလား ဗိုလ်လုပွဲစဉ်သည် ဘွန်ဒက်စ်လီဂါ အမှတ်ပေးဖလား ရရှိသည့်အသင်းနှင့် DFB ပိုကယ်ဖလား ရရှိသည့် အသင်းတို့ ယှဉ်ပြိုင်ကစားရသည့် ပွဲစဉ်ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပြီးခဲ့ရာသီ ဘွန်ဒက်စ်လီဂါ အမှတ်ပေးဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီး ဒေါ့မွန်အသင်းက DFB ပိုကယ်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် လိုက်ပ်ဇစ်အသင်းကို အနိုင်ရရှိကာ ဖလားဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ယမန်နှစ်ကလည်း ဂျာမန်စူပါဖလားပြိုင်ပွဲတွင် ဒေါ့မွန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိကာ ရှစ်ကြိမ်မြောက် ဆွတ်ခူးထားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၄* ✪